The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ သောကြာနေ့ (8-11-2013) (၇၆၅၈)

ထူးခြားသည့် ညအပူချိန်များ

လွိုင်လင်	၄	ဒီဂရီစင်တီဂရိတ်
ပူတာအို	၈	ဒီဂရီစင်တီဂရိတ်
ဟားခါး	၈	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၉	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၉	ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သာဂရတိုက်နယ်အတွင်း နေထိုင်ကြသည့် ရေဘေးသင့်ဒေသခံပြည်သူများအား အားပေးအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သာဂရကျေးရွာ သာဂရကျောင်းတိုက်ဓမ္မာရုံ၌ သာဂရတိုက်နယ်အတွင်း နေထိုင်ကြသည့် ရေဘေးသင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးသွားရောက် တွေ့ဆုံအားပေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ သာဂရတိုက်နယ်အတွင်းရှိ ကျေးရွာများဖြစ်ကြသော သာဂရ၊ လေးအိမ်စု၊ မြင်းစု၊ အောင်းကြီး၊ ရွာသစ်၊ ခေါင်ရမ်း၊ ကုလားရွာနှင့် ချစ်ကြည်စုကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူ ၅၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက ရေဘေးသင့်ခံပြည်သူများအား အားပေးအမှာစကားပြောကြားရာတွင် ရေကြီးနစ်မြုပ်မှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား နိုင်ငံတော်က ကူညီပံ့ပိုးပေးမည့် အစီအစဉ်များ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတော် စည်ကားစွာကျင်းပမည်

တောင်ကြီး နိုဝင်ဘာ ၇

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ ပြည်တွင်း ပြည်ပ ဧည့်သည်အများအပြား လာရောက်ဆင်နွှဲကြမည်ဖြစ်ရာ တည်းခိုခန်း၊ ဟိုတယ်များမှာ ကြိုတင်စာရင်းပေးသွင်းထားသူများနှင့် ပြည့်နေပြီး အခန်းများမရနိုင်တော့ကြောင်း ဘုရားဖူးခရီးသွားလုပ်ငန်းများမှ သိရသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် နှစ်စဉ် ကြက်ပျံမကျစည်ကားလေ့ရှိပြီး တည်းခိုခန်း၊ ဟိုတယ်များတွင် လူများပြည့်နေရုံမျှမက ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများ၏အိမ်များ၌ပင် တည်းခိုသူများနှင့် ပြည့်နေလေ့ရှိသည်။ ပွဲတော်ကာလအတွင်း အဆိုပါတည်းခိုခန်း၊ ဟိုတယ်များမှာ မူလဈေးနှုန်းထက် သုံးဆမှ ငါးဆအထိပေးရကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲသို့ ပို့ဆောင်ပေးနေသည့် ခရီးသွားလုပ်ငန်းတစ်ခုက ပြောသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အားသွားရောက်မည့် မန္တလေးမှ ကိုကျော်ကျော်က ဟိုတယ်အခန်းရရန် ကြိုတင်ပြင်ဆင်ရခြင်းကို အခုလိုပြောပြသည်။ "ဒီနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အရမ်းသွားချင်နေတာ၊ အရင်က တောင်ကြီးမီးပုံးပျံပွဲကို မကြုံဖူးသေးဘူးလေ၊ ရောက်ဖူးသူတွေက ပျော်စရာသိပ်ကောင်းတယ်ဆိုတာနဲ့ သွားဖြစ်မှာပါ၊ သူတို့အကြံပေးတာနဲ့ပဲ သွားဖို့တစ်လကျော်လောက်ကတည်းက ဟိုတယ်ကို ကြိုတင်ချိတ်ထားရတယ်၊ အခန်းခကို ကြိုတင်သွင်းထားရတယ်၊ ဒါတောင် အခန်းခက သုံးဆပေးရတာ"ဟု ဆိုသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ ဘုရားဖူးခရီးသွား လုပ်ငန်းများကလည်း ပို့ဆောင်ပေးလျက်ရှိပြီး ဟိုတယ်၊ တည်းခိုခန်းတွင် တည်းခိုနိုင်ရန် စီစဉ်ပေးသည်များရှိသကဲ့သို့ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများတွင် ညအိပ်နိုင်ရန် စီစဉ်ပေးသည်များလည်း ရှိသည်။

"စည်ကားတဲ့ပွဲတော်ဆိုတော့ ထုံးစံအတိုင်း တည်းခိုဖို့နေရာရှားတာတင်မကဘဲ စားဖို့ သောက်ဖို့လည်း အခက်အခဲရှိတယ်၊ စားသောက်ဆိုင်တွေမှာ လူတွေပြည့်နေပြီး နေရာမရတာတွေ၊ နောက်ကျလို့ကုန်သွားတာတွေလည်း ကြုံရတတ်တယ်"ဟု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ယမန်နှစ်က ကျင်းပခဲ့သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတော်ကို တွေ့ရစဉ်။

ကြေးမုံ စာ တ ည်း ရုံး ထ ေ ာ င့် ၈-၁၁-၂၀၁၃၊ သောကြာနေ့

စက်မှုဖွံ့ဖြိုးမှုတိုးတက်မည်

ယနေ့ ကမ္ဘာပေါ်ရှိ သိပ္ပံနှင့်နည်းပညာ နယ်ပယ်အသီးသီးရှိ ဖွံ့ဖြိုးတိုးတက်မှုများမှာ တစ်ချိန်သောအခါက စွန့်ဦးတီထွင်သူများ၏ အကျိုးကျေးဇူးများနှင့် မျက်မှောက်ကာလ တီထွင်သူများ၏ စွမ်းဆောင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှုများ ပေါ်ထွန်းနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းတွင် စွန့်ဦးတီထွင်သူများနှင့် လက်ရှိတီထွင်ဖန်တီးသူတို့အား မြှင့်တင်အားပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါစွန့်ဦးတီထွင်မှုများသည် အသေးစားမှစ၍ အလတ်စား၊ အကြီးစားသို့ပြောင်းကာ တိုးတက်ဖြစ်ထွန်းလာခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီး ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သောအခါတွင် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်များ ရရှိလာခဲ့ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ခိုင်မာလာစေရန်အတွက် နိုင်ငံတော်က လုပ်ငန်းကဏ္ဍအသီးသီးတို့ကို လွတ်လပ်စွာလုပ်ကိုင်ခွင့်များပေးခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ခွင့်ပေးရာတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ရှားမှု၏ ကျောရိုးမဏ္ဍိုင်လည်းဖြစ်၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမျိုးအစားလည်းဖြစ်၊ ဆင်းရဲမှုလျှော့ချရေးအတွက် အဓိကသော့ချက်လည်းဖြစ်သည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးမြှင့်တင် ထူထောင်ခွင့်ပေးလျက်ရှိသည်မှာ လွန်စွာလျော်ကန်သင့်မြတ်လှပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဖော်ဆောင်မှု အချိန်ကာလမှာ မကြာမြင့်သေးသောကြောင့် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အရေအတွက်နည်းပါးပြီး ဈေးကွက်ယှဉ်ပြိုင်မှု အောင်မြင်မှုမများသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တည်ထောင်ပြီးဖြစ်သော နိုင်ငံတစ်ဝန်းမှစက်မှုဇုန်အများစုမှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။ ယင်းလုပ်ငန်းများသည် အစောပိုင်းကာလကတည်းက စက်မှုလုပ်ငန်းဥပဒေအရသာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြောင်းလဲလာသော ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိတော့သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းကို မြန်မာနိုင်ငံမှ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်သူများပါဝင်ညှိနှိုင်းရေးဆွဲပြီး အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

ယင်းနေရာတွင် ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှု၊ အတားအဆီးအဟန့်အတားများကို ဖယ်ရှားပေးနိုင်မှု၊ လူသားစွမ်းရည်အရင်းအမြစ်များရရှိမှု၊ ဖွံ့ဖြိုးမှု၊ ဈေးကွက်ဝင်ဆံ့မှုစသည့် လုပ်ငန်းအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် အစီအမံများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွန့်ဦးတီထွင်မှုနှင့် တီထွင်ဖန်တီးလုပ်ကိုင်ခွင့်ရှိသော အဆိုပါလုပ်ငန်းများ ခြေလှမ်းသွက်သွက်ဖြင့် တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်၏လမ်းညွှန်အကူအညီပေးမှုနှင့်အညီ ဆိုင်ရာပုဂ္ဂိုလ်အားလုံး တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့လက်ရှိတွင် တည်ရှိပြီးစက်မှုဇုန်များမှာ အဆိုပါလုပ်ငန်း၏ အခြေခံတည်ဆောက်မှုများဖြစ်၍ စက်မှုဇုန်များအား ပြုပြင်ပြောင်းလဲ၍ လွယ်ကူသက်သာစွာဖြင့် လုပ်ငန်းများချောမွေ့စွာလုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းအားပေးကူညီကြရမည်ဖြစ်သည်။

သို့မှသာ အသေးစား၊ အလတ်စားလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်သို့ အလျင်အမြန် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

ဥရောပခရီးသွားအဖွဲ့ ရှေးခေတ်မော်တော်ယာဉ်များဖြင့် ပုဂံဒေသသို့လာရောက်လည်ပတ်လျက်ရှိ

ညောင်ဦး နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲမြို့ရှိ Destination Unlimited ခရီးသွားကုမ္ပဏီနှင့် Essence of Myanmar(Inspiration Myanmar) ခရီးသွားကုမ္ပဏီတို့၏ စီစဉ်မှုဖြင့် ဥရောပခရီးသွားအဖွဲ့သည် ၁၉၃၀-၁၉၇၁ ခုနှစ်ကာလအတွင်းရှိ ရှေးခေတ်မော်တော်ယာဉ်များဖြင့် ပုဂံဒေသသို့ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ထိုအဖွဲ့တွင် ဗြိတိန်၊ ဘယ်လ်ဂျီယမ်၊ ပြင်သစ်၊ ရုရှား၊ ဆွစ်ဇာလန်နိုင်ငံများမှ နိုင်ငံသားစုစုပေါင်း ၂၄ ဦးပါဝင်၍ ရှေးခေတ်မော်တော်ယာဉ် ကိုးစီးဖြင့် လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်ကိုးစီးအနက် တစ်စီးမှာ ကလောမြို့အရောက်တွင် စက်ချွတ်ယွင်းမှုကြောင့် မန္တလေးမြို့သို့ ပို့ဆောင်ပြင်ဆင်လျက်ရှိကြောင်း၊ အဆိုပါ အဖွဲ့သည် ရှေးခေတ်မော်တော်ယာဉ်များကို ဥရောပမှရန်ကုန်မြို့သို့ သင်္ဘောဖြင့် သယ်ဆောင်လာပြီး အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ရန်ကုန်-ဖျာပုံ-ဘိုကလေး-ဖျာပုံ-ကျိုက်လတ်-မအူပင်-ရန်ကုန်မြို့များသို့လည်ပတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက် အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်-ပဲခူး-တောင်ငူ-နေပြည်တော်-ပင်းတယ-အင်းလေး-ကလော-ပုပ္ပားမြို့များမှတစ်ဆင့် နိုဝင်ဘာ ၄ ရက်တွင် ပုဂံဒေသသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံဒေသတွင် သုံးညအိပ်ခရီးလည်ပတ်၍ နိုဝင်ဘာ ၇ ရက်တွင် မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မကွေး၊ ပြည်နှင့် ရန်ကုန်မြို့များသို့ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရွှေဈေး၊ ဓာတ်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန် ရွှေဈေး	၆၈၅၇၀၀ -၆၈၆၇၀၀
မန္တလေးရွှေဈေး	၆၈၅၄၀၀ -၆၈၆၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၃. ၁
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၁. ၉၂
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၅၄
(င)	ထိုင်း	တစ်ဘတ်	= ၃၁. ၀၉၄
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၄၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၉၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၈၄. ၆၅
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၆၇၇
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၂၀. ၈၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



❖ **ရွှေဖိုးမှ**

လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေဘေးသင့်ဒေသများမှ ပြည်သူများအနေဖြင့် ကောင်းမွန်ပြည့်စုံအထွက်တိုးစေမည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ကူညီပေးရေးဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရန် မျိုးစေ့များ၊ ဆန်၊ ဆီ၊ အဝတ်အထည်များကို ပေးအပ်ထောက်ပံ့ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်နိုင်စေရန်အတွက် မျိုးစေ့များနှင့် လှူဒါန်းအသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပဲခူးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပဲခူးမြို့ ရွှေဝါထွန်း ဟိုတယ်၌ ပဲခူးမြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လမ်းညွှန်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူဗဟိုပြုမူဝါဒအရ မြို့နယ်များတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ရွေးချယ်ထားသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများနှင့် စည်ပင်သာယာရေးကော်မတီများ ပူးပေါင်းပြီး မြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားခဲ့သည်။

ထို့နောက် သနပ်ပင်၊ ဒိုက်ဦးနှင့် ကဝမြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင်(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး တက်ရောက်ရန် မန္တလေးမြို့သို့ ရောက်ရှိနေသည့် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ ရန်အောင်မြင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် တပ်မတော်အရာရှိကြီးများ၊ မလေးရှားတပ်မတော်မှ တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ကြည်း) Major General Dato Azizan Bin Md Delin၊ မလေးရှားတပ်မတော်မှအရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel Ganseng Lock တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြီးမှူး၍ လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း လက်တွေ့အကောင်အထည်ဖော်ရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လူထုဗဟိုပြုဖွံ့ဖြိုးရေး စီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ခဲ့သည့် ယခင်စီမံကိန်းများကဲ့သို့ နိုင်ငံတော်အစိုးရမှ ဦးဆောင်အကောင်အထည်ဖော်ပေးသည့် စီမံကိန်းမျိုးမဟုတ်ဘဲ ကျေးလက်လူထုများကိုယ်တိုင် မိမိတို့ဒေသ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေးပြီး စုပေါင်းဆောင်ရွက်တတ်သည့် စွမ်းဆောင်ရည်မျိုးရရှိစေရန် ရည်ရွယ်ဖော်ဆောင်သည့် စီမံကိန်းအမျိုးအစား ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူကို ဗဟိုပြု၍ဆောင်ရွက်သည့် ယခုစီမံကိန်းသည် ဝန်ကြီးဌာနအတွက်သာမက နိုင်ငံမှာရှိသည့် လူဦးရေ ၇၀ ရာခိုင်နှုန်း၏ဖွံ့ဖြိုးရေးအတွက် အရေးအပါဆုံး စီမံကိန်းဖြစ်လာမည့် ရှေ့ပြေးစီမံကိန်းတစ်ရပ်ဖြစ်သောကြောင့် ဤစီမံကိန်းအောင်မြင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ကြိုးစားလုပ်ဆောင်ပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များမှာ တက်တက်ကြွကြွ ဆောင်ရွက်ကြရန်မှာကြားပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ စီမံကိန်းပထမနှစ်တွင် အကောင်အထည်ဖော်မည့် နမ့်ဆန်၊ ကန်ပက်လက်နှင့် ကွန်းစုမြို့နယ်တို့ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်နည်းပညာအကြံပေးအဖွဲ့မှ ဝန်ထမ်းများ စုစုပေါင်းသင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်ကိုးဦးက နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ စီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ပို့ချပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်တွင် ရန်ကုန်မြို့၌ ကျင်းပရာ မြန်မာဘက်မှ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Pong sak Ruktapongpisal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံထိုင်းကုမ္ပဏီတို့အကြား ချုပ်ဆိုထားသည့် မူဘောင်သဘောတူညီချက်ဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးလုပ်ငန်းစဉ်များတွင် ပါဝင်မည့် လုပ်ငန်းစဉ်များဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုညှိနှိုင်းဆွေးနွေးပွဲသို့ မြန်မာဘက်မှ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ငွေကြေးနှင့် ရန်ပုံငွေရှာဖွေထူထောင်ရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့လည်း တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်အထိ နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ **တောင်ကြီးမှ**

တောင်ကြီးမြို့ခံတစ်ဦးက ပြောသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် မီးပုံးပျံများလွှတ်တင်ခြင်းဖြင့် ကမ္ဘာသိနာမည်ကျော်ကြားပြီး ပြည်တွင်းပြည်ပခရီးသွားများဖြင့် နှစ်စဉ်စည်ကားလျက်ရှိရာ ယခုနှစ်တွင်လည်း နိုဝင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ နေ့လွှတ်မီးပုံးပျံ၊ ညလွှတ်မီးပုံးပျံပြိုင်ပွဲများကို နေ့စဉ်ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်တွင် မြို့လုံးကျွတ်ကထိန်ပွဲ ကျင်းပခြင်းနှင့် နိုဝင်ဘာ ၁၇ ရက်တွင် မီးပဒေသာပူဇော်ပွဲကျင်းပခြင်းများပြုလုပ်မည်ဖြစ်သည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီက ဓာတ်ပုံပြိုင်ပွဲကိုလည်း ထည့်သွင်းထားရာ ဓာတ်ပုံဆရာများက တကူးတက လာရောက်မှတ်တမ်းတင်ကြပြီး ပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၀၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၁၁-၂၀၁၃ (သောကြာနေ့)

၅း၄၀	"အထုပ်ကိုယ်စီထုပ်ကြမယ်" တရားတော် (ခရမ်းဝဆရာတော် ဘဒ္ဒန္တဓမ္မရာဇာ)
၈း၀၀	Cartoon Series (Knock, Knock, English Playground)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော် ချစ်သူလေး" (အပိုင်း-၁)
၅း၁၀	Minute to Win It

နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ဆန့်ကျင်ဆန္ဒပြမှုများ အဆုံးသတ်ရန် အတိုက်အခံများအား ထိုင်းဝန်ကြီးချုပ်တောင်းပန်

ဗန်ကောက် နိုဝင်ဘာ ၇

နိုင်ငံရေးအရ လွတ်ငြိမ်းချမ်းသာခွင့်ပြုမည့်ဥပဒေ အတည်ပြုမှုအတွက် လမ်းမများပေါ် တက်ကာ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများ အဆုံးသတ်ရန် ပြည်တွင်းနိုင်ငံရေးပြဿနာများ ပတ်ချာဝိုင်းလျက်ရှိသော ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်က တိုက်တွန်းတောင်းပန်လိုက်သည်။

ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း ဝန်ကြီးချုပ်က သတိပေးပြောကြားသည်။

နိုင်ငံရေးအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးဥပဒေကြမ်းကို လွန်ခဲ့သည့် သောကြာနေ့တွင် ထိုင်းနိုင်ငံ အောက်လွှတ်တော်က အတည်ပြုခဲ့သည်။

နိုင်ငံရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးဥပဒေကို မြို့တော်ဗန်ကောက်၌ ကန့်ကွက်ဆန္ဒပြကြစဉ်။

ပြည်ပြေးဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ် ပြည်တော်ပြန်ရေးအတွက် ခွင့်ပြုနိုင်မည့် ယင်းဥပဒေအတည်ပြုမှုကို ကန့်ကွက်နိုင်ရန် ဗန်ကောက်မြို့၏လမ်းများပေါ်၌ ဆန့်ကျင်ဆန္ဒပြမှုများ အဆက်မပြတ် ဖြစ်ပွားလျက်ရှိသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ညီမအငယ်ဆုံးဖြစ်သူ ယင်လပ်က ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ၎င်းအနေဖြင့် ဆန့်ကျင် ဆန္ဒပြမှုများ အဆုံးသတ်ရန် အလိုရှိကြောင်း၊၎င်း၏အစိုးရအဖွဲ့သည် တရားဝင် ရွေးကောက်တင်မြှောက်ခံထားရသည့် အစိုးရဖြစ်သဖြင့် ပြည်သူ့ဆန္ဒကို အလေးထားကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာ ၇ရက်တွင် ထောင်နှင့်ချီသော ရဲတပ်ဖွဲ့ဝင်များအား မြို့တော်ဗန်ကောက်တွင် ဖြန့်ကြက်ထားခဲ့ပြီး ဆန့်ကျင်ဆန္ဒပြသူများကလည်း အစိုးရအဖွဲ့ရုံးစိုက်ရာ အဆောက်အအုံသို့ ဦးတည်ချီတက်ခဲ့ကြသည်။ **ဘီဘီစီ။**

စနိုဒင်အား တွေ့ဆုံမေးမြန်းခွင့်ရရှိရန် ဂျာမနီအစိုးရအဖွဲ့က လေ့လာလျက်ရှိ

ဘာလင် နိုဝင်ဘာ ၇

အမေရိကန်ပြည်ထောင်စုက ဝရမ်းပြေးအဖြစ် သတ်မှတ်ထားသူ အက်ဒွပ်စနိုဒင်အား ရုရှားနိုင်ငံ၌ တွေ့ဆုံမေးမြန်းနိုင်ရန် ဂျာမနီအစိုးရအဖွဲ့က လိုလားကြောင်း၊ စနိုဒင်အား တွေ့ဆုံမေးမြန်းနိုင်ခြင်း ရှိမရှိ အစိုးရအဖွဲ့က လေ့လာလျက်ရှိကြောင်း ဂျာမန်သတင်းဌာနများက နိုဝင်ဘာ ၇ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ မြို့တော်မော်စကို၌ စနိုဒင်အား တွေ့ဆုံမေးမြန်းနိုင်ဖွယ်ရှိမရှိ အစိုးရအဖွဲ့က လေ့လာသွားရန် လျှို့ဝှက်ထောက်လှမ်းရေးဆိုင်ရာ ပါလီမန်ကော်မတီမှ အမတ်များက တိုက်တွန်းခဲ့ကြသည်။ မော်စကို၌ တွေ့ဆုံမေးမြန်းမှုခံယူခြင်းဖြင့် ၎င်းအတွက် အခက်အခဲများနှင့် တွေ့ကြုံလာရနိုင်ခြင်းမရှိပါက တွေ့ဆုံမေးမြန်းလိုကြောင်း ပါလီမန်ထောက်လှမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌသောမတ်အော်ပါမန်းက ပြောကြားသည်။

စနိုဒင်သည် အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ (အင်န်အက်စ်အေ) ၏ ထောက်လှမ်းရေးလုပ်ငန်းဆိုင်ရာ ကန်ထရိုက်ရရှိခဲ့သူဖြစ်ပြီး အမေရိကန်အစိုးရအဖွဲ့၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခဲ့မှုဖြင့် ၎င်းအား အစိုးရက တရားစွဲဆိုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ စနိုဒင်သည် ယခုအခါ ရုရှားနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့် ရရှိထားသည်။

ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများကို အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီက သိရှိနိုင်ရန် သူလျှိုလုပ်ခဲ့သည့် အရှုပ်တော်ပုံပေါ်ထွက်လာခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာမှုများ ပေါ်ထွက်ခဲ့သည်။ **ပီတီအိုင်။**

အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ထောက်လှမ်းရေးအစီအစဉ်ကို ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ ကန့်ကွက်ဆန္ဒပြခဲ့သည့် မှတ်တမ်းပုံ။

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ လောင်စာချောင်းများဖယ်ရှားရန် ပြင်ဆင်

တိုကျို နိုဝင်ဘာ ၇

ဂျပန်နိုင်ငံ ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ဘေးအန္တရာယ် သင့်နိုင်မည့် လောင်စာချောင်းများကို ဖယ်ထုတ်နိုင်ရန် အင်ဂျင်နီယာများက စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လောင်စာချောင်းများဖယ်ရှားသည့်လုပ်ငန်းသည် အထူးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဘေးအန္တရာယ်ကြီးမားကြောင်း နိုဝင်ဘာ ၇ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆူနာမီရေလှိုင်းဒဏ်နှင့် မြေငလျင်ဒဏ်များကြောင့် ပြိုကွဲသွားခဲ့သော ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုအဆောက်အအုံ တစ်လုံးအတွင်းမှ နျူကလီးယားလောင်စာချောင်း ၁၀၀၀ကျော်အား ပထမဆုံးဖယ်ရှားပစ်ရန် အင်ဂျင်နီယာများက ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

နျူကလီးယားလောင်စာချောင်းများကို ဘေးလွတ်ရာသို့ဖယ်ရှားမှု အစီအစဉ်သည် အဆိုပါနျူကလီးယား ဓာတ်ပေါင်းဖိုတည်ဆောက်ပြီးစီးခဲ့ချိန်နောက်ပိုင်း အန္တရာယ်အများဆုံး ခြေလှမ်းတစ်ရပ်ဖြစ်ပြီး မဖြစ်မနေ လုပ်ဆောင်ရမည့် လုပ်ငန်းလည်းဖြစ်သည်။

၂၀၁၁ခုနှစ်အတွင်း ဂျပန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သောမြေငလျင်နှင့် ဆူနာမီလှိုင်းများဒဏ်ကြောင့် ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည့် ဖူကူရှီးမား နျူဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုအမှတ်(၄)အဆောက်အအုံအတွင်း ယင်းလောင်စာ ချောင်းများရှိနေသည်။ **ဘီဘီစီ။**

အခြေစိုက်နေထိုင်သူများအတွက် နေအိမ်များတည်ဆောက်ရန် အစ္စရေးအစိုးရ၏ ဆုံးဖြတ်ချက် အီးယူတုံ့ပြန်

ဘရပ်ဆယ် နိုဝင်ဘာ ၇

အသိမ်းပိုက်ခံ အရှေ့ဂျေရုဆလင်နှင့် အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသတို့၌ အခြေစိုက်နေထိုင်ကြမည့်သူများအတွက် အိုးအိမ်များတည်ဆောက်ရန် အစ္စရေးအစိုးရက ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ မိမိတို့ဝမ်းနည်းမိကြောင်း ဥရောပသမဂ္ဂ(အီးယူ)က နိုဝင်ဘာ ၇ရက်တွင် ပြောကြားလိုက်သည်။

ရဟူဒီအခြေစိုက်နေထိုင်သူများအတွက် နေအိမ် ၁၈၅၉လုံးခန့် တည်ဆောက်မည်ဟု အစ္စရေးအစိုးရက နိုဝင်ဘာ ၃ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အစ္စရေးအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် ပါလက်စတိုင်းနှင့်ပြုလုပ်နေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထိခိုက်စေနိုင်သဖြင့် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်ပယ်ဖျက်ပေးသင့်ကြောင်း အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ပြောကြားသည်။

ရဟူဒီအခြေစိုက် နေထိုင်သူများအတွက် အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းဒေသတို့၌ နေအိမ်သစ်များ တည်ဆောက်ခြင်းသည် နိုင်ငံတကာဥပဒေအရ တရားဝင်ခြင်းမရှိကြောင်း၊ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်တိုးတက်စေရန် အစ္စရေးအစိုးရက ရဲရင့်ပြတ်သားသောဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုအပ်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။ **ပီတီအိုင်။**

[illegible]

ရွှေဒေါင်းမင်း

ရွှေဒေါင်းမင်း ရွှေဒေါင်း

[illegible]

(LL-8)

Ph-01-517418 , 09 73142062, 09 420299712

[illegible]

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော လုံးချင်းတိုက်/တိုက်ခန်း/လူနေဆိုင်ခန်း Shop House ဝယ်ယူခွင့်ရရှိသူများမှ ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချထားခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ လုံးချင်းတိုက်၊ တိုက်ခန်း၊ လူနေဆိုင်ခန်း Shop House များကို ဝယ်ယူထားသူအချို့သည် ငွေပေးသွင်းရမည့် သတ်မှတ်ကာလထက် များစွာကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

- (က) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ
- (ခ) သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ
- (ဂ) သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ
- (ဃ) လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းအိမ်ရာ
- (င) ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ
- (စ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ ကြို့ကုန်းအိမ်ရာ
- (ဆ) ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ကျွဲဆိတံအိမ်ရာ
- (ဇ) ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံတောင်တိုးချဲ့၊ အကြီးစားစက်မှုဇုန်၊ ဂရုဏာလမ်းဘေးရှိ Shop House
- (ဈ) ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ Rose Park(3)(4)၊ ရွှေပင်လုံအိမ်ရာ
- (ည) ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ

၂။ သို့ဖြစ်ပါ၍ အထက်ပါအိမ်ရာစီမံကိန်းများရှိ တိုက်ခန်းတန်ဖိုးငွေ အကျေပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့ နောက်ဆုံးထား၍ တိုက်ခန်းတန်ဖိုးငွေ အကျေပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးငွေများကို ဌာနမှပြန်လည် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ဩစတြေးလျဓနသဟာယနိုင်ငံဘုရင်ခံချုပ်နှင့်ခင်ပွန်း ဦးဆောင်သောအဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာမိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတားသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၁) မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြရာ ကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ကြိုဆိုကြသည်။

ထို့နောက် စာသင်ဆောင်၌ မူလတန်းလွန်ကျောင်းမှ ကျောင်းသား မောင်စိုင်းနောင်လင်းက ဩစတြေးလျဘုရင်ခံချုပ်အား အင်္ဂလိပ်ဘာသာဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ဩစတြေးလျဘုရင်ခံချုပ်က ကျောင်းသား ကျောင်းသူလေးများ၏ ပညာရည်တိုးတက်မှုအခြေအနေကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်နှင့်အဖွဲ့အား မူလတန်းကျောင်းသား ကျောင်းသူလေးများက မိတ္ထီလာကန်ဝယ်သီချင်းနှင့် မျောက်ညိုလေးကဗျာတို့ကို ရွတ်ဖတ်သီဆိုပြကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဘုရင်ခံချုပ်က ကလေးငယ်များအား ပုံပြင်တစ်ပုဒ်ကို ရုပ်ပုံများနှင့်တကွ ရှင်းလင်းပြောပြပြီး ပုံပြင်စာအုပ်များကို လက်ဆောင်အဖြစ် ပေးအပ်ကာ ကလေးငယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အောင်ဇမ္ဗူကျောင်းဆောင်သို့ ရောက်ရှိရာ ကျောင်းသားကျောင်းသူငယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ကြိုဆိုကြပြီး ဩစတြေးလျဘုရင်ခံချုပ်သည် ပထမတန်း စာသင်ခန်းအတွင်း ကြည့်ရှုလေ့လာကာ ကျောင်းသား ကျောင်းသူငယ်လေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဘုရင်ခံချုပ်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျောင်းကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဩစတြေးလျဘုရင်ခံချုပ်နှင့်ခင်ပွန်းတို့ ဦးဆောင်သောအဖွဲ့သည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံနှင့်အဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၇

ဩစတြေးလျဓနသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံ မစ္စ မာရီယာဘာရှားနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ထိခိုက်ဒဏ်ရာကုသဌာနရှိ ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)**

ဆက်လက်၍ ဘုရင်ခံနှင့်အဖွဲ့သည် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့ (Marie Stopes International Myanmar) သို့ ရောက်ရှိကြရာ အဆိုပါလူမှုရေးအဖွဲ့မှ Country Director ဒေါက်တာစစ်နိုင်က မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

Marie Stopes International Myanmar သည် ဩစတြေးလျနိုင်ငံ၏ ကူညီမှုဖြင့် ဆောင်ရွက်နေသော မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံတွင် ၁၉၉၈ မှ စတင်တည်ထောင်ခဲ့ကာ တစ်နိုင်ငံလုံး၌ စင်တာပေါင်း ၂၅ ခုရှိပြီး ရန်ကုန်မြို့တစ်မြို့တည်းတွင် စင်တာပေါင်း လေးခုရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးတက္ကသိုလ်၌ သုံးထပ်စာသင်ဆောင်သုံးဆောင် ထပ်မံတည်ဆောက်

မကွေး နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မကွေးတက္ကသိုလ်တွင် RC သုံးထပ်စာသင်ဆောင်သုံးလုံးကို High Tech ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၇၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါစာသင်ဆောင်များမှာ အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေရှိကြောင်း၊ တစ်ထပ်လျှင် စာသင်ခန်းခြောက်ခန်းပါရှိပြီး စာသင်ဆောင် သုံးဆောင်တွင် စာသင်ခန်းပေါင်း ၅၄ ခန်းပါရှိကြောင်း၊ ဩဂုတ်လ ၆ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ကြောင်းနှင့် မကွေးတက္ကသိုလ်အတွင်း အားကစားရုံနှင့်သိပ္ပံစာသင်ဆောင်များပါ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

(တင်ထွန်းဦး)

အနာဂတ်အနှစ်သာရအတွက် အသွင်ကူးပြောင်းမှု အင်အားတစ်ရပ်လိုအပ်နေသည့် ရေကြောင်းကုန်စည်ပို့ဆောင်ရေး

မောင်ရေကြောင်း

ပို့ဆောင်ရေးနယ်ပယ်ကဏ္ဍအသီးသီးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို တစုတစည်းတည်း သယ်ယူပို့ဆောင်ပေးနိုင်ခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်မှုကဏ္ဍတွင် "ကုန်သွယ်ရေကြောင်းပို့ဆောင်ရေး"သည် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေပေသည်။ မြစ်တွင်းကမ်းရိုးတန်းမှသည် သမုဒ္ဒရာကြီးများကိုဖြတ်ကျော်ပြီး ကမ္ဘာ့တိုက်ကြီးများ၏ စီးပွားရေးကို ထိရောက်စွာပံ့ပိုးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ မြစ်ကြီးများနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် ခရီးသည်နှင့် ကုန်စည်များကိုနိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပို့ဆောင်ပေးနေသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန ဖြစ်သည်။ ယခင်က မြစ်ဝကျွန်းပေါ်ဒေသကြီးမှ ဆန်စပါးများအား ရေယာဉ်/တွဲယာဉ်ကြီးငယ်တို့ဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ ဧရာဝတီ၊ ချင်းတွင်းမြစ်များတစ်လျှောက် ဒေသထွက်ကုန်နှင့် ဒေသလိုအပ်ချက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများအား ရန်ကုန်သို့တိုင် ထက်/အောက် စုန်/ဆန် သယ်ယူပို့ဆောင်ပေးခဲ့သည်။ နိုင်ငံနှင့်အဝှမ်း ကုန်စည်သယ်ဆောင်သည့်ပမာဏ တိုးတက်မြင့်မားလာသည်နှင့်အမျှ ကုန်သီးသန့်သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် "ကုန်စည်ပို့ဆောင်ရေးဌာန"အဖြစ် သီးခြားဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုစဉ်က စျေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်သည့် အစအဦးကာလဖြစ်သည့်အားလျော်စွာ ဌာနရှိ ရေယာဉ်/တွဲယာဉ်ပေါင်း ၂၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးခဲ့သည်။ ယင်းကာလမှစ၍ ပုဂ္ဂလိကရေကြောင်းကုန်စည် သယ်ပို့သည့်လုပ်ငန်းများ ပိုမိုတိုးတက်များပြားလာခဲ့သည်။ ပုဂ္ဂလိကမှ အပြိုင်အဆိုင်ပေါ်ပေါက်လာသော လုပ်ငန်းများကြောင့် ဌာန၏ ရေယာဉ်/တွဲယာဉ်များဖြင့်တွင်ကျယ်စွာ လုပ်ဆောင်နိုင်မှု မရှိတော့သည်အထိ ကျယ်ပြန့်လာခဲ့သည်။ ထိုသို့သောဝန်ဆောင်မှုများအပြင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ ဒေသအချို့ရေဘေးနှင့် ကြုံတွေ့သည့်အခါများတွင် ကုန်စည်ပို့ဆောင်ရေးမှ ရေယာဉ်/တွဲယာဉ်များဖြင့် ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ပေးခြင်းများဆောင်ရွက်ခဲ့သည်ကို တွေ့ခဲ့ရသည်။

၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ရသည့် နာဂစ်မုန်တိုင်းကြီးကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အန္တရာယ်ကြုံတွေ့ရသူများကို သယ်ယူပို့ဆောင်ရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းသင့်ဒေသကြီးများ ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ယာဉ်ယန္တရားကြီးများ၊ တည်ဆောက်ရေးပစ္စည်းများအား အဓိကသယ်ယူပို့ဆောင်ပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

၂၀၁၀ ခုနှစ်မှစတင်ကာ အစိုးရသစ်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ခွင့်ရလာသည်တွင် ပုဂ္ဂလိကပိုင်ရေယာဉ်/တွဲယာဉ်ကြီးများ ဆောက်လုပ်လာကြသည်။ ရေကြောင်းကုန်စည်ပို့ဆောင်ရေး ပိုမိုမြင့်မားကျယ်ပြန့်လာသည်နှင့်အညီ တန်ချိန်များစွာ တင်ဆောင်နိုင်သည့် ကုန်တင်ရေယာဉ်ကြီးများ ပိုမိုတည်ဆောက်လာကြသည်။

တန် ၁၀၀၀ နှင့်အထက် ကုန်တင်တွဲယာဉ်/ရေယာဉ်ကြီးများတည်ဆောက်၍ ဆောက်လုပ်ရေးကုန်ပစ္စည်းများ၊ လောင်စာဆီ၊ သယ်ယူပို့ဆောင်မှုအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာခဲ့သည်။ လက်ရှိအခြေအနေတွင် ကုန်စည်ပို့ဆောင်ရေးဌာနတွင် ကုန်တန်ချိန်များစွာ တင်ဆောင်နိုင်သည့် တွဲများအနေဖြင့် ကုန်တန် ၁၀၀၀ တင်ဆောင်နိုင်သည့် တွဲယာဉ်နှစ်စီးနှင့် တန် ၁၅၀၀ တင်ဆောင်နိုင်သည့် တွဲယာဉ်တစ်စီးသာရှိနေချိန်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၌ တန် ၈၀၀ မှ တန် ၁၀၀၀ အထိ တင်ဆောင်နိုင်သည့် တွဲယာဉ်အစီးရေ ၁၀၀ ခန့်၊ ကုန်တန် ၁၀၀၀ နှင့်အထက် တင်ဆောင်နိုင်သည့် တွဲယာဉ်စီးရေ ၁၅၀ ခန့်အထိ တိုးတက်ကျယ်ပြန့်လာခဲ့သည်ကို စာရင်းဇယားအရ သိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ကာ Corporation အသွင်ဖြင့် ရှေးဦးပြင်ဆင်ပြောင်းလဲမှုများ စတင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ဘဏ္ဍာငွေပြင်ပတွင် ရပ်တည်ကာ ပုဂ္ဂလိကအခန်းကဏ္ဍအသွင်သို့ စတင်ကူးပြောင်းနိုင်ရေး ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ ပြောင်းလဲလာသည့် စီးပွားရေးစနစ်အရ ပုဂ္ဂလိကနှင့် ယှဉ်ပြိုင်ရပ်တည်ရမည်ဖြစ်ရာ ဌာန၏ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၏ အသွင်သဏ္ဌာန်နှင့် စွမ်းဆောင်နိုင်မှုအင်အားများ ပြောင်းလဲတိုးချဲ့ရမည့်အခြေအနေကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်သည်။

ဝန်ထမ်းများ၏ အရပ်ရပ်သောစရိတ်များအပြင်၊ စက်သုံးဆီစရိတ်နှင့် ရေယာဉ်ပြုပြင်တည်ဆောက်ခြင်းစရိတ်ကုန်ကျမှုများအတွက်သာမက အကျိုးအမြတ်ဖြစ်ထွန်းရန်မှာ ဒေသအလိုက် ရာသီမရွေး သွားလာသယ်ယူပို့ဆောင်နိုင်မည့် ရေယာဉ်သစ်များဖြင့် ထပ်မံဖြည့်ဆည်းရဦးမည်ဖြစ်သည်။ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်နိုင်သည့်အနေအထား၊ နိုင်ငံတော်အား ဝန်ထုပ်ဝန်ပိုးမဖြစ်စေရမည့်အနေအထားမှသည် နိုင်ငံသားများ၊ ဝန်ထမ်းများကိုပါ အစုရှယ်ယာများရောင်းချ၍ အများပိုင်အစိုးရအဖွဲ့အစည်းအသွင် ရောက်သည်အထိ ကြိုးစားဆောင်ရွက်သွားရမည့်တာဝန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှုမြင်နိုင်မည်ဖြစ်သည်။

အသွင်ကူးပြောင်းရေး ထူထောင်ရပ်တည်ရာတွင် ကျွမ်းကျင်သည့်ဝန်ထမ်းများဖြင့် ကျစ်လျစ်စွာ စုဖွဲ့ရမည်ဖြစ်သလို ဝန်ဆောင်မှုအလေးပေးရမည့် ရေယာဉ်၊ တွဲယာဉ်များသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအသွင်ကဲ့သို့ ပြောင်းလဲထူထောင်ရာတွင် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့်အပြိုင် သယ်ယူပို့ဆောင်နိုင်ရမည်ဖြစ်ရာ ခေတ်နှင့် ဆီလျော်မှုမရှိတော့သော ရေယာဉ်ဟောင်းများနေရာတွင် ဒေသအလိုက် ရာသီမရွေး သယ်ယူပို့ဆောင်ပေးနိုင်သည့် ရေယာဉ်သစ်စုဖွဲ့မှုနှင့် ခေတ်စနစ်နှင့်အညီ ကွန်တိန်နာ သယ်ယူပို့ဆောင်နိုင်သည့် ရေယာဉ်/တွဲယာဉ်များအထိ မြှင့်တင်တည်ဆောက်သွားရန် မရှိမဖြစ် လိုအပ်နေပြီဖြစ်ကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဆက်သွယ်ရေးနည်းဥပဒေ(၅)မျိုးအတွက် ပြည်သူလူထုထံမှ အကြံပြုဆွေးနွေးချက်များဖိတ်ခေါ်

အောက်တိုဘာ ၈ ရက်က ဆက်သွယ်ရေးဥပဒေ ၂၀၁၃ ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ရာ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာနည်းဥပဒေမူကြမ်းများကို သိရှိနိုင်စေရန်နှင့် အကြံပြုဆွေးနွေးနိုင်ရန်အတွက် http://www.mcit.gov.mm ဝက်ဘ်ဆိုက်လိပ်စာ၌ ရယူကြည့်ရှုနိုင်သည်။

အကြံပြုဆွေးနွေးချက်များကို ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့်ဖြစ်စေ thanhtunaung@mptngw.net.mm ;myanptdpubcon@gmail.com အီးမေးလ်ဖြင့်ဖြစ်စေပေးပို့နိုင်ကြသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး စုံစမ်းမှုများပြုလုပ်လိုပါက ဖုန်း-၀၆၇-၄၀၇၄၃၅ နှင့် ၀၆၇-၄၀၇၂၃၀ သို့မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပျက်စီးဆုံးရှုံးမှုများအား အမြန်ဆုံးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်း၌ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အခြေခံမူလတန်းကျောင်းခန်းမ၌ နိုဝင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်း၍ ပေါင်းလောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာများနှင့် ဇီးဖြူပင်ကျေးရွာတို့မှ ကျေးရွာနေပြည်သူများအား သွားရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့တွေ့ဆုံရာတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးတို့က နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အတွင်း ကျေးရွာများသို့ ရေဝင်ရောက်၍ ရေနစ်မြုပ်မှုနှင့် ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ပေးမှုများ၊ ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးဆောင်ရွက်ပေးမှုများ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ထောက်ပံ့ပေးခဲ့မှုအခြေအနေများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေနစ်မြုပ်ခဲ့သည့် ကူးတို့ဆိပ်ကျေးရွာ၊ ဝဲကြီးကျေးရွာ၊ ဇီးရိုင်းကျေးရွာ၊ အင်းသာကျေးရွာနှင့် ဇီးဖြူပင်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးသီးနှံပျက်စီးဆုံးရှုံးမှုနှင့် သီးနှံပြန်လည်စိုက်ပျိုးရန် အခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် ကျေးရွာနေပြည်သူများအား နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှု၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ကြိုးစားဆောင်ရွက်မှု၊ ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ရေဘေးကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့တင်ပြသည့် ပျက်စီးဆုံးရှုံးမှုများနှင့် တင်ပြချက်များအား အမြန်ဆုံးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများ၏ အခက်အခဲများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များမှ စနစ်တကျညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီး ဒေသအကျိုး၊ ပြည်သူလူထုအကျိုးအတွက် ပြည်သူလူထု၏ အခက်အခဲများကို တင်ပြဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးသီးနှံရေနစ်မြုပ်ပျက်စီးဆုံးရှုံးမှုအတွက် သီးနှံအစားထိုးပြန်လည်စိုက်ပျိုးရေး၊ စာသင်ကျောင်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဌာနနှင့် ဌာနခွဲများဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နောင်ရေနစ်မြုပ်မှုအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများအား အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပျဉ်းမနားမြို့နယ်အတွင်း အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ မိုးဆက်တိုက်ရွာသွန်း၍ ပေါင်းလောင်းမြစ်ရေမြင့်တက်မှုကြောင့် ကူးတို့ဆိပ်ကျေးရွာအုပ်စုရှိ အင်းသာ၊ ကြို့တန်း၊ သာယာစုနှင့် ဇီးဖြူပင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၃၉၉ စုမှ ကျေးရွာသူ ကျေးရွာသား ၁၅၉၉ ဦးတို့အား နေပြည်တော်ကောင်စီ အစီအစဉ်ဖြင့် တောင်ဇလုပ်ဘုန်းတော်ကြီးကျောင်း၊ ဇီးရိုင်းဘုန်းတော်ကြီးကျောင်းနှင့် ကြို့တန်းဘုန်းတော်ကြီးကျောင်းများသို့ ယာယီရွှေ့ပြောင်းပေးခဲ့ပြီး စားသောက်ဖွယ်ရာများအား ချက်ပြုတ်ကျွေးမွေး၍ လိုအပ်သောထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် စိုက်ပျိုးရေး၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့်ပျက်စီးခဲ့သောလယ်မြေ ၇၄၃ ဧကအတွက် အခြားသီးနှံပြန်လည်စိုက်ပျိုးရန် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်းအချောထည်များ ထုတ်လုပ်ရောင်းချရေး ဆွေးနွေး

မန္တလေး နိုဝင်ဘာ ၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ယိုင်ဝမ်)မှ စက်ရုံအလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းရှင် ၆၀ တို့သည် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ အလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်နိုင်ငံ (ယိုင်ဝမ်)စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလေ့လာရေးအဖွဲ့ခေါင်းဆောင်က လိုက်ပါလာသော စီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ အီလက်ထရွန်နစ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ပရိဘောဂများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်စိမ်းအချောထည်များ ထုတ်လုပ်ရောင်းချရေးကိစ္စများ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် တရုတ်(ယိုင်ဝမ်)စီးပွားရေးဆက်ဆံရေးဌာန ဖွင့်လှစ်ထားပြီး စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် IT နည်းပညာနှင့် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းကိရိယာ တင်ပို့ရောင်းချခြင်း၊ ကျောက်စိမ်း အချောထည်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက တင်သွင်းသော **မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်

ဒုတိယဝန်ကြီး ဦးအုန်းသန်း
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ရှင်းလင်းတင်ပြခဲ့သည်။

ပူးပေါင်းကော်မတီ၏အစီရင်ခံစာအရ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်(၃)ချက်ရှိပြီး လေ့လာစိစစ်တွေ့ရှိချက်များအရ ပုဒ်မ ၂ ကိုပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုရန်နှင့် ပုဒ်မ ၅(က)နှင့်ပုဒ်မ ၂၃ တို့ကို ဖြည့်စွက်ပြင်ဆင်၍ အတည်ပြုရန် အစီရင်ခံတင်ပြထားကြောင်း၊ ယင်းဥပဒေကြမ်းတွင် အခန်း(၁၈)ခန်းနှင့် ပုဒ်မပေါင်း(၉၆)ခု ပါရှိကြောင်း သိရသည်။

အလားတူ **ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏အစည်းအဝေး(၃/၂၀၁၃) ဆုံးဖြတ်ချက်များ**နှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ရီက ဖတ်ကြားတင်ပြပြီး လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ သတင်းထုတ်ပြန်ချက်(၁/၂၀၁၃)ဖြင့် ထုတ်ပြန်ခဲ့သော အကြံပြုချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ ပေးပို့ရန်သတ်မှတ်ချက်(အစား) ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီပေးပို့ရန်၊ ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၃)အရ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်(အစား) ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၁ ရက် မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဝင် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း(အစား) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်အား အစားထိုးပြောင်းလဲတာဝန်ပေးအပ်ရန်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဝင်းမောင်(အစား) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင်အား အစားထိုးပြောင်းလဲတာဝန်ပေးအပ်ရန်တို့ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့်ပေးပို့ထားသော **အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း သက်သာသော ချေးငွေ အမေရိကန်ဒေါ်လာသန်း(၆၀)ချေးယူပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ချေးငွေရယူမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က သဘောတူသင့်ပါကြောင်းဖြင့် ထောက်ခံတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က ထောက်ခံဆွေးနွေးကြပြီး အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က မသေချာသည့် ကိစ္စကို မလုပ်စေချင်သည့်အတွက် ကန့်ကွက်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမေရိကန်ဒေါ်လာသန်း (၆၀) ချေးယူမည့် ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကမူအားဖြင့် သဘောတူသော်လည်း ဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့အနည်းဆုံး(၄)လလျှင်တစ်ကြိမ်တင်ပြအတည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါက်တာ မြင့်ကြည်

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်

ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်း

ပြုချက်ရယူသွားရန် ဆုံးဖြတ်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက နှစ်ရှည်လများအသုံးပြုပြီး ဟောင်းနွမ်းနေသော လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများကို လဲလှယ်၍ အဆင့်မြှင့်တင်ပေးရန် လိုအပ်နေခြင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မည့် စီမံကိန်းနှင့် အမေရိကန်ဒေါ်လာသန်း(၆၀)ကို အတိုးနှုန်းသက်သာသောချေးငွေဖြင့် ချေးယူ၍ဆောင်ရွက်လိုခြင်းအား အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ(၄၄)ရုံ၊ ဓာတ်အားလိုင်း အရှည်(၃၃၄)ကီလိုမီတာ၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ(၉၃)ရုံ၊ ဓာတ်အားလိုင်း အရှည် (၂၂၈) ကီလိုမီတာ၊ မီတာအရေအတွက် အလုံး(၅၅၀၀၀)၊ မကွေးတိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံ (၃၆)ရုံ၊ ဓာတ်အားလိုင်းအရှည်(၉၁)ကီလိုမီတာ၊ မီတာအရေအတွက်အလုံး(၁၂၀၀)တို့ကို တည်ဆောက်တပ်ဆင်လဲလှယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်မည့်နေရာများအတွင်း ဓာတ်အားဖြန့်ဖြူးရေးစနစ်အပိုင်းတွင် ပျမ်းမျှဓာတ်အားပျောက်ဆုံးမှုမှာ(၁၈)ရာခိုင်နှုန်းခန့်ရှိရာ ယခုတင်ပြသည့် ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်ရေး စီမံကိန်းကို ဆောင်ရွက်ပြီးစီးပါက ဓာတ်အားပျောက်ဆုံးမှုကို(၄)ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဓာတ်အားပျောက်ဆုံးမှု(၁၄)ရာခိုင်နှုန်းခန့်သာရှိမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ခြင်းဖြင့် ပိုမိုလာမည့် လျှပ်စစ်ဓာတ်အားပမာဏကို အခြားလျှပ်စစ်ဓာတ်အားမရရှိသေးသော နေရာများအတွက် သုံးစွဲနိုင်ခြင်း၊ ဓာတ်အားရောင်းရဝင်ငွေတိုးတက်ရရှိနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးစီမံကိန်းအတွက် ADB မှပေးအပ်မည့် ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာသန်း(၆၀)ဖြစ်ပြီး ချေးငွေဆိုင်ရာအချက်အလက်များမှာ ဆိုင်းငံ့ကာလ(၈)နှစ်၊ ပြန်ဆပ်ကာလ (၂၄)နှစ်နှင့် အတိုးနှုန်းကို ဆိုင်းငံ့ကာလအတွင်း(၁)ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလအတွင်း(၁ ဒသမ ၅)ရာခိုင်နှုန်းဖြစ်ကာ ချေးငွေများကို ၂၀၂၂ ခုနှစ်မှစ၍ ၂၀၄၅ ခုနှစ်အထိ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို ချေးငွေ အမေရိကန်ဒေါ်လာသန်း(၆၀)နှင့် နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ကျပ်သန်းပေါင်း (၁၃၄၂၆)ကျခံသုံးစွဲရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က "အာရှဖွံ့ဖြိုးရေးဘဏ်ကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း (၆၀)ချေးယူပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကွန်ရက်တွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ချေးငွေယူသင့်ပေမယ့် လုပ်ငန်းပိုင်းဆိုင်ရာတွေမှာ ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် နိုဝင်ဘာ ၅ ရက်က တင်သွင်းခဲ့သော **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နိုင်ငံတော်၏ အရအသုံးစာရင်းများကိုစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏အစီရင်ခံစာ(၇/၂၀၁၃)**အပေါ် လွှတ်တော်

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးကြပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့ရှိ ပေးသွင်းရန်ကျန်ငွေကျပ်သန်း (၁၁၈၁၅ ဒသမ ၁၁၉) တွင် ပုဂ္ဂလိကများထံမှ ပေးသွင်းရန်ကျန်ရှိသော ကြွေးများကို ရရှိအောင် တောင်းခံပြီး မရပါက ဥပဒေကြောင်းအရ တောင်းခံခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းအချင်းချင်း ကြွေးများကိုရရန်၊ ပေးရန်တိုက်ဆိုင်ညှိနှိုင်း၍ ကိုက်ညီသည့် အကြွေးများကို Paper Transaction နည်းဖြင့် စာရင်းရှင်းလင်းဆောင်ရွက်ခြင်း၊ စာရင်းမှပယ်ဖျက်ရမည့် ကြွေးများကို ကိစ္စရပ် တစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းလျက် စာရင်းမှပယ်ဖျက်နိုင်ရေးကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုကိုတင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုမှတ်တမ်းတင် ဆောင်ရွက်ခဲ့သည်။

ယနေ့ အစည်းအဝေးကို အစီအစဉ်(၁၃)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းကာလ ရန်ကုန်-နေပြည်တော်-ရန်ကုန် ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရန် စီစဉ်ထား

ရန်ကုန် နိုဝင်ဘာ ၇

လာမည့်ဆီးဂိမ်းပွဲတော်ကာလအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန် အဝေးပြေးခရီးသည်လိုင်းများပြေးဆွဲရန် စီစဉ်နေကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က နိုဝင်ဘာ ၆ရက်က ပြောကြားသည်။

အဆိုပါကာလတွင်ခရီးသည်တင်ယာဉ်လိုင်းများနှင့်ပတ်သက်၍ ဆပ်ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆပ်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်ဟု သိရသည်။

"ဆီးဂိမ်းကာလ မော်တော်ယာဉ်တွေ ပြေးဆွဲမှုနဲ့ပတ်သက်ပြီးတော့ မကြာခင်မှာ လက်ကမ်းစာရွက်တွေလည်း ထွက်လာဖို့ ရှိတယ်။ ရန်ကုန်နဲ့ ပတ်သက်ရင်တော့ နှစ်မျိုးဆောင်ရွက်နေတာရှိတယ်" ဟု ၎င်းကရှင်းပြသည်။

ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် နာရီစဉ်အလိုက် အချိန်ဇယားအတိုင်း အဝေးပြေးယာဉ်များ ပြေးဆွဲရန် သက်ဆိုင်ရာ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ယာဉ်လိုင်း အဖွဲ့အစည်းများက ဆွေးနွေးနေကြောင်း အဝေးပြေးယာဉ်လိုင်း ကိုးလိုင်းလောက် အနည်းဆုံးထွက်ခွာရန် သတ်မှတ်ထားပြီး ထွက်ခွာပေးမည့်ယာဉ်လိုင်း၊ ထွက်ခွာမည့် အချိန်အသေးစိတ်အချက်အလက်များကို မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့တွင်လည်း နေရာ ငါးခု၌အားကစားပွဲများကျင်းပရန် လျာထားဆောင်ရွက်နေခြင်းကြောင့် ယင်းနေရာများသို့ ဖြတ်သန်းပြေးဆွဲပေးမည့် ယာဉ်လိုင်းများစာရင်းနှင့် မြို့တွင်း ခရီးစဉ်လမ်းကြောင်း အခြေအနေတို့အပေါ် သုံးသပ်ဆွေးနွေးနေကြောင်း သိရသည်။ **(၆၈၀)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပါတီဝင် ၁၅၁ ဦး နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၆၇၄ ဦး၊ ရခိုင်ပြည်နယ် ဂွမြို့နယ်မှ မြို့မိမြို့ဖ ငါးဦး၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၃၅ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပနေပုံများကို လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးစိုက်ပျိုးရန် ချေးယူထားသည့် စိုက်ပျိုးစရိတ်များကို ဆိုင်းငံ့ပေးနိုင်ရန် အတွက် ဆောင်ရွက်သွားမည်

နေပြည်တော်　နိုဝင်ဘာ　၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်(၅)မြို့နယ်မှ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တောင်ငူခရိုင်အတွင်းရေကြီးနစ်မြုပ်ခဲ့မှု၊ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ထောက်ပံ့ကူညီဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ရေကြီးနစ်မြုပ်မှုကာကွယ်ရေး လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က လယ်ယာမြေများပျက်စီးဆုံးရှုံးခဲ့မှုအား လယ်ယာမြေစစ်တမ်းကောက်ယူနေမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ တစ်နိုင်ငံလုံး၌ လယ်ယာမြေပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဦးဝင်းမြင့်နှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင်

- ရေကြီးနစ်မြုပ်မှုဒဏ်ကိုခံစားခဲ့ရသည့် ပြည်သူများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းအကူအညီပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊
- ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးခေါင်မှုများဖြစ်ပေါ်ခဲ့သကဲ့သို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်များတွင်လည်း မကြာမီလများအတွင်းက ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုဒေသများတွင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ယခုတောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းမြို့နယ်များတွင်လည်း အခါမဟုတ်မိုးကြီးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရသဖြင့် လိုအပ်သည်များကူညီပံ့ပိုးပေးနိုင်ပါရန် မိမိတို့လာရောက်ရခြင်း ဖြစ်ပါကြောင်း၊
- သဘာဝဘေးဒဏ်များကို ဟန့်တားနိုင်ခြင်းမရှိသော်လည်း ထိခိုက်မှုနည်းပါးစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပွားချိန်တွင်ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်ခြင်းနှင့် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ပါကြောင်း၊
- တောင်သူလယ်သမားများအနေဖြင့် ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် စပါးစိုက်ခင်းများကို အမြန်ဆုံးရိတ်သိမ်းရန်၊ လုံးဝပျက်စီးသွားသော စပါးစိုက်ခင်းများအစား ဆောင်းသီးနှံများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လုပ်ဆောင်စေလိုပါကြောင်း၊
- နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆောင်းသီးနှံအတွက် မျိုးကောင်းမျိုးသန့်များထောက်ပံ့ရန်၊ စပါးစိုက်ပျိုးရန်အတွက် ချေးယူထားသည့် စိုက်ပျိုးစရိတ်များကို ဆိုင်းငံ့ပေးနိုင်ရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊
- ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်ရေတားတမံများ၊ ရေတံခါးများနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေသေးပါကြောင်း၊ ထိုလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။
- ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှု၊ နိုင်ငံနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဟူသည့် ဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေမှုအခြေအနေများ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လက်ရှိအချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက်အခြေအနေကောင်းများရရှိထားပြီဖြစ်သောကြောင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။　(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ရေဘေးသင့်မြို့နယ်(၅)မြို့နယ်ရှိ တောင်သူများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် မျိုးစေ့များကို မြို့နယ်အလိုက် တောင်သူများထံ လက်ဝယ်အရောက်ပေးအပ်သည်။

တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်မြို့နယ် (၅) မြို့နယ်မှ တောင်သူများအတွက် ဒေါက်တာကိုကိုကြီးက ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းစဉ်။　(သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အသုံးပြုသည့် အရေးပေါ်သုံးဆေးပစ္စည်းများနှင့် ဘလီးချင်းပေါင်ဒါတစ်ပုံးကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ရေကြီးနစ်မြုပ်သည့် (၅)မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ CB ဘဏ်နှင့်ဒေါက်တာကိုကိုကြီးတို့က ငွေကျပ်သိန်း ၁၀၀၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။　**(သတင်းစဉ်)**

❖ကျောဖုံးမှ

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့်စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် လွတ်လပ်ရေးနေ့ အခမ်းအနားပြင်ဆင်ကျင်းပမှုများနှင့် အတူ လွတ်လပ်ရေးနေ့မတိုင်ခင် စက်ရုံ၊ အလုပ်ရုံနှင့်ရုံးများ၊ ကျောင်းများမှာ အကြိုဟောပြောပွဲများ ပြုလုပ်ခြင်း၊ နိုင်ငံတော်အလံ လွှင့်ထူခြင်း၊ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၊ ခရိုင်နှင့်မြို့နယ်များအလိုက် အားကစားပြိုင်ပွဲ၊ ပြပွဲ၊ ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်း၊ အများနှင့်သက်ဆိုင်သည့်ရုံး၊ ကျောင်း၊ အဆောက်အအုံ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံများတွင် ရောင်စုံမီးထွန်းညှိခြင်း စသည်တို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်မောင်မယ်များအား လွတ်လပ်ရေး၏တန်ဖိုးသိရှိကြစေရန်၊ ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန်အတွက် အသံလွှင့်ဇာတ်လမ်းများ လွှင့်ပေးရန်၊ သမိုင်းဝင်တေးသီချင်းများကို စာနယ်ဇင်းများ၌လည်း ရေးသားဖော်ပြပေးရန်လိုအပ်မည် ဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❍မြန်မာအမျိုးသမီးဘောလုံးအသင်းမှ

မြန်မာအမျိုးသမီးအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဇွန်လအတွင်း၌ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရက် ၂၀ ကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ ၂၀၁၃ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အာဆီယံဒေသတွင်းနိုင်ငံများအပြင် ဂျပန်ယူ-၂၃ အသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်ယူ -၂၃ အသင်းက ဗိုလ်စွဲခဲ့ပြီး ဩစတြေးလျ ယူ-၁၉အသင်းက ဒုတိယဆုရရှိခဲ့သည်။ တတိယနေရာလုပွဲတွင် အိမ်ရှင်မြန်မာအသင်းမှာ ဗီယက်နမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုလည်း တိုက်တိုက်ဆိုင်ဆိုင် ဆီးဂိမ်းအုပ်စုခွဲဝေရာတွင် မြန်မာနှင့် ဗီယက်နမ်တို့ တစ်အုပ်စုတည်းကျရောက်နေသည်။ အဆိုပါအုပ်စုတွင် ကျရောက်နေသည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့မှာ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့အတွက် အခက်အခဲမရှိနိုင်သော်လည်း ဗိုလ်လုပွဲတက်ရောက်ရေးအတွက် အုပ်စုပထမရရန်မှာ အရေးကြီးလှပေသည်။ တစ်ဖက်အုပ်စုတွင် ထိုင်းအသင်းက အုပ်စုပထမရရန် သေချာသလောက်ရှိနေရာ မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲတက်ရောက်ရေးအတွက် အုပ်စုပထမရရန်လိုအပ်နေပေသည်။ ဒါမှလည်း ဗိုလ်လုပွဲတက်ရေးလမ်းခရီးက ဖြောင့်ဖြူးပေလိမ့်မည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် အောက်တိုဘာ ၂၈ ရက်မှစ၍ တောင်ကြီးမြို့တွင် လေ့ကျင့်လျက်ရှိပြီး နိုဝင်ဘာ ၁၁ ရက်တွင် ပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့သို့ ပြောင်းရွှေ့လေ့ကျင့်မည်ဖြစ်သည်။

မြန်မာအသင်းမှာ ပဏ္ဍာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပထမဆုံးဆီးဂိမ်းရွှေတံဆိပ်ရယူနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

(ချစ်ကိုကို)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၁၁-၂၀၁၃ (သောကြာနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၆း၄၅	"ဘေးရန်ကင်းဖို့ ဦးခိုက်ပူဇော်ဥပွါ တသန္တိစေတီတော်"
၁၀း၅၀	ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၁း၃၅	အဆိုပြိုင်ပွဲ
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "ဂျစ်တူး" (ဒွေး၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ခင်မောင်ဦး စိုးသိမ်းထွဋ်)
၃း၁၅	"အစဉ်အလာမပျက် ဆင်ယင်နွှဲ တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲ"
၄း၁၅	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၅	"မိခင်နဲ့ရင်သွေး ကျန်းမာရေးအတွက် တို့ဆောင်ရွက်"
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ သတင်း
၈း၃၅	ပြည်သူတို့ရဲ့ စကားသံများ မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ငူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော်　နိုဝင်ဘာ　၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ်သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီး အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့်အခြေအနေ၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၄ နာရီအတွင်း တပ်မတော်၊ ပြည်သူတို့နှင့် ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စပါးများ အချိန်မီ အမိုးအကာအောက် ရောက်ရှိရေးအတွက် စီမံဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ဧကတစ်သောင်းငါးထောင်ကျော်တွင် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်နစ်နာခဲ့သည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်နိုင်အောင် ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ စစ်တောင်းမြစ် ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ရေကြီးမှုကို ကာကွယ်ရန်အတွက် ပဲခူး-စစ်တောင်း တူးမြောင်း ပြန်လည်ပြုပြင်ရန် လိုအပ်သည့်အခြေအနေ၊စစ်တောင်းမြစ်ရေတိုက်စားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေကြီးနစ်မြုပ်ပျက်စီးသည့် ဧကတစ်သောင်းငါးထောင်ကျော်အတွက် ဆောင်းသီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်း၊ မတ်ပဲနှင့် နေကြာများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမည့် အစီအစဉ်၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးနိုင်မည့်အခြေအနေ၊ စက်ယန္တရားများဖြင့် ရိတ်သိမ်းနိုင်ရန်အတွက် Combine Harvester များ စုစည်းထားမှုအခြေအနေများ၊ စစ်တောင်း၊ ပဲခူးမြစ်တစ်လျှောက် ရေတားတမံများ၊ မြစ်ကြောင်း ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ရေတံခါးတည်ဆောက်မှု အခြေအနေများနှင့် ပဲခူး-စစ်တောင်းတူးမြောင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက စစ်တောင်းမြစ်နှင့် ပဲခူးမြစ် ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရန်အတွက် မြို့နယ် ၂၃ မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်း ၂၂၈ ခုအနက် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် စီမံကိန်း ၃၈ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၂၇ ခုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ငူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။　(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှု အခြေအနေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်များကို ထပ်မံဖြည့်ဆည်း ပေးနိုင်ရန်အတွက် မိမိကိုယ်တိုင်လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုနှင့်ပတ်သက်ပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်း၊ အချိန်အနည်းငယ်ယူဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ သုံးပိုင်းခွဲခြား ဆောင်ရွက်ရန်လိုပါကြောင်း။

ချက်ချင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရေနစ်မြုပ်သွားခဲ့သည့် စပါးများကို အမြန်ဆုံး ရိတ်သိမ်းရန် လိုပါကြောင်း၊ ဒေသအခြေအနေပေါ်မူတည်ပြီး လူအင်အားဖြင့် ရိတ်သိမ်းရမည့် စိုက်ဧက၊ စက်ယန္တရားဖြင့် ရိတ်သိမ်းရမည့် စိုက်ဧကများကို ခွဲခြားထားရန် လိုပါကြောင်း၊ စပါးပျက်စီးသွားသော တောင်သူများအနေဖြင့် ဆောင်းသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်က မျိုးကောင်းမျိုးသန့်များ ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာတွင် သီးနှံအမျိုးအစားအလိုက် သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရက ကူညီဆောင်ရွက်ပေးရန် လိုပါကြောင်း၊ သီးနှံပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားများအား အကူအညီပေးနိုင်ရန်အတွက် မှန်ကန်တိကျသော စာရင်းဇယားများ ပြုစုပေးရန် လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကို ကာကွယ်ရန်အတွက် မိမိတို့အစိုးရလက်ထက်တွင် ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေပါသေးကြောင်း။

ချက်ချင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် နောင်ဘဏ္ဍာရေးနှစ်အထိ စောင့်ဆိုင်းမပြုဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ အကူအညီပေးသွားမည်ဖြစ်ပါကြောင်း၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရေးနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် စစ်တောင်း မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ မြစ်ကြောင်းတစ်လျှောက် ရေတားတမံ တည်ဆောက်ခြင်း၊ ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလားတူပင် စစ်တောင်းမြစ်အတွင်း စီးဝင်နေသည့် ရဲနွယ်၊ ဘိုင်ဒါ၊ ကောလိယချောင်းများကိုလည်း ရေကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုပါကြောင်း၊ ပဲခူး-မြစ်မခ စီမံကိန်းကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ပဲခူး-စစ်တောင်း တူးမြောင်းကိုလည်း နိုင်ငံတကာနှင့် ပူးပေါင်းပြုပြင် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ရေကြီးမှုကို ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးရေ ရရှိရေးအတွက်လည်း အထောက်အကူရရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ရေကြီးနစ်မြုပ်မှုဘေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများ၊ ကြိုတင်ကာကွယ် ဆောင်ရွက်မှုများ ပြုလုပ်သင့်သည့် ကိစ္စရပ်များအပေါ် အကျယ်တဝင့် ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် JICA တို့အကြား စီမံကိန်းဆိုင်ရာဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုး

နေပြည်တော်　နိုဝင်ဘာ　၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Japan International Cooperation Agency) တို့အကြား "မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးစုများအား ထောက်ပံ့ကူညီပေးရန် ဒေသတွင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ ဆွေးနွေးချက်မှတ်တမ်း(Record of Discussion)" လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုဆောင်ရွက်မည့်စီမံကိန်းကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဒေသတွင်းပြောင်းရွှေ့နေထိုင်သူများ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံပါဝင်သည့်မဟာဗျူဟာမြောက် စီမံကိန်းတစ်ခု တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျနှင့်ထိထိရောက်ရောက် စီမံဆောင်ရွက်သွားရန်မှာကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ Chief Representative Mr.Masahiko Tanaka က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့် JICA မြန်မာရုံးမှ Chief Representative Mr.Masahika Tanaka တို့က မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးစုများအား ထောက်ပံ့ကူညီပေးရန် ဒေသတွင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါစီမံကိန်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ရန်ပုံငွေအမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်၊ သုံးနှစ်ခွဲနှစ်လကာလအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့၌ ဒေသတွင်းပြောင်းရွှေ့နေထိုင်သူများ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံပါဝင်သည့် မဟာဗျူဟာမြောက်စီမံကိန်းတစ်ခု တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။　(သတင်းစဉ်)

ရုပ်-တင်-ချစနစ် ပီပြင်စွာကျင့်သုံးရန် ယာဉ်လိုင်းအလိုက် ကြပ်မတ်ဆောင်ရွက်နေ

ရန်ကုန်　နိုဝင်ဘာ　၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များတွင် ရုပ်-တင်-ချစနစ်ကို ပီပြင်စွာ ကျင့်သုံးနိုင်ရန် ယာဉ်လိုင်းအလိုက် ကြပ်မတ်ဆောင်ရွက်နေကြောင်း မထသ(ဗဟို)တွင် ယမန်နေ့က ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ စနစ်လုပ်ဆောင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မထသ(ဗဟို)မှ ယာဉ်လိုင်းအလိုက် ကြပ်မတ်ဆောင်ရွက်နေလျက်ရှိကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ထို့အပြင် ခရီးသည်တင်ယာဉ်လိုင်းများကို အဖွဲ့ပေါင်း ၁၆ ဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်ရာတွင် လွန်ခဲ့သော အောက်တိုဘာလကုန်အထိ ၇၉၁၈ စီး စစ်ဆေးခဲ့ရာမှ ၉၀၁ စီးကို အရေးယူခဲ့ရကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

တောင်ငူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများ ပံ့ပိုးကူညီ

သတင်းဆောင်းပါး
သုရဇော်၊ ထွန်းဝင်းနိုင်

(ယမန်နေ့မှ အဆက်)

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် တောင်ငူနှင့် ရေတာရှည်မြို့နယ်များရှိ ကျေးရွာ/ရပ်ကွက်တို့ ရေနစ်မြုပ်ခြင်းနှင့် လယ်ယာမြေများပျက်စီးခြင်းတို့ တွေ့ကြုံနေရကြောင်း ကြားသိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးကူညီနေမှုနှင့် ပြည်သူများတွေ့ကြုံနေရသည်တို့ကို သိရှိနိုင်စေရန် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးသန်းမြင့် (တောင်သူ၊ မိုးကောင်းကျေးရွာ)

ကျွန်တော်ကတော့ မိုးကောင်းကျေးရွာမှာနေထိုင်ပြီးတော့ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကတည်းက လယ်ဧက ၁၉၀ ကို ဘက်စုံပေါင်းစည်းလယ်ယာ အဖြစ်နဲ့ လုပ်ကိုင်ခဲ့ပါတယ်။ ဒီနှစ်စပါးစိုက်တဲ့ဧက ၁၀၀ မှာ ရှစ်ဧကလောက် ရိတ်သိမ်းလိုက်နိုင်တယ်။ ကျန်တဲ့ ၉၀ ကျော်ကတော့ပျက်စီးဆုံးရှုံးသွားပါတယ်။ လောလောဆယ်တော့ ရေကြီးနစ်မြုပ်တာကို ကွင်းဆင်းစစ်ဆေးတဲ့အဆင့် လောက်ပဲရှိသေးတာပေါ့၊ လုပ်လို့လည်း ဘာမှတော့မရသေးဘူးပေါ့၊ ရေကျမှပဲလုပ်သင့်တာကို လုပ်သွားရမှာပါ။ လုပ်ခဲ့ရင်လည်း မိုးစပါးအနေနဲ့ကတော့ မဖြစ်နိုင်တော့ဘူးပေါ့။ မတ်ပဲ ကြဲတဲ့သူကကြဲ၊ ဆည်ရေရတဲ့လူကတော့ နွေးစပါး ပြန်စိုက်မယ်၊ ဒီအခြေအနေပဲရှိတယ်။

မိုးကောင်းကျေးရွာအနေနဲ့ကတော့ လမ်းရဲ့တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းရှိတယ်၊ လမ်းတောင်ဘက်ခြမ်းကတော့ အမြင့်ပိုင်းဖြစ်တဲ့အတွက် တချို့ကတော့ မပြောင်းရဘူးပေါ့။ လမ်းရဲ့မြောက်ဘက်ခြမ်းမှာနေတဲ့သူတွေကတော့ ကိုယ့်အိမ်ကိုစွန့်ခွာပြီးတော့ ကယ်ဆယ်ရေးစခန်းတွေမှာပဲ သွားနေကြရတာများပါတယ်။

ဒေါ်အေးနန္ဒာအောင်(ထိုင်ဝမ်ဗုဒ္ဓဘာသာချီကျိဖောင်ဒေးရှင်း)

ဒီနေ့မှာကျွန်မတို့အဖွဲ့အနေနဲ့ စစ်တောင်းမြစ်အထက်ပိုင်းရွာတွေကို ဆန်၊ဆီ၊ ကုလားပဲတွေသွားရောက် ထောက်ပံ့ကူညီမှာပါ။ အခုလိုကူညီနိုင်အောင် မနေ့ကတည်းက စက်လှေနဲ့လိုက်ကြည့်ပြီး ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်ကိုကြည့်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ဒေသလိုအပ်ချက်တွေကို ထောက်ပံ့ပေးသွားဖို့အစီအစဉ် ရှိပါတယ်။ ထောက်ပံ့ပစ္စည်းတွေသာမက စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုတွေကိုပါဆောင်ရွက်သွားပါ့မယ်။ ကျွန်မတို့အဖွဲ့အနေနဲ့မြန်မာပြည်ကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကတည်းကနေအခုချိန်ထိ ကူညီနေတာပါ။

ဦးခင်လတ် [အုပ်ချုပ်ရေးမှူး တောင်ငူမြို့ အမှတ်(၈)ရပ်ကွက်]

ကျွန်တော်တို့မြို့က စစ်တောင်းမြစ်ရဲ့ကမ်းပါးမှာ တည်ရှိပါတယ်၊ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့အတွက် အောက်တိုဘာ ၂၉ ရက်က ရေစတက်ပါတယ်၊ ၃၀ ရက်မှာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှာ ကယ်ဆယ်ရေးစခန်းဖွင့်ပြီးတော့ ပြည်သူတွေကိုထားရှိပါတယ်၊ အဲဒီလိုထားတဲ့အချိန်မှာ ပထမတော့ အိမ်ထောင်စုဦးရေ ၉၃ စုပဲရှိပါတယ်၊ လူဦးရေကတော့ ၄၉၈ ဦး ရှိလာပါတယ်၊ ကယ်ဆယ်ရေးစခန်းအတွက် တိုင်းဒေသကြီးရဲ့ ပံ့ပိုးကူညီမှုနဲ့ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးတွေရဲ့ လမ်းညွှန်ချက်နဲ့ ဆန်၊ ဆီ၊ ကြက်သွန်တွေ ဝေပေးခဲ့ပါတယ်။

နောက်ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကလည်း အိမ်ထောင်စုတစ်စုကို ဆန်နှစ်ပြည်နှုန်းနဲ့ ဆန်အိတ် ၄၉ အိတ်လာလှူပါတယ်၊ မြို့မိမြို့ဖများနဲ့ တိုင်းဒေသကြီးက ထောက်ပံ့ခဲ့တဲ့ဆန်တွေကို တစ်အိမ်ထောင်စု တစ်ပြည်နှုန်း၊ နှစ်ပြည်နှုန်းနဲ့ခွဲဝေပေးခဲ့ပါတယ်၊ ပဲ၊ ဆီ၊ ကြက်သွန်တွေလည်းလာရောက်လှူဒါန်းကြပါတယ်၊ စားဝတ်နေရေး၊ လုံခြုံရေးနဲ့ ကျန်းမာရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီးတော့ အဘက်ဘက်က ပြည့်စုံအောင်ဆောင်ရွက်ပေးခဲ့ပါတယ်။

ကယ်ဆယ်ရေးစခန်းတွေကို ရေစကြီးတဲ့အောက်တိုဘာ ၂၉ ရက်မှာ ဖွင့်လှစ်ခဲ့ပါတယ်၊ ၃၀ ရက်မှာတော့ ကယ်ဆယ်ရေးစခန်းမှာ လူဦးရေတော်တော်များလာပါတယ်၊ နိုဝင်ဘာ ၄ ရက်မှာတော့ ရေပြန်ကျသွားတဲ့အတွက် ကယ်ဆယ်ရေးစခန်းတွေကို ရုပ်သိမ်းခဲ့ပြီး ပြည်သူတွေအားလုံး ကိုယ့်အိမ်ကိုယ့်ရာကို ချောချောမောမောပြန်ရောက်အောင် ပြန်လည်ပို့ဆောင်ပေးခဲ့ပါတယ်၊ ကယ်ဆယ်ရေးစခန်းတွေမှာ ပြည်သူတစ်ယောက်မှမကျန်ခဲ့ပါဘူး။

ရေပြန်ကျလို့ ပြည်သူတွေကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရောက်ပြီး လုပ်ငန်းခွင်ဝင်နေကြသော်လည်း ရေကြီးပြီးရင် နောက်ဆက်တွဲဖြစ်တတ်တဲ့ ရောဂါတွေနဲ့ အန္တရာယ်တွေမဖြစ်ရအောင် ရေတွင်း၊ ရေကန်တွေကို ဆေးခတ်ပေးတာတွေ၊ ပညာပေးဆောင်ရွက်တာတွေ ဆက်လက်ဆောင်ရွက်ပေးနေတဲ့အပြင် စားသောက်နေထိုင်ရေးအတွက်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။

ဦးမောင်ထွတ် [ရပ်မိရပ်ဖ၊ တောင်ငူမြို့ အမှတ်(၈)ရပ်ကွက်]

အရောင်းအဝယ်လုပ်ပါတယ်၊ အောက်တိုဘာ ၃၀ ရက်ည ၁၁ နာရီကျော်လောက်မှာ အပြင်သွားရာက အိမ်ပြန်ရောက်တော့ရေက နှစ်ပေ၊ သုံးပေလောက်အထိတက်နေပါပြီ၊ ဒီနှစ်ကပြီးခဲ့တဲ့နှစ်တွေကထက် ရေအတက် ကြမ်းပါတယ်၊ ရေက ၂၉ ရက်က စတက်တာပါ၊ ၃၀ ရက်မှာတော့ ကျွန်တော်တို့ ကယ်ဆယ်ရေးစခန်းကိုရောက်နေပါပြီ၊ ရေတက်တာ ငါးရက်လောက် ကြာပါတယ်။

ကယ်ဆယ်ရေးစခန်းမှာရှိတုန်းက စားဝတ်နေရေး၊ ကျန်းမာရေးအားလုံး အဆင်ပြေပါတယ်၊ တိုင်းဒေသကြီးက ကူညီထောက်ပံ့သလို မြို့မိမြို့ဖတွေ၊ အလှူရှင်တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေကလည်း ထမင်းထုပ်တွေ၊ ဆန်တွေ၊ ဆီတွေ၊ ကြက်သွန်တွေ၊ ငါးခြောက်တွေ၊ ခေါက်ဆွဲထုပ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အစားတွေလာရောက် လှူဒါန်းကြပါတယ်၊ လာရောက်လှူဒါန်းကြတဲ့အလှူရှင်တွေအားလုံးကို ရပ်ကွက်သူ ရပ်ကွက်သားများကိုယ်စား အထူးကျေးဇူးတင်ပါတယ်။ ။

ဦးသန်းမြင့်
(တောင်သူ)
မိုးကောင်းကျေးရွာ

ဒေါ်အေးနန္ဒာအောင်
ထိုင်ဝမ်ဗုဒ္ဓဘာသာချီကျိ
ဖောင်ဒေးရှင်း

ဦးခင်လတ်
အုပ်ချုပ်ရေးမှူး
တောင်ငူမြို့ အမှတ်(၈)ရပ်ကွက်

ဦးမောင်ထွတ်
ရပ်မိရပ်ဖ၊ တောင်ငူမြို့
အမှတ်(၈)ရပ်ကွက်



ပြည်တွင်းရေးရာ

ခရီးသည်တင်ယာဉ်လိုင်းများတွင် GPS တပ်ရန် မထသမှ ညွှန်ကြားထားခြင်းမရှိ

ရန်ကုန် နိုဝင်ဘာ ၇

ခရီးသည်တင်ယာဉ်လိုင်းများရှိ ယာဉ်များတွင် GPS တပ်ဆင်ရန် ညွှန်ကြားထားခြင်း မရှိသေးသလို ပြင်ပတွင် ထွက်ပေါ်နေသော သတင်းများမှာ လွဲမှားနေကြောင်း မထသ(ဗဟို)မှ သိရသည်။

"GPS တပ်ပါလို့တော့ ဒီကို အကြောင်းကြားတာ မရှိသေးဘူး။ မထသအနေနဲ့လည်း တပ်ပါဆိုပြီးတော့ အောက်ကလိုင်းတွေကို ပြောဆိုထားတာမရှိဘူး"ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က နိုဝင်ဘာ ၆ ရက်တွင် ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲအပြီးတွင် သီးခြား မေးမြန်းမှုကို အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

မထသ(ဗဟို)သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ယာဉ်လိုင်းများကြားတွင် စီမံခန့်ခွဲလုပ်ဆောင်လျက်ရှိပြီး ခရီးသည်တင်ယာဉ်လိုင်းများတွင် GPS တပ်ဆင်ရန် မထသမှညွှန်ကြားထားကြောင်းကို နေ့စဉ်ထုတ်သတင်းစာတစ်စောင်က ဖော်ပြချက်သည် လွဲမှားနေခြင်းဖြစ်သည်ဟု ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး "တကယ်တော့ ရေးသားသူက ဒီရေးသားချက်ပေါ်သူ့ဟာသူ တာဝန်ယူရလိမ့်မယ်။ မထသက အခုထိတော့ GPS တပ်ပါလို့ညွှန်ကြားထားတာ မရှိသေးဘူး"ဟု ဆိုသည်။

ထို GPS စနစ်သည် ယာဉ်များ၏ အခြေအနေကို ထိန်းချုပ်ကြပ်မတ်နိုင်သော်လည်း ယခုလက်ရှိမြို့တွင်း သယ်ယူပို့ဆောင်ရေးတွင် ဝင်ငွေရရှိမှု လျော့နည်းကာ တွက်ခြေကိုက်ရန် အနိုင်နိုင်ကြိုးစားနေသည့်ကြားမှ များပြားသော GPS တန်ဖိုးကြောင့်လည်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေနိုင်ကြောင်း City Bus များ ပိုင်ဆိုင်ထားသည့် ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

သို့ရာတွင် အထူးယာဉ်လိုင်းအချို့၌ ယာဉ်ပိုင်ရှင်များ၏ဆန္ဒအရ ပိုင်ရှင်အချို့က မိမိတို့ယာဉ်များတွင် CCTV ကင်မရာငယ်များကို တပ်ဆင်ထားခြင်းရှိကြောင်း ဆက်လက်သိရှိရသည်။

ထက်ခိုင်(စမ်းချောင်း)

မဟာဗန္ဓုလခုံးကျော်တံတားပေါ်တွင် ယာဉ်ခြောက်စီးဆင့်တိုက်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၇

ယနေ့ ညနေ ၆ နာရီခွဲဝန်းကျင်က ဒေါပုံမြို့နယ် မဟာဗန္ဓုလ ခုံးကျော်တံတားပေါ်တွင် KOBELCO ကရိန်းကားဘရိတ်ပေါက်ကာ caldina AA/---- အငှားယာဉ်၏ ရှေ့ဘန်ဘာအား ချိတ်မိပြီး ရှေ့တွင်မောင်းနှင်နေသည့် ပရိုဘောက်စ်အငှားယာဉ် AA/---- ကို တိုက်မိကာ ၎င်းအငှားယာဉ်မှ ကိုရိုနာအငှားယာဉ်အား ဆက်လက် ဆင့်တိုက်မိခဲ့ပြီး တစ်ဖန် KOBELCO ကရိန်းကားမှ ဘေးချင်းကပ်ယှဉ်မောင်းနေသော ကွန်ဂရစ်ဖျော်စက်ယာဉ်၏ ဦးခေါင်းခန်းအား ကရိန်းမောင်းတံရမ်းပြီး မောင်းတံဖြင့် ဆက်တိုက်မိခဲ့သည်။ **(ဓါတ်ပုံ)** ထို့နောက် ကွန်ဂရစ်ဖျော်စက်ယာဉ်မှ လိုင်းပြေးဆွဲသော ရွှေရန် ကုန်ယာဉ်အား ဆက်လက်တိုက်မိခဲ့ကာ စုစုပေါင်း ခြောက်စီးဆင့်တိုက်ခဲ့ကြောင်း သိရသည်။

(စိုးဝင်း-MLA)

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဟော်ကီအသင်းများလေ့ကျင့်

သတင်း-စိုင်းညီလေး၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာဟော်ကီအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာအမျိုးသမီးဟော်ကီအသင်းမှာ အပြီးသတ်ကစားသမား ၁၈ ဦးရွေးချယ်၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး မလေးရှားနည်းပြဖြင့်လေ့ကျင့်လျက်ရှိကြသည်။ အမျိုးသားအသင်းကို ပါကစ္စတန်နည်းပြက လေ့ကျင့်ပေးနေပြီး လက်ရှိတွင်အပြီးသတ်ကစားသမားများရွေးချယ်ရခြင်းမရှိသေးဘဲ ပဏာမကစားသမား ၂၂ ဦးဖြင့်လေ့ကျင့်လျက်ရှိသည်။ ဆီးဂိမ်းမတိုင်မီ ပြင်ဆင်မှုအဖြစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သော ပထမအကြိမ် Asian Challenge Cup ပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီးနှစ်သင်းစလုံးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအမျိုးသားအသင်းက ဒုတိယနှင့် အမျိုးသမီးအသင်းက အဆင့် ၅တို့ရရှိခဲ့သည်။ ဆီးဂိမ်းအကြို ဟော်ကီပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပခဲ့ရာ မြန်မာနှစ်သင်းနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ(က)အသင်းက ဗိုလ်စွဲခဲ့သည်။

မြန်မာဟော်ကီအသင်းများမှာလည်း အောင်မြင်မှုရရှိရေး ပြင်းပြင်းထန်ထန်လေ့ကျင့်နေပါကြောင်း. . . . .။





ပြည်နယ်အစိုးရအဖွဲ့
ရခိုင်ပြည်နယ်၊ စစ်တွေမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

(က) ဘူးသီးတောင်မြို့ကမ်းပြိုကာကွယ်ရေး
(ခ) မင်းပြားမြို့ကမ်းပြိုကာကွယ်ရေး
(ဂ) ပန်းမြောင်းကျေးရွာကမ်းပြိုကာကွယ်ရေး
(ဃ) တောင်ကုတ်မြို့ကမ်းပြိုကာကွယ်ရေး
(င) သံတွဲမြို့ကမ်းပြိုကာကွယ်ရေး
(စ) မာန်အောင်မြို့ကမ်းပြိုကာကွယ်ရေး

၂။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့
၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၁၁-၂၀၁၃ ရက်
၄။ တင်ဒါပုံစံပိတ်မည့်ရက် - ၂၀-၁၁-၂၀၁၃ ရက်
၅။ တင်ဒါတင်သွင်းရမည့် (ရက်၊ အချိန်၊ နေရာ) - ၂၀-၁၁-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၃၉၉၁ နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၂၉၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အမျိုးသားလွှတ်တော်ရုံးအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က)	စက်ပစ္စည်း	(၃)မျိုး
(ခ)	ရုံးသုံးပရိဘောဂ	(၁၂)မျိုး
(ဂ)	ကွန်ပျူတာအပါအဝင်နှင့် ရုံးသုံးစက်ကိရိယာ	(၁၆)မျိုး
(ဃ)	ရုံးသုံးစာရေးကိရိယာပစ္စည်းများ	(၇၄)မျိုး

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၈-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်ထိ၊ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၀၀၄၊ ၀၆၇-၅၉၁၂၆၁သို့ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

အမျိုးသားလွှတ်တော်ရုံးအတွက်
မော်တော်ယာဉ်များဝယ်ယူရန်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က)	Saloon	(၃)စီး
(ခ)	Van	(၉)စီး

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၈-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်ထိ၊ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၀၀၄၊ ၀၆၇-၅၉၁၂၆၁သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် (GSM/WCDMA) အား Optimization ပြုလုပ်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် (GSM/WCDMA)အား Optimization ပြုလုပ်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံတို့ကို(၁)စုံလျှင် ၅၀၀၀ိ/-ကျပ်(ကျပ်ငါးသောင်းတိတိ)ဖြင့် ၁၁-၁၁-၂၀၁၃ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာ တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်(ဒက္ခိဏသီရိအိတ်ချိန်းဝင်း)
တယ်လီဖုန်းအမှတ်(၀၉-၄၄၈၀၀၀၀၂၃)

၃။ တင်ဒါတင်သွင်းမည့်သူသည် လုပ်ငန်းစိတ်ဝင်စားကြေးအဖြစ် တင်ဒါ(၁)စုံလျှင် ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်တိတိ)အား ဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက်တင်သွင်းရပါမည်။

၅။ ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ရုံးချိန် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်းထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၇

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ Royal Hua Hin Golf Culb ၌ ကျင်းပမည့် 6 th Singha Thailand Junior World golf championships 2013 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် လူငယ်လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း**(ယာပုံ)**တို့သည် နိုဝင်ဘာ ၅ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲအတွေ့အကြုံရရှိရေးရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Over heating or Over Loading) နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့် မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက် (Transformer) အတင်အချ သတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard)ချွတ်ယွင်းပါက အလိုအလျောက် (Auto) ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

အနုပညာသတင်း   အနုပညာသတင်း   အနုပညာသတင်း   အနုပညာသတင်း

ယူအင်န်အိုဒီစီ၏ သံတမန်အဖြစ် ဒုတိယသက်တမ်းတာဝန်ထမ်းဆောင်မည့် နီကိုးလပ်စ်ကေ့ချ်

အော်စကာဆုရှင် ဟောလိဝုဒ်ကြယ်ပွင့် နီကိုးလပ်စ်ကေ့ချ်အား ယူအင်န်အိုဒီစီ၏သံတမန်အဖြစ် ဒုတိယအကြိမ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မြို့တော် Vienna ရှိ ရုံးချုပ်တွင် တာဝန်ထပ်မံအပ်နှင်းခဲ့ပြီး ၎င်းသည် ယူအင်န်အိုဒီစီ၏သံတမန်အဖြစ် ဒုတိယသက်တမ်းနှစ်နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ယူအင်န်အိုဒီစီက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မင်းသား နီကိုးလပ်စ်ကေ့ချ်သည် ပထမသက်တမ်း စတင်တာဝန်ထမ်းဆောင်စဉ် ၂၀၀၉ ခုနှစ်ကတည်းက အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လိင်မှုဆိုင်ရာမှုခင်းများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေးကို လှုံ့ဆော်သည့် ဇာတ်ကားများကို ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်ကဏ္ဍများမှ ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

၂၀၁၀ ခုနှစ်မှစတင်ကာ ယူအင်န်အိုဒီစီအဖွဲ့ကြီးအနေဖြင့် ရန်ပုံငွေ ၁ ဒသမ ၅ သန်း ရှိခဲ့ပါကြောင်း၊ ယင်းရန်ပုံငွေများကို ကမ္ဘာတစ်ဝန်းရှိ သဘာဝဘေးဒဏ်ခံစားနေရသူများ၊ လူကုန်ကူးမှုဒဏ်ခံစားခဲ့ရသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် အဓိကထားသုံးစွဲသွားမည်ဖြစ်ကြောင်း ယူအင်န်အိုဒီစီမှ အမှုဆောင်ဒါရိုက်တာ Yuri Fedotov က ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် စု စည်းတင်ပြသည်

ဆူရီနှင့်ပတ်သက်ပြီး အနုပညာမဂ္ဂဇင်းအား တရားစွဲဆိုထားသည့် တွမ်ခရုဇ်

ဟောလိဝုဒ်ကြယ်ပွင့် တွမ်ခရုဇ်က အမေရိကန်နိုင်ငံထုတ် Life & Style အနုပညာရေးရာမဂ္ဂဇင်းတစ်စောင်ကို သမီးဖြစ်သူ ဆူရီနှင့်ပတ်သက်ပြီး မဟုတ်မမှန်ရေးသားချက်များအတွက် တရားစွဲဆိုထားကြောင်း သိရသည်။

မင်းသား တွမ်ခရုဇ်က အသက်(၇)နှစ်အရွယ် သမီးငယ် ဆူရီအား မိခင် မင်းသမီး ကေတီဟုမ်းနှင့်ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ ပစ်ထားခဲ့သည့် သဘောဆောင်သော ရေးသားချက်များကြောင့် အဆိုပါမဂ္ဂဇင်းအား တရားစွဲဆိုခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော့်ဘဝမှာ သမီး ဆူရီကို ပစ်ထားဖို့ဆိုတာ ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရရော၊ ငွေကြေးပိုင်းနဲ့ အခြားဘယ်အကြောင်းကြောင့်နဲ့မှ မဖြစ်နိုင်ပါဘူး။ နိုင်ငံရပ်ခြားမှာ ဇာတ်ကားရိုက်ကူးနေတဲ့အချိန်တွေမှာတောင် မိခင်ဖြစ်တဲ့ ကေတီဟုမ်းနဲ့ သမီးလေး ဆူရီဆီကို အီးမေးလ်တွေ အစောင်ပေါင်းမရေတွက်နိုင်အောင် အမြဲပို့နေခဲ့တာပါ။ ဆူရီရဲ့ဘဝတစ်လျှောက်လုံးအတွက် ကျွန်တော်က အမြဲရှိနေမှာပါ”ဟု တွမ်ခရုဇ်က ပြောကြားခဲ့သည်။

ဝယ်လိုသည်

ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်ရှိ ကွန်ဒိုတိုက်ခန်းများကို Excellent အိမ်ခြံမြေအကျိုးဆောင် ဝယ်ယူလိုသည်။ **ဆက်သွယ်ရန်-၀၉-၄၉၃၃၁၀၉၂**
၀၉-၇၃၀၈၃၄၁၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁) ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၁-၂၀၁၃ ရက်မှစ၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၁၅-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီတွင် အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်း၊ တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ တင်ဒါတင်သွင်းခြင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်းအမှတ် -၀၁-၂၀၂၁၇၁ နှင့် ၀၁-၉၀၀၀၉၁၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပုဂ္ဂလိကအထည်အလိပ်လုပ်ငန်းရှင်များအား ဖိတ်ကြားခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၏ ထုတ်ကုန်ပစ္စည်းများဖြစ်သော ဆေးဆိုး၊ ပန်းရိုက် ပိတ်အမျိုးမျိုးနှင့် ချုပ်ထည်အမျိုးမျိုးတို့အား အရောင်းကိုယ်စားလှယ်များဖြင့် ကျယ်ပြန့်စွာရောင်းချရေး ဆောင်ရွက်လျက်ရှိပါသည်။
၂။ အထည်အလိပ်လုပ်ငန်းရှင်များအား ဝယ်ယူရောင်းချမည့် အဆိုပြုချက်များနှင့်တကွ အောက်ပါနေရာနှင့် ရက်စွဲ၊ အချိန်တို့တွင် လာရောက်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေရာ - အထည်ချုပ်စက်ရုံအမှတ်(၂၇)ရန်ကင်း၊ အမှတ်(၁)၊ သုခဝတီလမ်း၊အမှတ်(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဆီဒိုးနားဟိုတယ်အနောက်ဘက်
ရက်စွဲ/အချိန် - ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂ နာရီ

၃။ ဆက်သွယ်ရန်ဖုန်းနံပါတ်များ
ဦးလှမိုး(ညွှန်ကြားရေးမှူး) ၀၉-၈၆၁၅၅၁၁၊
ဦးမောင်မောင်လှ(ဒုတိယညွှန်ကြားရေးမှူး)၊ ၀၉-၈၅၁၀၃၂၂
ရောင်းချဖြန့်ဖြူးရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

အသိပေးကြေညာခြင်း

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဧရိယာအတွင်းရှိ အိမ်ထောင်စုများပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက် (Resettlement Work Plan (RWP) For Thilawa Special Economic Zone Phase 1) ကို **http://www.mediafire.com/view/ dmbchg 5u 2Vg 9535/110413-RWP - Final.pdf** မှတစ်ဆင့်လည်းကောင်း၊ အောက်ဖော်ပြပါဌာနများတွင်လည်းကောင်း မည်သူမဆို ဖတ်ရှုနိုင်ပါကြောင်းနှင့် ၎င်းလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ဖော်ပြပါဌာနများသို့လိပ်မူ၍လည်းကောင်း၊ **e-mail: thilawaygn @gmail.com** သို့လည်းကောင်း ၄. ၁၁. ၂၀၁၃ ရက်မှ ၂၂. ၁၁. ၂၀၁၃ ရက်အထိ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၁။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ(ယာယီရုံး)
ကျောက်တန်းမြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ-၂
၂။ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
၃။ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

ပရီမီယာလိဂ် ရင်ခုန်သံ-၁၁

ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှာ လီဗာပူး၊ ချယ်လ်ဆီး၊ ဆွမ်ဆီးတို့ရှုံးပွဲကြုံတယ်။ စပါးကသရေကျတယ်။ ဒီတော့ ဒီပွဲစဉ်မှာ ဒီအသင်းတွေနိုင်ပွဲပြန်လည်ရှာဖွေနိုင်ပါ့မလား။ စောင့်ကြည့်ရမယ်။ ပြီးတော့ဒီပွဲစဉ်မှာမန်ယူနဲ့ အာဆင်နယ်ကလည်း ဆုံတွေ့နေတော့ ရင်ခုန်စရာကောင်းနေတယ်။

ချယ်လ်ဆီး-ဝက်စ်ဘရွန်း ည ၉း၃၀(၉-၁၁-၂၀၁၃)

ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် နိုင်ပွဲပြန်ရဖို့ ချယ်လ်ဆီးအားစိုက်လာမှာသေချာတယ်။ ဝက်စ်ဘရွန်းက နောက်ဆုံး ၁၅ ပွဲမှာတစ်ပွဲသာရှုံးတဲ့အထိ ခံကစားအား ကောင်းပေမယ့် အဝေးကွင်းမှာခြေမတည်ငြိမ်တတ်တာ သတိပြုရမယ်။ ချယ်လ်ဆီးနှစ်ဂိုးအသာနဲ့နိုင်ပွဲပြန်ရမယ်။

ပဲလေ့စ်-အဲဗာတန် ည ၉း၃၀(၉-၁၁-၂၀၁၃)

ပလေ့စ်ကအမှတ်ပေးဇယားအောက်ဆုံးကအသင်း။ ၁၀ ပွဲမှာ ခုနစ်ပွဲတိတိရှုံးထားတဲ့ခြေက အားပျော့လွန်းတယ်။ အဲဗာတန်ကလက်ရှိကစားပုံငြိမ်တယ်။ အဝေးကွင်းမှာတောင် အရှုံးတစ်ပွဲသာရှိတာကိုကြည့်ရင် အဲဗာတန်ရဲ့ကွင်းမရွေးမှုက မြင်သာမှုရှိတယ်။ အဲဗာတန် ဂိုးနည်းနည်းနဲ့ ကပ်နိုင်ခြေရှိတယ်။

လီဗာပူး-ဖူလ်ဟမ် ည ၉း၃၀(၉-၁၁-၂၀၁၃)

ဖူလ်ဟမ်ကအဝေးကွင်းမှာ နိုင်ပွဲပိုရထားတာ မှန်တယ်။ ဒါပေမယ့် ခံစစ်ကအခုနောက်ပိုင်းပေးဂိုးများလာတဲ့ အနေအထားအရ ထက်မြက်တဲ့လီဗာပူးတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာခက်တယ်။ အာဆင်နယ်ကိုရှုံးလို့ လီဗာပူးနိုင်ပွဲပြန်ရှာမှာလည်းဖြစ်တော့ လီဗာပူးကိုပဲအားပေးရမယ်။

နော့ဝှစ်ချ်-ဝက်စ်ဟမ်း နံနက် ၀၀း၀၀(၁၀-၁၁-၂၀၁၃)

နော့ဝှစ်ချ်ကတန်းဆင်းဇုန်ထဲရောက်နေတယ်။ အိမ်ကွင်းမှာတောင်တစ်ပွဲသာနိုင်တယ်။ နောက်ဆုံးလေးပွဲဆက်မနိုင်ခဲ့တဲ့ခြေကလည်းအားရစရာမရှိဘူး။ ဝက်စ်ဟမ်းကလည်း နောက်ဆုံးသုံးပွဲမှာတစ်ပွဲသာနိုင်တဲ့အထိ ခြေကျနေတယ်။ အဝေးကွင်းမှာလည်း တစ်ပွဲသာနိုင်သေးတယ်။ ဒါကြောင့် ဒီပွဲမှာတော့ နော့ဝှစ်ချ်တို့ သရေလောက်ကစားနိုင်ဖို့ရှိနေတယ်။

စပါး-ကာဒယ် ည ၆း၃၀(၁၀-၁၁-၂၀၁၃)

အဲဗာတန်ကိုအနိုင်မရခဲ့တဲ့ စပါးက ဒီပွဲမှာနိုင်ပွဲပြန်ရှာမှာမှန်ပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမငြိမ်သေးဘူး။ နယူးကာဆယ်က အဝေးကွင်းအားပျော့ပေမယ့် လက်ရှိခံကစားအားကောင်းနေတယ်။ စပါးသရေလောက်နဲ့ပဲကျေနပ်ရဖို့ရှိတယ်။

ဆန်းဒါးလန်း-မန်စီးတီး ည ၇း၃၅(၁၀-၁၁-၂၀၁၃)

မန်စီးတီးကချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာမှာမှန်တယ်။ ဒါပေမယ့် ဆန်းဒါးလန်းမှာ အဲဒီအခြေအနေကို အခွင့်ကောင်းယူနိုင်တဲ့အားမရှိဘူး။ အိမ်ကွင်းဖြစ်ပေမယ့် တစ်ပွဲတစ်ဂိုးရဖို့တောင် ရုန်းနေရတဲ့ဆန်းဒါးလန်းရဲ့ တိုက်စစ်အနေအထားအရ ဒီပွဲမှာမန်စီးတီးကို အားပေးရမယ်။ ဂိုးတော့နည်းမယ်။

မန်ယူ-အာဆင်နယ် ည ၁၀း၄၀(၁၀-၁၁-၂၀၁၃)

မန်ယူခြေပြန်ငြိမ်လာတယ်။ ဂျာနူဇာ၊ ဗန်ပါစီ၊ ရွန်းနီတို့ရဲ့ တိုက်စစ်က ဂိုးသွင်းခြေတည်ငြိမ်လာတယ်။ ပြီးတော့ အိမ်ကွင်း။ ဒါကြောင့် အာဆင်နယ်ခြေကောင်းနေပေမယ့် မန်ယူကိုလွယ်လွယ်နဲ့အနိုင်မရနိုင်ဘူး။ သရေကျသွားဖို့များတဲ့ပွဲဖြစ်သလို သွင်းဂိုးလည်းများမယ်။

ဆွမ်ဆီး-စတုတ် ည ၁၀း၄၀(၁၀-၁၁-၂၀၁၃)

စတုတ်က ကစားပုံမာကျောမှုရှိတယ်။ ခံစစ်ကစားပုံလည်းမဆိုးဘူး။ ဒါပေမယ့် တိုက်စစ်ကတော့ဂိုးသွင်းခြေအားနည်းတယ်။ ဆွမ်ဆီးကကာဒစ်ဖ်ကိုရှုံးခဲ့လို့နိုင်ပွဲရှာမှာ မှန်တယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တယ်။ ဒါကြောင့်ဆွမ်ဆီးနိုင်ရင်တောင် မပြတ်သားဘူး။

ရှိုင်းမင်းမင်း



ဒေါ့မွန်ရဲ့အဝါရောင်တံတိုင်းကို အာဆင်နယ်ဖြိုချအနိုင်ယူ အာရွန်ရမ်ဆေး၏ သွင်းဂိုး ၁၃ ဂိုးအထိရှိလာ

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၄)ကို နိုဝင်ဘာ ၇ ရက်နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် ဒေါ့မွန်အသင်း၏ ခိုင်ခံ့လှသည့် အဝါရောင်နောက်ခံတံတိုင်းကို ကျော်ဖြတ်ကာရယူခဲ့သည့် ကွင်းလယ်ကစားသမားရမ်ဆေး၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အာဆင်နယ်အသင်းက ဒေါ့မွန်အသင်းကို အနိုင်ရရှိကာ အုပ်စု(F)ကို ရမှတ်ကိုးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်သည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄)တွင် ပရိသတ်အကြိုက်တွေ့ခဲ့သည့် ပြိုင်ဆိုင်မှုပြင်းထန်သော ပွဲစဉ်တစ်ခုဖြစ်လာခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် အရေးပါသောသွင်းဂိုးများကို သွင်းယူပေးနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေး၏ ၆၂ မိနစ်တွင် သွင်းယူခဲ့သော တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကွင်းလယ်ကစားသမားရမ်ဆေးသည် ယင်းပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် သွင်းဂိုး ၁၃ ဂိုးအထိရှိလာခဲ့ပြီဖြစ်သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဒေါ့မွန်အသင်းကို အနိုင်ရရှိကာ ၎င်းတို့၏ အဝေးကွင်း ၁၄ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းနိုင်ခဲ့သည့် အပြင် ဆူဘိုတစ်၊ ရှမယ်လာ၊ ပါပက်စတာတိုပူးလော့စ် စသည့်ကစားသမားများဖြင့် တောင့်တင်းလှသည့် ဒေါ့မွန်၏ အဝါရောင်နောက်ခံတံတိုင်းကို ဖြိုချကာ ဒေါ့မွန်အိမ်ကွင်း၌ အနိုင်ရရှိခဲ့သည့် အင်္ဂလန်ပရီမီယာလိဂ်၏ ပထမဆုံးအသင်းတစ်သင်းလည်း ဖြစ်လာခဲ့သည်။

အီတိုးနှင့် ဒမ်ဘာဘာတို့၏ သွင်းဂိုးများဖြင့် ခြင်္သေ့ပြာတို့ အောင်ပွဲခံ

နည်းပြမော်ရင်ဟို၏ ၄-၂-၃-၁ မဟာဗျူဟာဖြင့် ပွဲထွက်လာခဲ့သည့် ချယ်လ်ဆီးအသင်းသည် အင်္ဂလန်မြေသို့ လာရောက်ကစားရသည့် ဥက္ကရိန်းရှော်လ်ကေးအသင်းအား အီတိုးနှင့် ဒမ်ဘာဘာတို့၏ သွင်းဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရရှိကာ အိမ်ကွင်းပရိသတ်ရှေ့တွင် အောင်ပွဲခံနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၃၁ မိနစ်နှင့် ၅၄ မိနစ်တို့တွင် အီတိုးက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ၈၃ မိနစ်တွင် ဒမ်ဘာဘာက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)တွင် ဘေဆယ်အသင်းအား ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်းပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြန်လည်ရရှိလာခဲ့သည့် အသင်းဖြစ်သည်။ ပွဲစဉ်(၂)တွင် စတုအာ့စ်ဘူခါရက်ကို လေးဂိုးပြတ်၊ ပွဲစဉ်(၃)နှင့် ပွဲစဉ်(၄)တို့တွင် ရှော်လ်ကေးအသင်းအား အိမ်ကွင်းရောအဝေးကွင်းမှာပါ ပေးဂိုးမရှိဘဲ သုံးဂိုးပြတ်နိုင်ပွဲများ ရရှိခဲ့သည်။ လက်ရှိတွင် ချယ်လ်ဆီးအသင်းသည် လေးပွဲကစားပြီးနောက် ရမှတ်ကိုးမှတ်ရရှိကာ အုပ်စု(E)ကို ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ငွေကြယ်

အခြားပွဲစဉ်ရလဒ်များ

ဘေဆယ်	၁-၁	စတုအာ့စ်ဘူခါရက်
နာပိုလီ	၃-၂	မာဆေး
ဇင်းနစ်	၁-၁	ပေါ်တို
အက်သလက်တီကို	၄-၀	ဩစတြီးယားဝီယန်
အေဂျက်	၁-၀	ဆဲလ်တစ်
ဘာစီလိုနာ	၃-၁	အေစီမီလန်



မိခင် အမည်မှန်

ဦးသန်း၏ သမီး မသက်ထားဇူလိုင်[သတ္တမတန်း(A)၊ အထက(၃)၊ မရမ်းကုန်း] ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းတင့် ဖြစ်ပါသည်။

ဒေါ်စန်းစန်းတင့်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၂၉က^၂၊ ဧရိယာ ၀.၆၅၄ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၉)၊ ရတနာလမ်း၊ ဆ/ခရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (မောင်ဘိုးလူ)အမည်ပေါက် မြေပိုင်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်-၂၁၅/၂၀၁၃နှင့် အရှေ့ပိုင်းခရိုင်တရားရုံး၏ဇာရီမှုအမှတ်-၁၂၄/၂၀၁၃ တင်ပြ၍ ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ ဆဖန(နိုင်)၀၅၁၂၄၃]က လျှောက်ထားလာရာ အဆိုပါမြေကွက်ကြီး၏ တရားဝင် မခွဲမစိတ်ရသေးသော ဧရိယာ ၄၁ပေ/၄၂ပေ × ၉၈ပေ/၉၁ပေကို မှတ်ပုံတင်အရောင်းစာချုပ်အမှတ်-၁၂၀၇/၉၆/ ၃၁-၅-၉၆ ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်မိမိနှင့် မှတ်ပုံတင်အရောင်းစာချုပ် ၁၂၅၅-/၉၆/၃၁-၅-၉၆ ဖြင့် ဧရိယာ ၁၁၀ပေ/၁၅၀ပေ × ၉၁ပေ/၄၀ ပေအား ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေဆွေတို့၏ ပိုင်ဆိုင်သည့်အပိုင်း အားချန်လှပ်၍ ကျန်မြေအစိတ်အပိုင်းကို အရောင်းမြေပုံကူး လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၇၊ မြေကွက်အမှတ်-၁၇၁၃/ခ၊ မြေကွက်တည်နေရာအမှတ်-၁၇၁၃/ခ၊ မဟာဆွေလမ်း၊ ၂၀ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ (ဒေါ်ခင်နု)အမည်ပေါက်(ပါမစ်)မြေအား အမည်ပေါက် ဒေါ်ခင်နု[၁၂/ဥကမ(နိုင်)၀၈၃၀၁၂] ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကိုမျိုးဇော်[၁၂/သကတ(နိုင်)၁၄၂၅၂၃]၏ ပတ်စပို့ No.A 262609 နှင့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၅၁၆၁၉၃၁



အမြန်ရောင်းမည်

ချမ်းသာပလာဇာကွန်ဒို (ပုဇွန်တောင်)2100 sq-ft အဆင့်မြင့်ပြင်ဆင်ပြီး။ ဖုန်း-၀၉-၇၃၂၀၁၃၄၉

၁၀ ဘီးကားကို မျက်နှာချင်းဆိုင်တိုက်မိတဲ့ ဆိုင်ကယ်သမား

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီက ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးရောက်ရှိနေကြောင်း သတင်းအရ နေပြည်တော် ယာဉ်မှုစစ်ဌာန ရဲအုပ်ဖော်ဖော်စိုးက သွားရောက်စစ်ဆေးရာ ဆိုင်ကယ်နှင့်၁၀ဘီးယာဉ်တို့ လမ်းအကွေ့တွင်ရုတ်တရက်မျက်နှာချင်းဆိုင်ပွတ်တိုက်မိရာမှ သေဆုံးကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုအမှတ်(၂)လမ်းပင်မ ယာဉ်သိုလှောင်ရေးတပ်အလွန် ကုန်းတက်အကွေ့တွင် ဇော်ဂျီကွင်းတဲစုဘက်မှ ဗိုလ်ရွေးတပ်ဘက်သို့ ဦးအောင်မြင့်(၃၆) နှစ် (ဆိုင်ကယ်ကယ်ရီမောင်း) မင်္ဂလာဒီပရပ်ကွက် ပုဗ္ဗသီရိမြို့နယ်နေသူ မောင်းနှင်လာသော ၂၃/-- လေ့ဂျာဆိုင်ကယ်သည် ကုန်းတက်အကွေ့တွင် အရှိန်နှင့်မောင်းနှင်လာရာမှ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှမြတ်မင်းထွန်း(၂၂)နှစ် ညောင်ပင်ကြီးစုရွာ ပုဗ္ဗသီရိမြို့နယ်နေသူမောင်းနှင်လာသော ၆ခ/--- ဟီးနိုး ၁၀ ဘီးယာဉ်၏ဝဲဘက်ရှေ့ဘီးအား ဝင်တိုက်မိရာ လမ်းပေါ်လဲကျပြီး ဦးအောင်မြင့်မှာဝဲနဖူးပေါက်ပြဲ၊ ဝဲနားသွေးထွက်၊ နောက်စေ့ဖူးရောင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒက္ခိဏာရီ(ပျဉ်းမနား)

ရပ်ထားသောကားနောက်ပိုင်းအား ဆိုင်ကယ်ဝင်တိုက်

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဆိုင်ကယ်သမား သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၈)ရပ်ကွက်နေ ဦးမျိုးအောင်ဇော် (၃၃)နှစ်သည် ၂၄ယ/. . . . . JUBO 125ဖြူ/နီ/နက်ရောင်ဆိုင်ကယ်ကို ဦးဝင်းနိုင်ဦး (၃၂) နှစ် (၈၈)ရပ်ကွက်နေသူအား တင်ဆောင်မောင်းနှင်၍ပဲခူးမြစ်လမ်းမအတိုင်း အရှေ့မှအနောက်သို့ အရှိန်ဖြင့်မောင်းနှင်လာစဉ် မြနန္ဒာလမ်းမထိပ် အနီး အရောက် လမ်းညာဘက်ဘေးတွင်ရပ်ထားသော ယာဉ်အမှတ် ၉ခ/. . . . ဒမ်ထရမ်အဖြူရောင်ယာဉ်အား နောက်မှအရှိန်မထိန်းနိုင်ဘဲ အရှိန်ပြင်းစွာဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ ဦးမျိုးအောင်ဇော်သည် နဖူးပေါက်ပြဲ၊ နှာခေါင်း သွေးထွက်၊ နားသွေးထွက်ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့စဉ် လမ်းတွင်သေဆုံးသွားပြီး ဆိုင်ကယ်နောက်မှလိုက်ပါလာသော ဦးဝင်းနိုင်ဦးမှာ ပြင်ပလူနာဌာန (မစိုးရိမ်ရ) ဆေးဝါးကုသလျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်သီဟထွန်းက အမှုတိုင်တန်းသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၁၂)

တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

တိုက်ကြီး နိုဝင်ဘာ ၇

နိုဝင်ဘာ ၄ ရက် ည ၁၀ နာရီ ၂၉ မိနစ်တွင် သာယာဝတီခရိုင် သစ်တောဦးစီးဌာန တောအုပ်ဦးညွန့်ဝင်းက တရားမဝင် သစ်တင်ဆောင်လာသည်ဟု မသင်္ကာဖွယ်ယာဉ်အမှတ် ၂၈/. . . . . မာစဒါနက်ပြာရောင်ယာဉ်သည် ရှာဖွေစစ်ဆေးမှုမခံယူဘဲ ရန်ကုန်-ပြည်လမ်းအတိုင်း တိုက်ကြီးမြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း တိုက်ကြီးမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိထံ အကြောင်းကြားခဲ့သည်။

ထိုအချိန်တွင် ယင်းယာဉ်သည် ရန်ကုန်-ပြည်လမ်းတွင် ပိတ်ဆို့တားဆီးရေးအဖွဲ့ ယာဉ်အား အဆိုပါယာဉ်ကပွတ်ဆွဲ၍မောင်းနှင်သွားပြီး တိုက်ကြီး-ဖောင်ကြီး လမ်းအတိုင်း ထွက်ပြေးသွားခဲ့သဖြင့် ဝန်ထမ်းများ ပူးပေါင်းပြီး တိုက်ကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်းအတိုင်း နှစ်ဖက်ညှပ် ပိတ်ဆို့ဖမ်းဆီးရာ အဆိုပါယာဉ်မှ ကျွန်းခွဲသား(တံခါး ပေါင်၊ တံခါးဆန်) များအား လူနှစ်ဦးက လမ်းဘေးခြုံအတွင်း ပစ်ချနေသည်ကို တွေ့ရှိရပြီး သစ်တောဝန်ထမ်းများ ရောက်ရှိလာသောအခါ ကျွန်းစိုက်ခင်းအတွင်းသို့ ဝင်ရောက်ထွက်ပြေးသွားသည်။

ထားခဲ့သောယာဉ်ကို စစ်ဆေးရာ ယာဉ်ဒက်စဘုတ်ပေါ်တွင် တပ်မတော်အရာရှိဆောင်း ဦးထုပ်တစ်လုံး၊ ယာဉ်ထိုင်ခုံတွင်ချိတ်ထားသော တပ်မတော်အရာရှိ ဗိုလ်ကြီးအဆင့်ဝတ်စုံအင်္ကျီ တစ်ထည်၊ ဗိုလ်အဆင့်ဝတ်စုံအင်္ကျီ တစ်ထည် နှင့်အတူ ယာဉ်ပေါ်နှင့် ယာဉ်အောက်တွင် ပစ်ချထားသော ကျွန်းခွဲသား ၃၂၉ ချောင်းအား ဖမ်းဆီးရမိပြီး ရှာဖွေပုံစံများဖြင့်သိမ်းဆည်းခဲ့သည်။ အဆိုပါယာဉ်နှင့်တကွ တပ်မတော်အရာရှိအယောင်ဆောင်၍ ပြစ်မှုကျူးလွန်သူတို့ကို ဖမ်းဆီးအရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထွန်းလှိုင်(မြိုင်)

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်

ကျွဲပွဲ နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပုံမှန်လမ်း မိုင်တိုင်အမှတ် (၂၈၅/၄)ဆွဲလဲချောင်းရွာတောင်ဘက်ထိပ်၌ နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက ထန်းတပင်မြို့နယ် မြို့စိုးရွာနေ မောင်အောင်ဇော်ဝင်း (ခ) ကိုဇော် ရင်ဇင်းဆိုင်ကယ်(နံပါတ်မပါ)အား မောင်းနှင်၍ နောက်မှမဝေဝေလွင် စီးနင်းလာပြီး ရှေ့မှကုန်ကားအားနောက်မှကပ်လျက် ကျော်တက်လိုက်စဉ် ယာဉ်မောင်း ဝင်းကျော်စိုး ဘောဂမြိုင်လမ်း မြောက်ပိုင်းထောက်ကြံ့မြို့နေသူ မောင်းနှင်လာသော ပက်စီပုလင်းခွံများတင်ဆောင်လာသည့်နစ်ဆန်းကောင်တာယာဉ်အမှတ် ၇က/. . . . . ကားနှင့်မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းသူမှာ ဦးခေါင်းကိုကားဖြင့်ကြိတ်မိပြီး နေရာတွင်ပင် သေဆုံးသွားသည်။ မဝေဝေလွင်မှာ ဒဏ်ရာရရှိသဖြင့် တောင်ငူဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရသည်။

(၁၅၁)

ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိသူအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုသုံးမှုဖော်ထုတ်ရရှိ

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ဖွဲ့ (၂)မှ တပ်ဖွဲ့ဝင်များသည် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ မျိုးဝင်းထိုက်(ခ)မဲကြီး ဘုရားကုန်းရပ်ကွက် သန်လျင်မြို့နယ်နေသူအား အောက်တို ဘာ ၁ ရက် မွန်းတည့်၁၂ နာရီတွင် သာကေတမြို့နယ် ရေဝဏ်လမ်း ကျောက်တိုင်ကားမှတ်တိုင်အနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ မျိုးဝင်းထိုက်(ခ)မဲကြီးအား စစ်ဆေးရာ ၎င်းသည် အောက်တိုဘာလက တာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်းကြားအတွင်း ရပ်ထားသော Dream-110 အနက်ရောင် ဆိုင်ကယ်တစ်စီးအားခိုးယူခဲ့ကြောင်း၊ တာမွေ မြို့နယ် ဗညားဒလလမ်း ကျောက်မြောင်းကားမှတ်တိုင်အနီး ရပ်ထားသည့် JLM-Dream-110 အနက်ရောင် ဆိုင်ကယ်တစ်စီးအားခိုးယူခဲ့ကြောင်း၊ အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီခန့်တွင် မင်္ဂလာတောင်ညွန့် မြို့နယ် (၁၂၅)လမ်းထိပ်အနီး ရပ်ထားသည့် ယာဉ်တစ်စီးပေါ်တွင် အိပ်ပျော်နေသည့် အမျိုးသားတစ်ဦးထံမှ ရွှေချိန် ၁၅ ပဲ ခုနစ်ရွေးရှိ ဟမ်းချိန်းတစ်ခု၊ Huawei အမျိုးအစားဖုန်းနှစ်လုံးအား ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် အခြားခိုးမှုများနှင့်တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

(၃၈)ကြိမ်မြောက်
တံခွန်တိုင်တောရကျောင်းတိုက်ကြီး၏
စုပေါင်းမဟာဘုံကထိန်လှူဒါန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၌ အောင်စေတီဆရာတော်ကြီးနှင့်အတူ ဝါကပ်တော်မူကြပြီး ပုရိမဝါမှထကုန်သော သံဃာတော်အရှင်မြတ်တို့အား ကထိန်အာနိသင်အကျိုး(၅)မျိုးတို့ကို ရရှိပါစေ ခြင်းအကျိုးငှာလည်းကောင်း၊ ဆင်းရဲကင်းရာ မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရန် စိတ်ရည်သန်လျက် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ ကထိန်အလှူ့ရှင်၊ အလှူ့အမအပေါင်းတို့အား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာနေ့ရက်	- ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အလှူတော်မင်္ဂလာအချိန်	- နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ
အလှူတော်မင်္ဂလာကျင်းပမည့်နေရာ	- တံခွန်တိုင်တောရကျောင်းတိုက်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
မှတ်ချက်။	။ မွန်းလွဲ ၁၂း၃၀ နာရီတွင် တရားတော်နာ ရေစက်ချ အမျှပေးဝေပါမည်။

ဝေယျာဝစ္စအဖွဲ့
တံခွန်တိုင်တောရကျောင်းတိုက်၊ သာကေတ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက် (နန္ဒွင်းကုန်းရပ်ကွက်)၊ သုမင်္ဂလာ (ဒု) ဆင့်အိမ်ရာ၊ အောင်ချမ်းသာလမ်း၊ တိုက်(၃)၊ အခန်း(၁၀၄)(ပထမထပ်) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အတွက် ဦးတင်အောင်ကို [၁၂/ရကန(နိုင်)၀၃၂၆၆၁]ထံသို့ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စမ်းလွင်ဇာမော်ဦး(LL.B)
အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၆၄၂၀
အမှတ်(၂၁၁)၊ ပထမထပ်(ယာ)၊ (၃၇)လမ်း၊ (အထက်)၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉ ၇၃၀၃၈၆၄၅



အထက်မြန်မာပြည်သတင်း

ဆင်းရဲမှုကြောင့် အနာဂတ်ပညာရေး မနှောင့်နှေးစေရန် အခမဲ့စာသင်ကြားပေးမည်

မင်းကင်း နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သမိုင်းဝင် ရွှေစကားမြတ်စွာဘုရားစံပယ်တော်မူသော အမှတ်(၃) ရပ်ကွက် မဟာမင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်က ဦးဆောင်၍ ဆင်းရဲသည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေးအတွက် အခမဲ့စာသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ "ဆင်းရဲမှုကြောင့် အနာဂတ်ပညာရေး မနှောင့်နှေးစေရ" ဆောင်ပုဒ်နှင့်အညီ မင်းကင်းမြို့ရှိ စာသင်ဝိုင်းများမှ ဆရာ ဆရာမများက ပညာဒါနဝေငှသောအားဖြင့် ဦးသုမင်္ဂလ မဟာမင်းကျောင်းတိုက်က မြန်မာစာ ဦးထွန်းနိုင်ဦး၊ ZEC စာသင်ဝိုင်းမှ အင်္ဂလိပ်စာ ဦးအောင်ကျော်ဇံ၊ ဂုဏ်မြင့်အောင် စာသင်ဝိုင်းမှ သင်္ချာ ဦးမင်းနိုင်ဦး၊ မင်းမဟာစာသင်ဝိုင်းမှ ဓာတုဗေဒ ဦးမျိုးမြင့်အောင်၊ ထူးချွန်အောင်စာသင်ဝိုင်းမှ ရူပဗေဒ ဦးအေးလင်းမော်၊ အောင်သီရိစာသင်ဝိုင်းမှ ဇီဝဗေဒဒေါ်ဝေဖြိုးနှင်း၊ အောင်သရဖူစာသင်ဝိုင်းမှ ဘောဂဗေဒတို့က အသီးသီးသင်ကြားပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၄ ရက်တွင် ဘဒ္ဒန္တဇဝန ပဓာနနာယကဆရာတော်၏ မဟာမင်းကျောင်းတိုက်၌ ကျောင်းသားများ လက်ခံပေးပြီး နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီမှစ၍ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(ချင်းတွင်းသား)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

နိဗ္ဗာန်ရှာသူများအဖွဲ့ ကထိန်အလှူမင်္ဂလာကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၇

ထူးမြတ်လှသည့် ကထိန်အလှူတော်မင်္ဂလာကို မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် ဌာနဆိုင်ရာအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလအလှူရှင်များဖြင့်လည်းကောင်း လှူဒါန်းကြသလို စိတ်တူကိုယ်တူ မိတ်ဆွေသင်္ဂဟများစုပေါင်း၍ မိမိတို့အစုအဖွဲ့အလိုက် အလှူဒါနပြုကြသည်မှာ မြန်မာတို့၏ လေးစားဂုဏ်ယူဖွယ် ဓလေ့စရိုက်တစ်ခုပင်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း ကထိန်ရာသီအစဖြစ်သည့် အောက်တိုဘာ ၄ ရက်က မိတ်ဆွေသူငယ်ချင်းများ စုပေါင်းဖွဲ့စည်းထားသည့် ပါရဂဝေသီ(နိဗ္ဗာန်ရှာသူများအဖွဲ့)၏ ဒုတိယအကြိမ်မြောက် ကထိန်အလှူမင်္ဂလာပဒေသာပင်လှည့်လည်ပွဲ**(အပေါ်ပုံ)**ကို စည်ကားသိုက်မြိုက်စွာ လှည့်လည်အကြည်ညိုခံပြီး အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာအုပ်စု ခင်ကြီးကန်တောရကျောင်း၌ ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဆင်းရဲမှုလျှော့ချရေးအတွက် ငွေထုတ်ချေး

နတ်မောက် နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မကွက်သစ်ရပ်ကွက်ရှိ လက်လုပ်လက်စားအသင်းဝင်များအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံချက်အရ အောက်တိုဘာ ၂၇ ရက်က အသေးစားချေးငွေများ ထုတ်ချေးခဲ့ကြောင်း သိရသည်။

မြို့မကွက်သစ်ရပ်ကွက်မှ အခြေခံလူတန်းစား အသင်းဝင် ၃၈၀ အား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ဒုတိယအကြိမ် ထုတ်ချေးခြင်းဖြစ်သည်။ ထုတ်ချေးငွေများကို ရက်ပေါင်း ၆၀ အတွင်း နေ့စဉ် အချိုးကျပေးဆပ်သွားရမည်ဖြစ်သည်။ အတိုးနှုန်းမှာ တစ်လလျှင် ပုံသေ ၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အသင်းဝင်များ၏ ပေးဆပ်မှုအားကောင်းပါက တတိယအကြိမ် တစ်ဦးလျှင် ကျပ် ၉၀၀၀၀၊ စတုတ္ထအကြိမ်တွင် ကျပ် ၁၂၀၀၀၀ နှုန်းထုတ်ချေးသွားမည်ဟု မကွေးတိုင်းဒေသကြီးရုံးခွဲ မကွေးမြို့ ငွေချေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(မကွေးလှမြင့်)

ကျေးရွာချင်းဆက် ကျူတောအင်းတံတား ချဉ်းကပ်လမ်း မြေဖို့ရန်ကျန်ရှိနေ

ဖောင်းပြင် နိုဝင်ဘာ ၇

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပိုးစာကုန်း-မန်မော် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျူတောအင်းသည် မိုးရာသီတွင် ရေဝင်ရောက်သဖြင့် ပြည်သူများ သွားလာမှုခက်ခဲသောကြောင့် ရာသီမရွေးသွားလာနိုင်ရေးအတွက် စည်ပင်သာယာမှ တံတားဆောက်လုပ်ရန် ၂၉ သိန်းကျော် ချထားပေးခဲ့သဖြင့် တံတားအရှည် ၃၁ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ကိုးပေရှိ တံတားအား ဇူလိုင်လတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ယင်းတံတားသည် ကျူတောအင်းအတွင်း ဆောက်လုပ်ထားသဖြင့် ပိုးစာကုန်းဘက်ခြမ်းလမ်းပိုင်းမှ တံတားသို့ ချဉ်းကပ်လမ်းအရှည် ပေ ၂၁၀ ခန့်ရှိသည်။ ယင်းချဉ်းကပ်လမ်းအပေါ်ပိုင်းမြေအကျယ် ၁၃ ပေခန့်၊ အမြင့် ကိုးပေအား ချဉ်းကပ်လမ်းတာရိုးမြေပေါင်တင်ရန် ကျန်ရှိနေသည်။

ထိုသို့ တံတားချဉ်းကပ်လမ်းတာရိုးမြေပေါင်ပြုလုပ်ရန် ရွာသူရွာသားများ၏လုပ်အားဖြင့် ဆောင်ရွက်ရန် မလုံလောက်သလို သက်ဆိုင်ရာဌာနများမှ စက်ယန္တရားအကူအညီများဖြင့် ဆောင်ရွက်မှသာ လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြည်သူများမှ တင်ပြလာပါသည်။

ဒေသခံရွာသား ကိုဝင်းလှိုင်(တောင်သူ)က "တံတားချဉ်းကပ်လမ်းကို ဝက်ခြံရိုက်ပြီး မြေဖို့မယ်ဆိုရင် အကုန်အကျများမယ်။ ကာလရှည်ကြာ လုပ်ပေးရမယ်လို့ ထင်တယ်။ ကျွန်တော်တို့မှာလည်း မိသားစုဝမ်းရေးအတွက်ကလည်း ရှိသေးတော့ ဌာနဆိုင်ရာတွေကလည်း စက်ယန္တရားနဲ့ကူညီ၊ ကျွန်တော်တို့ကလည်း လုပ်အားနဲ့ အားဖြည့်မယ်ဆိုရင် အမြန်ပြီးနိုင်တာပေါ့။ ဝက်ခြံမရိုက်ဘူးဆိုရင် အမြင့်ကိုးပေ၊ အကျယ် ၁၃ ပေ ကို တာရိုးမြေပေါင် တင်မယ်ဆိုရင် အောက်ခြေပေ ၃၀ လောက်ကစပြီး မြေတင်ရမယ်။ သက်ဆိုင်ရာတွေကလည်း စက်ယန္တရား အကူအညီပေးစေချင်ပါတယ်"ဟု ပြောကြားသွားကြောင်း တင်ပြလိုက်ရပါသည်။

(ဇေယျာဝင်း)

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083(2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084(2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085(2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086(2013-2014)	27/8"x6.5lb/ft J55 EUE Tubing	(5000)Mtr	US$
(၅)	IFB-087(2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6)Items	US$
(၆)	IFB-088(2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5)Items	US$
(၇)	IFB-089(2013-2014)	Skid Mounted Single Pump Cementing Unit(With Engine Driven)	(1)Unit	US$
(၈)	IFB-090(2013-2014)	Welding Machine(400AMP)Mobile Type Diesel Engine Driven	(3)Units	US$
(၉)	IFB-091(2013-2014)	Portable Welding Machine & Accessories(200AMP DC)	(4)Units	US$
(၁၀)	IFB-092(2013-2014)	BOP Control Accumulator Unit	(1)Set	US$
(၁၁)	IFB-093(2013-2014)	6x8 R Mixing Pump	(3)Sets	US$
(၁၂)	IFB-094(2013-2014)	Stirred Fluid Loss Cell(Model-7120)	(1)Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light(Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil(PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5 KW Diesel Engine Driven Generating Set(3)Sets & 5HP 3Phase Induction Motor(1)No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ အား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၉-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန် အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **ဆေးရုံအုပ်ကြီးရုံး**

စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
တယ်လီဖုန်း-၀၈၁-၂၁၂၁၁၀၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) ရန်ကုန်- မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

(ခ) ရန်ကုန်- မန္တလေးလမ်းပိုင်း၌ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ရုပ်မြင်သံကြားစက်များ တပ်ဆင်၍ ကြော်ငြာခြင်းနှင့် ဖျော်ဖြေရေး အသိပညာပေးရေးလုပ်ငန်း

(ဂ) ရန်ကုန်မြို့ပတ်၊ ရိုးရိုးတွဲဆိုင်း(၁၄)ဆိုင်း၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

(ဃ) မြန်မာ့မီးရထားပိုင်မြေများ၊ မြစ်ကူးတံတားများ၊ လူကူးခုံးကျော်တံတားများတွင် ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

၂။ ဖော်ပြပါ တင်ဒါအတွက် တင်ဒါစည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ကျပ် (၁၀၀၀၀/-) ဖြင့် ၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ် (၇) ရန်ကုန်ဘူတာကြီး၊ မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးဘူတာကြီးနှင့် စီးပွားရေးဌာန၊ နေပြည်တော်ဘူတာကြီးများ၌ ဝယ်ယူနိုင်ပါသည်။

၃။ သက်ဆိုင်ရာလုပ်ငန်းအလိုက် တင်ဒါအဆိုပြုလွှာများကို စာအိတ်(က)ဖြင့် လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်(ခ)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ (စီးပွားရေး) ရုံးသို့ ၂၂-၁၁-၂၀၁၃ရက် (၁၂း၀၀) နာရီ နောက်ဆုံးထားပေးပို့သွားရမည်။ သတ်မှတ်ကာလ ထက် နောက်ကျပေးသွင်းပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ (စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်မြို့၊ ၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးမြို့၊ ၀၂-၆၆၇၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပဟေဠိ

မောင်မောင်(ယထ)

ပဟေဠိဆိုသည်မှာ အဓိပ္ပာယ်ဝှက်ထားသည့်စာ၊ စကား၊ စကားထာတို့ဖြစ်သည်ဟူ၍ မှတ်သားရပါသည်။ ကျွန်တော်အလုပ်ထဲရှိစဉ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးဟောပြောခဲ့ရပါ၏။ ဟောပြောပွဲတစ်ခုတွင် ဂုဏ်သရေရှိလူကြီးမင်းတစ်ဦးက လူပုံအလယ်မှာပဟေဠိဆန်သည့် အမေးတစ်ခုမေး၏။ ပြေလည်အောင် အဖြေမပေးနိုင်ပါလျှင် အရှက်လှလှကြီးကွဲမှာပါ။ သူ့အမေးက "ပဟေဠိ"ဆန်သလောက် "ဉာဏ်စမ်း"လိုတာလည်းပါမည်ထင်ပါ၏။ ကျွန်တော့်အတွေ့အကြုံအရ ယင်းအမေးကိုမဆိုင်းမတွ သွက်သွက်လက်လက် သူကျေနပ်သည့် အဆင့်ရောက်အောင် အဖြေပေးလိုက်နိုင်ပါသည်။ ဤသို့လျှင် လူပုံအလယ်၊ လူကြားသူကြားတွင် သူတို့သိလိုသမျှ "မေးခွန်းမြား"များကို ပစ်လွှတ်တတ်ပါ၏။ အနီမြားများက ကိုယ့်ကိုမထိမှန်စေရန် ဖျတ်လတ်သွက်လက်စွာ အရအမိဖမ်း ဆုပ်ကိုင်ထားနိုင်ရပါမည်။

မေး။ ။ ကျွန်တော်ဟာ နိုင်ငံတကာရောက်ဖူးသူပါ၊ ရောက်တဲ့နိုင်ငံတိုင်းမှာလည်း ဝါသနာအလျောက် ကိုယ်တိုင်ယာဉ်မောင်းခဲ့ပါတယ်။ ယာဉ်မောင်းတာမှာ နိုင်ငံတကာအတွေ့အကြုံရှိပါတယ်။ သတ်မှတ်စည်းကမ်းများကို အတိအကျလိုက်နာတယ်၊ သိပ်သတိထားတယ်၊ ဂရုစိုက်တယ်၊ သတိလက်လွတ်မရှိဘူး၊ ဒါကြောင့် ယာဉ်တိုက်မှုတစ်ခါဆိုတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ ဒါပေမယ့် မြန်မာပြည်လည်းပြန်ရောက်ရော သတ်မှတ်စည်းကမ်းများကို အတိအကျ အမိအရလိုက်နာပြီး မောင်းခဲ့ပေမယ့် ယာဉ်တိုက်မှုဖြစ်ခဲ့တယ်ဗျာ။ အဲဒါဘာကြောင့်ပါလဲ။

ဖြေ။ ။ လူကြီးမင်း ဘယ်လောက်ပဲ စည်းကမ်းလိုက်နာပြီးမောင်းမောင်းပါ၊ စည်းကမ်းမလိုက်နာဘဲ မဆင်မခြင် ဘေးအန္တရာယ်ဖြစ်စေလောက်အောင် အရမ်းပဲကြမ်းတမ်းပေါ့ဆစွာ မောင်းတဲ့သူနဲ့တွေ့လို့ကတော့ ယာဉ်တိုက်မှုဖြစ်မှာပါ။ "ငြိ"မှာပါ။ အဲဒီယာဉ်တိုက်မှုရဲ့ "အမှုသည်"ဖြစ်မှာပဲ။ "နစ်နာသူ"လား၊ "ကျူးလွန်သူ"လား။ "တစ်ဖက်အမှား"လား၊ "ကိုယ့်အမှား"လား။ နှစ်ဘက်စလုံးအမှားလား။ သက်သေပြရန်တာဝန်ရှိတဲ့ "အမှုသည်"ဖြစ်မှာပါ။ ကိုယ့်ဘက်ကဘယ်လောက်မှန်တယ်ဆိုတာ ရှင်းလင်းရတဲ့အမှုဖြစ်တာပါ။ ကိုယ်ကတစ်စက်ကလေးမှ မမှားဘူး။ ကိုယ်က "နစ်နာသူ"ဆိုတာဖြေရှင်းရမှာပါ။ "နစ်နာသူ"နဲ့ "ကျူးလွန်သူ" ဒါပဲကွာတာပါ။အမှုဖြစ်တာကတော့ဖြစ်တာပါပဲ။ သက်သေပြရန်တာဝန်ရှိသွားပါပြီ။ "အမှု"ဆိုတာဟာ "ဖြေရှင်းရသောကိစ္စ"၊ "ပြုဖွယ်ကိစ္စ"တို့ မဟုတ်ပါလား။

မေး။ ။ ခြေကျင်လျှောက်သူတစ်ဦးဟာ ယာဉ်တစ်စီးလာနေစဉ် အဲဒီယာဉ်ရဲ့ရှေ့ကို "လျှပ်တစ်ပြက်" အရှိန်နဲ့ ပြေးထွက်ထိုးလှဲအိပ်ချလိုက်တယ်။ ယာဉ်မောင်းက သတိကြီးကြီးနဲ့ ရှောင်နိုင် ရပ်လိုက်နိုင်လို့ မတိုက်မိဘူး၊ သီသီလေး လွတ်တယ်ဆိုရုံလေး လွတ်သွားတယ်။ ပတ်ဝန်းကျင်ကအမှတ်တမဲ့ ကြည့်လိုက်သိလိုက် မြင်လိုက်ရသူတွေကတော့ တိုက်မိတယ်လို့ပဲထင်ကြတယ်။ ဒါပေမယ့် သူဟာနေရာမှာတင်ဘဝတစ်ပါးသို့ ထွက်ခွာသွားရ ရှာတယ်၊ ဘာကြောင့်ပါလဲ။ ရှင်းပြပေးပါ။

ဖြေ။ ။ ယာဉ်မောင်းရဲ့သတိကြီးမှု၊ သမ္မာရင့်ကျွမ်းကျင်နိုင်နင်းမှုတို့ကြောင့် သူ့ကိုမတိုက်မိခဲ့ပါ။ သို့သော် သူကံဆိုးရှာပါတယ်။ သူ့ဘဝဇာတ်သိမ်းသွားခဲ့ရှာပါတယ်။ အမှန်အတိုင်းပြောရရင် သူ့ဘဝ၊ သူ့ဆန္ဒတွေ ပြည့်ဝသွား သလားတော့မပြောတတ်ပါ။

သူယာဉ်ရဲ့ ရှေ့ကိုထိုးလှဲအိပ်ချလိုက်စဉ်က သူ့ဦးခေါင်းခွံနဲ့ ကတ္တရာလမ်း အပြင်းအထန်ရိုက်ခတ်မိသွားပြီး ဦးခေါင်းခွံအက်ကွဲသွားခဲ့တာပါ။ ပတ်ဝန်းကျင် မျက်မြင်သက်သေများရဲ့အမြင်ကတော့ ကားတိုက်မိသွားတယ်လို့ပဲ မြင်ကြ ထွက်ဆိုကြပါတယ်။ ယာဉ်မောင်းခမျာ ယင်းအမှုကို ခက်ခက်ခဲခဲရှင်းခဲ့ရပါတယ်။ "သံတိုင်ကြားနေရာ"နဲ့ "နံရံတစ်ချပ်ခြားဒေသ"တွေမှာ သူ့ရဲ့အဖိုးတန် အချိန်တော်တော်များများ ပေးဆပ်စံမြန်းနေရပြီး အဲဒီအမှု အရှုပ်အထွေးကို ဖြေရှင်းနေရပါတယ်။ အမှောင်ကျနေတဲ့ အမှန်တရားကို အလင်းရောက်အောင်ဖော်ထုတ် သက်သေပြခဲ့ရတယ်။ အခု "ဘဝအဆုံး" ကို ရောက်သွားရှာသူဟာ မအောင်မြင်သည့် ကိုယ့်ကိုယ်ကိုယ်သတ်မှု၊ သေကြောင်းကြံမှုဟာ "နှစ်ကြိမ်ရှိခဲ့ဖူးတယ်"ဆိုတဲ့အချက်ပေါ်ပေါက်ခဲ့ပါတယ်။ ဒီအချက်ဟာ "စပ်ဆိုင်တဲ့အရာ"ပါပဲ။ ယာဉ်ရှေ့လှဲအိပ်ချတယ်ဆိုတဲ့အချက်ကို ထောက်ခံထားတယ်ဆိုရင် မမှားဘူးထင်ပါတယ်။ အဓိကအချက်က ဦးခေါင်းအက်ကွဲတဲ့ဒဏ်ရာ။ ဒီဒဏ်ရာဟာ ယာဉ်ကြောင့် ဟုတ်၊ မဟုတ်။ ဘာကြောင့်ရတာလဲ။ ယာဉ်ကြောင့်၊ ယာဉ်နဲ့ငြိခဲ့တယ်ဆိုရင် ယာဉ်ပေါ်မှာ သူ့ပစ္စည်းဘာကျန်ခဲ့သလဲ။ ဆံပင်၊ အသွေးအသား အရေထူ၊ အရေပါး စသည်များ၊ သွေး၊ ချွေး၊ တံတွေးအဆီများ အရာဝတ္ထုနှစ်ခုငြိပါက တစ်ခုက အခြားပစ္စည်းတစ်ခုပေါ် ရောက်နေတတ်တာ သဘာဝသိပ္ပံနည်းကျ အရှိန်ပြင်းပြေးထွက်လို့ လမ်းအမာခံနဲ့ ပြင်းထန်စွာဆောင့်မိလို့ရခဲ့တာ ဟုတ်၊ မဟုတ်။ ယာဉ်ကြောင့်ဆိုတဲ့ သံသယပျောက်အောင်၊ အကြိမ်ပေါင်းများစွာ အပြန်ပြန်အလှန်လှန် လှုပ်ရှားမှု အဖြာဖြာ၊ စုံစမ်းစစ်ဆေးမှုအခါခါ။ သက်ဆိုင်ရာ ယာဉ်မှုစစ်နဲ့မှုခင်းတပ်ဖွဲ့တာဝန်ရှိသူတွေက အမှုကိုခိုင်လုံအောင် ရှင်းလင်းဖော်ထုတ်၊ သက်သေခံအထောက်အထားတွေ၊ သဲလွန်စဒြပ်ဝတ္ထုအစအန အမှန်အမှားတွေကအစ၊ "တစ်မြို့တစ်မ"ကြီးနဲ့ရှင်းလင်းသန့်စင်စွာ တင်ပြနိုင်ခဲ့လို့သာ သည်ယာဉ်မောင်းကို ကံကြမ္မာတရားသူကြီးက ကံတရားဥပဒေအရ မျက်နှာသာပေးလိုက်တာပါ။ (အပြစ်ရှိသူတစ်ရာ၊ အမှုကလွတ်ချင်လွတ်သွားပါစေ။ အပြစ်မရှိသူတစ်ဦးကို မှားယွင်းပြီး အပြစ်ဒဏ်မချမိဖို့ အရေးကြီးပါ၏။)

မေး။ ။ ခြေကျင်ခရီးသည် မောင်အလုပ်သမားကြီးတစ်ဦး နက်ပြာဝတ်စုံကြီးနဲ့သားရေလည်ရှည် ဖိနပ်ကြီးစီးလို့။ ယာဉ်ထူထပ်ချိန်၊ သူ "အလောတကြီး"၊ "အချိန်လု" ကားလမ်းဖြတ်ကူးပါတယ်။ သူ့ဘယ်ဘက်ယာဉ်ကြောကလာတဲ့ယာဉ်က သူ့မျှော်လင့်ခြင်းကြီးစွာထားခဲ့သလို မဟုတ်ဘဲ အရှိန်မလျှော့လို (တချို့ယာဉ်မောင်းတွေက ဘာလဲညစာမစားချင်တော့ဘူးလား၊ စမ်းတာလားဆိုပြီး လီဘာပိုနင်း၊ အရှိန်ထပ်မြှင့်တတ်၏။) အရှိန်ပြင်း ယာဉ်နဲ့တိုက်မိ၊ ခိုက်မိ၊ ငြိမိရှာပါတယ်။ သည်အရှိန်ဘယ်လောက်ပြင်းသလဲဆိုရင် အလုပ်သမားကြီးရဲ့ ခန္ဓာကိုယ်ကြီးဟာ မြောက်တက်သွားပြီး သူ့ညာဘက် တစ်ဖက်ယာဉ်ကြောကလာနေတဲ့ ယာဉ်ရဲ့ စက်ဖုံးပေါ်ကို တိုက်တိုက်ဆိုင်ဆိုင် လွင့်စဉ်ကျလာပါတယ်။ သည်ယာဉ်နှစ်စီးအနက် ဘယ်ယာဉ်ကြောင့် "မောင်အလုပ်သမားကြီး"ဘဝ လမ်းဆုံးသို့ ရောက်သွားရရှာပါသလဲ၊ ဘယ်သူ့လက်ချက်လဲ၊ သူနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တရားခံဘယ်သူလဲ။

ဖြေ။ ။ အလုပ်သမားကြီးကို စတင်တိုက်ခဲ့တဲ့၊ "ငြိ"ခဲ့တဲ့ ယာဉ်ကြောင့်လား။ အတပ်ပြောနိုင်ပါ့မလား။ အထင်နဲ့အတွေးနဲ့ ကြိုတင်ဆုံးဖြတ်လို့ရတဲ့ လုပ်ထုံးလုပ်နည်းကောရှိခဲ့ပါသလား။ ထိုစဉ်က သူကိစ္စမတုံးသေးဘူး။ အသက်ငွေ့ငွေ့လေး၊ အသက်ပန်းရောင်လေး ကျန်ချင်ကျန်နိုင်တယ်။ အသက်ဆွဲဆန့်လို့ရချင်ရနိုင်တယ်။ ခရီးဆုံးမရောက်သေးဘူး။ တစ်ဖက်ယာဉ်ပေါ်လွင့်စဉ်ကျလို့သာ စက်ဖုံးနဲ့အပြင်းအထန်ရိုက်မိပြီး သူ့ကြောင့်ကိစ္စချောသွားတာလို့ သည်သို့အဖြေတစ်မျိုးထွက်တယ်။ စတင်တိုက်မိတဲ့ယာဉ်က သည်သို့ပြောမှာဧကန်။ တစ်ဘက်ယာဉ်ကလည်း " ဟိုဘက်ယာဉ်နဲ့စငြိကတည်းက အလုပ်သမားကြီးရဲ့ "အသက်နဲ့ခန္ဓာအိုးစားကွဲ" ခဲ့တာပါ။ သည်ဘက် ယာဉ်ရဲ့စက်ဖုံးပေါ်ကို "သက်မဲ့ခန္ဓာကိုယ်ကြီး" လွင့်စဉ်ကျလာတာပါ။ "အသက်ပါကိုပါမလာပါဘူး" ဟုပြောမယ်၊ ဖြေမယ်။ ဤကား အဖြေနောက်တစ်မျိုးထွက်ခြင်းဖြစ်တယ်။ ထိုသို့အဖြေနှစ်မျိုးထွက်နေသည့်အတွက် "မဝေခွဲနိုင်သည့်ပြဿနာ"။ ဘယ်သူကြောင့်လိပ်ပြာလွင့်သွားတယ်ဆိုတာ "မိုးနတ်မင်းကြီး"မှ သိနိုင်မယ့်အခြေအနေ။ ထိုသို့တပြီးကား။ အနှီယာဉ်နှစ်စီးစလုံးကို တရားသူကြီးထံမှောက် အရောက်တင်ပို့ပြီး တရားရုံး၏အဆုံးအဖြတ်ကို ယူရပါမယ်။ ယာဉ်မှုစစ်ကသူသည် အကြိုတရားသူကြီး(Pre-Judge) ဖြစ်တယ်။ သည်အမှုကိုအထင်နဲ့ ကြိုတင်မှန်းဆဆုံးဖြတ်ကာ တစ်ဖက်သတ် ယာဉ်တစ်စီးတည်းကိုသာ "ဝ" ကွက်ပြီး တရားရုံးတင်ပို့ခဲ့ပါက "လူ့သဘာဝစိတ်အခြေခံ"များအရ၊ "တိုင်စာ"၊ "ပစ်စာ"မီဒီယာ၊ စာနယ်ဇင်းရှင်းလင်းပွဲ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်တွေမှာ "ပလူပျံ" သွားနိုင်ပါတယ်။ (မယုံရင်စမ်းကြည့်)။ ဘက်လိုက်တယ်၊ အဂတိလိုက်စားတယ်ဟု စွပ်စွဲခံရတတ်ပါတယ်။ "ဘုန်းကြီးအမှုရှာပတ်"တတ်ပါတယ်။ တရားစွဲအရာရှိ ကြားလူ၊ ယာဉ်အမှုစစ်ကနေ နေရာပြောင်းသွားနိုင်ပါတယ်။ နောက်တစ်မှုတိုးဖို့သေချာသလောက်ပါပဲ။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများမှ ပရိသတ်များ၏ ပဟေဠိဆန်သော အမေးများနှင့်အဖြေအချို့ကို မိဘပြည်သူများထံ မှုခင်းဖြစ်စဉ်များကင်းဝေးနိုင်ရေးနှင့် ယာဉ်အန္တရာယ်စုပေါင်း ကာကွယ်နိုင်ရေးတို့ ရည်ရွယ်ကာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် "သုတ"ရလို့ရငြား တင်ပြလိုက်ပါရစေ။ ပြည်သူများသည် မှုခင်းအဖြာဖြာနှင့် ယာဉ်အန္တရာယ် အသွယ်သွယ်တို့မှ အခါခပ်သိမ်းကင်းငြိမ်းနိုင်ကြပါစေဟု ဆုမွန်ချွေလိုက်ပါရစေ။ ။

အစိုးရ/စီးပွားရေးကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ် ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၄-၁၁-၂၀၁၃ ရက် ဖြစ်ပါသည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၂၉-၁၁-၂၀၁၃ရက်၊ မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစား(၁)ခု၊ ကျပ်(၃၀၀၀ိ/-)ဖြင့် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)
ဖုန်း-၀၆၇-၄၁၀၀၉၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	EPSON Stylus Pro 9900 Printer	1No.

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ရက်ထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ရက်၊ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်လှစ်မည့်အချိန် - ၁၈-၁၁-၂၀၁၃ရက်၊ မွန်းလွဲ ၂နာရီ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၆၇ ၄၀၆၃၄၇နှင့် ၀၆၇-၄၀၆၃၂၇၊၀၁-၆၅၇၃၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျန်းမာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့ ဆေးနှင့်ဆေးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ-
(က) ခုတင်(၁၀၀)ဆေးရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ
(ခ) ခုတင်(၅၀)ဆေးရုံ(၂)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ
(ဂ) ခုတင်(၂၅)ဆေးရုံ(၈)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
၂။ ဈေးနှုန်းတင်ဒါတင်သွင်းပုံစံများ
စတင်ရောင်းမည့်နေ့ရက် - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချပေးပါမည်။
အိတ်ဖွင့်တင်ဒါပိတ်ရက် - ၂၉-၁၁-၂၀၁၃ ရက် (သောကြာနေ့) ညနေ(၁၆း၀၀)နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျန်းမာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၄-၂၁၀၇၀၊ ၀၈၄-၂၄၀၁၆သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

ရောင်းမည်

၁။	ရန်ကုန်-ပဲခူးလမ်းမပေါ် မေးတင်(၀. ၃၆)ဧက (ရွှေအုန်းပင်ထမင်းဆိုင်အနီး)	သိန်း ၁၂၀၀၀
၂။	ရန်ကင်း(၃)လမ်း၊ လှည်းကူးမြို့နယ်၊ ပေ(၈၀×၈၀) ထောင့်ကွက်၊ (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်) အာဆီယံဟိုင်းဝေး-၁	သိန်း ၄၅၀၀
၃။	ညောင်နှစ်ပင်မွေးမြူရေးဇုန်(၁၀)ဧက	သိန်း ၂၅၀၀
၄။	ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၅)ဧက	သိန်း ၁၁၀၀
၅။	သာယာကုန်း(ကျွန်းကလေးကျေးရွာ) (၁)ဧက (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်)	သိန်း ၆၅၀၀

ဆက်သွယ်ရန် **ဖုန်း-၀၉-၄၅၀၀၁၁၁၁၁၊ ၀၉-၈၆၁၀၈၈၈၊ ၀၉-၅၁၂၂၇၆၆**



ပြည်တွင်းရေးရာ

ဇော်ဂျီမြစ်ကမ်းပါးပြိုကျမှု ပြန်လည်ပြုပြင်လျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၇

ကျောက်ဆည်မြို့၌ အောက်တိုဘာ ၁၉ ရက်က မိုးရွာသွန်းမှုများခြင်းကြောင့် ဆူးကုန်းရပ်ကွက် အထက(၁) သွား တံတားအောက်ဘက် ပေ ၁၀၀ ခန့်အကွာနှင့် တစ်ဖာလုံခန့်အကွာ နေရာနှင့် အထက်ဘက် တစ်ဖာလုံခန့် အကွာတို့တွင် ဇော်ဂျီမြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ အဆိုပါမြစ်ကမ်းပါးပြိုကျမှုများကို ပြန်လည် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုများခြင်းကြောင့် ဆူးကုန်းရပ်ကွက် အထက(၁)သွားတံတားအောက်ဘက် ပေ ၁၀၀ ခန့် အကွာနေရာသည် မြစ်အတွင်းသို့ အရှည် ပေ ၅၀၊ အကျယ် ငါးပေခန့်ပြိုကျခဲ့ခြင်းဖြစ်ပြီး ကျောက်ဆလံများ၊ မြစ်ကာရံထားသည့် သံဆန်ခါများ မြစ်အတွင်းသို့ ပြိုကျခဲ့သည်။ တခြားနေရာများတွင် ကျောက်ဆလံများသာ ပြိုကျခဲ့ခြင်းဖြစ်ရာ ပျက်စီးသွားသော ကျောက်ဆလံများကို ပြန်လည်ဖော်ထုတ်ခြင်း၊ ကျောက်ဆလံအသစ်များ ပြုလုပ်လျက်ရှိသည်။

ပြုပြင်မှုများနှင့် ပတ်သက်၍ "အခုမြစ်ထဲပြိုကျသွားတာတွေ ပြန်ဖော်ပြီးပြင်နေတာတွေ့တယ်။ ခိုင်ခိုင်ခံ့ခံ့ ပြင်ပေးစေချင်တယ်။ တော်ကြာရေတိုက်စားလို့ရှိရင် နောက်တစ်ခါ ဒီလိုပဲဖြစ်မှာစိုးရိမ်ရတယ်။ အခုတစ်ကြိမ်တောင် မနက် ၉ နာရီလောက်မှာဖြစ်တာ၊ ဝုန်းဆို အသံမြည်ပြီး ရေထဲကျသွားတာ၊ ကျွန်မတို့က ငလျင်လှုပ်တာမှတ်နေတာ၊ အခုက သစ်ပင်နှစ်ပင်ကြားဖြစ်သွားလို့ ဒီလောက်ပဲဖြစ်တာ၊ သစ်ပင်မရှိရင် ဒီထက်ပိုဆိုးနိုင်တယ်" ဟု အနီးဝန်းကျင်တွင် နေထိုင်သည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကြံတန်ချိန် နှစ်သိန်းကျော် ရေတာရှည်သကြားစက်မှ ဝယ်ယူမည်

ရေတာရှည် နိုဝင်ဘာ ၇

ရေတာရှည်အမှတ်(၆) သကြားစက်ရုံမှ ၂၀၁၃-၂၀၁၄ ခုနှစ် ကြံရာသီတွင် ကြံတန်ချိန် နှစ်သိန်းကျော် ဝယ်ယူမည်ဟု သိရသည်။ ကြံစိုက်ပျိုးထားသည့် တောင်သူ များသည် ဝယ်ယူဈေးမြင့်တက်မှုကြောင့် ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ကြံတစ်တန်လျှင် အဝယ်ဒိုင်ဈေး ကျပ်သုံးသောင်းနှုန်းဖြင့် ဝယ်ယူခြင်းဖြစ်သည်။ "ကျွန်တော်တို့ ဒီနှစ်ကြံရာသီကို အခုနိုဝင်ဘာ ၂၉ ရက်မှ စဝယ်မယ်။ အရင်နှစ်တွေက သုံးလသတ်မှတ်ပေးမယ့် အခုရာသီမှာ ကြံတန်ချိန် နှစ်သိန်းကျော်ဝယ်ယူမယ်၊ နောက်ကြံရာသီက နိုဝင်ဘာကနေ မတ်လအထိ တိုးချဲ့ဝယ်ယူမယ်" ဟု အမှတ်(၆) သကြားစက် ဒု-စက်ရုံမှူး ဦးတင်ဌေးက ပြောပြသည်။ ကြံဝယ်ယူရာတွင် တောင်သူများ၏ စိုက်ခင်းများအရောက် ကြံသယ်ယာဉ်များဖြင့် လိုက်လံဝယ်ယူမည်ဖြစ်ပြီး အချိန်ကြန့်ကြာမှု မရှိစေရန်နှင့် တောင်သူများ အကုန်အကျသက်သာစေရန် စီစဉ်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မျိုးကွဲနုတ်ပယ်ခြင်း၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း လက်တွေ့သရုပ်ပြပွဲကို သုံးခွမျိုးသန့်ခြံ၌ ကျင်းပ

သုံးခွ နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) သုံးခွမျိုးသန့်ခြံတွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး မျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း မျိုးကွဲနုတ်ပယ်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေး လက်တွေ့သရုပ်ပြပွဲ**(အပေါ်ပုံ)**ကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းမြင့်က အကျိုးဆောင်တောင်သူများအား တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ စနစ်တကျ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး၊ တောင်သူများ မိမိဒေသနှင့် ကိုက်ညီပြီး ဈေးကွက်ကောင်းသော မျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မိုးစပါးကို ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြုပြီး အမြန်ရိတ်သိမ်းခြွေလှေ့ရေး၊ အခြောက်ခံစက်များ ဝယ်ယူအသုံးပြုရေး၊ မိုးစပါးပြီးစီးပါက ဆောင်းသီးနှံပဲမျိုးစုံ အချိန်စောစောစိုက်ပျိုးရေး၊ အပိုဝင်ငွေရရှိရေးအတွက် လယ်ကန်သင်းတင် သီးနှံစိုက်ပျိုးရေးတို့ကို ကွင်းဆင်းပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် သုံးခွမျိုးသန့်ခြံတာဝန်ခံ ဒေါ်ချိုမာသက်က မျိုးစေ့ထုတ်ပျိုးထားသော ဧရာမင်း၊ ရတနာတိုး၊ ဆင်းသုခ၊ ရေဆင်းလုံးသွယ်စပါးမျိုးများ မျိုးကွဲနုတ်ပယ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ပြသရှင်းလင်းခဲ့ပြီး တောင်သူများ၏ သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ကြည်စိုးလွင်-သုံးခွ)

သိပ္ပံကျော် ဦးကျော်မြင့်
SCHOOL OF MATHS
IGCSE, GCE(A), SAT
၁၀၈၊ ၄(လွှာ)၊ ၃၈လမ်း၊
ကုန်သည်နှင့် ဗန္ဓုလကြား။
ဖုန်း-၀၉-၅၀၀၇၈၉၆၊ ၀၁-၃၈၆၆၃၉



မြူမှောင်ဝေကင်း. . . ငွေအဆင်းဆန္ဒ

အင်း. . . အလိမ္မာစာမှာရှိတယ်လို့ဆိုပေမယ့် အမှန်တော့ လူမှာရှိဖို့ ပိုပြီးအရေးကြီးပါတယ်။

ဒီအသိတရားတွေကြောင့်လည်း **"အလိမ္မာပန်းများလန်းရာမြေ"**ဆိုတဲ့ ကျူရှင်ဖွင့်ပြီး အလိမ္မာလေးတွေ မွေးထုတ်ပေးနေသလို ပြည်သူ့အကျိုးပြုစာပေတွေကိုလည်း အမြဲမပြတ်ရေးသားနေတာပေါ့။ နီဂရိုးတစ်ယောက်အကြောင်းကို ရေးမယ်ဆိုရင် သူ့ရဲ့မည်းနက်နေတဲ့အသားအရောင်ကို အပြစ်တင်ရေးသားမယ့်အစား သန့်ရှင်းဖြူဖွေးနေတဲ့ သူ့ရဲ့သွားလှလှလေးတွေကိုပဲ ချီးကျူးရေးသားချင်တာက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ပုံစံ ဆိုပါတော့၊ အကောင်းမြင်ဝါဒသမားလို့လည်း ခေါ်ချင်ရင်ခေါ်နိုင်ပါတယ်။

အရင်ကဆိုရင် သတင်းစာတိုက်တွေက စာမူခတွေပို့မပေးလို့ ရန်ကုန်ရောက်ဖြစ်မှပဲ စုပြီးထုတ်ခဲ့ရပေမယ့် အခုတော့ ဘဏ်တိုက်တွေနဲ့ စာတိုက်တွေကတစ်ဆင့် ပို့ပေးနေပြီမို့ ရေးရကျိုးလည်းနပ်သွားပါပြီ။ ရေးအားလည်း ပိုရှိသွားပါပြီ။ အခုလို အဆင်ပြေအောင် ဆောင်ရွက်ပေးတာကိုလည်း ကျေးဇူးအထူးတင်မိပါတယ်။

တစ်နေ့က ညနေ ၃ နာရီလောက်မှာ ရေဒီယိုမြန်မာ့အသံက စွယ်စုံအနုပညာရှင် စောမင်းနောင်ဆီကိုပို့ဖို့ဆိုပြီး **"ပြုံးပဒေသာ"**ဟာသစာမူလေးတွေ ရေးလို့ကောင်းနေတုန်း ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်က ဖုန်းဆက်လာတယ်။ **"မင်္ဂလာပါဆရာ. . . ကျွန်မတို့ ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ကပါရှင်၊ ရန်ကုန်ဘဏ်ခွဲ(၃)က ဆရာ့နာမည်နဲ့ ငွေလွှဲပို့တာ အခုပဲရောက်ပါတယ်။ ဆရာလာထုတ်မယ်ဆိုရင် ဘဏ်ပိတ်ပြီဖြစ်ပေမယ့် ဆရာလာတဲ့အထိစောင့်ပြီး ထုတ်ပေးပါမယ်ရှင်"** ဆိုတဲ့ အသံသာသာလေးကြားလိုက်ရတော့ အံ့သြဝမ်းသာဖြစ်ရပါတယ်။ ဘဏ်ဖွင့်ချိန်လွန်သွားတဲ့အထိတောင် စောင့်ပြီးငွေထုတ်ပေးနေတဲ့ သူတို့တွေရဲ့ စေတနာကို လေးစားတဲ့အနေနဲ့ ဆိုင်ကယ်ကို ကပျာကယာစီးပြီး ဘဏ်ကိုငွေသွားထုတ်ဖို့သွားတော့ ဦးထုပ်ဆောင်းမသွားမိလို့ ဒဏ်ငွေကျပ် ၃၀၀၀၀ ထိပါရောလားဗျာ။ နိုင်ငံကျော်အဆိုတော် ဒေါ်မာမာအေးသီဆိုထားတဲ့ အမျိုးသားတွေရဲ့ အသည်းဆိုင်ကို ဆွဲကိုင်လှုပ်ခဲ့ဖူးတဲ့ **"မေ့ကွက်ကိုရှာ"** သီချင်းထဲက စာသားလေးကို နည်းနည်းလောက်ပြောင်းပြီး **"မောင့်အပြစ်နဲ့မောင်သာ ရှိပါစေတော့မေရေ"**လို့သာ အော်ပြီး ဆိုလိုက်ချင်ပါတော့တယ်။

ဘဏ်ကိုရောက်တော့ ညနေ၃ နာရီကျော်နေပြီဖြစ်ပေမယ့် ငွေလွှဲသူအချို့နဲ့ ငွေထုတ်သူအချို့ကိုစောင့်ဆိုင်းပြီး လွှဲပေး၊ ထုတ်ပေးနေတာကို တွေ့ရတယ်။ ကျွန်တော့်ကိုလည်း ရောက်ရောက်ချင်းပဲ ငွေထုတ်ပေးတဲ့အတွက် ဝမ်းသာရပေမယ့် ထုတ်ရတဲ့စာမူခက ကျပ်၂၀၀၀၀ တည်းရယ်။ ဆိုင်ကယ်ဦးထုပ်မဆောင်းမိခဲ့လို့ ဒဏ်ငွေဆောင်ရမှာက ကျပ် ၃၀၀၀၀ ဆိုတော့ အရင်းမပါတာတောင် အရှုံးထွက်ဆိုသလို ဖြစ်ရတာမို့ တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားရဲ့ နာမည်လိုပဲ၊**"ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မိသိန်းကြည်"** လို့ ပြောရမလိုဖြစ်ခဲ့ပါတယ်။ **"ဗိုလ်အောင်ဒင်"**ဇာတ်ကားထဲက ခင်မောင်ရင် ပြောသလို **"ဒုက္ခပါပဲ မမြဝင်းရယ်"** လို့သာညည်းလိုက်ချင်ပါတော့တယ်ဗျာ။

အဲ. . . ငွေထုတ်ရင်းက ဘဏ်ကိုရောက်တုန်းရောက်ခိုက် ဟိုဟိုဒီဒီ သေချာကြည့်လိုက်တဲ့အခါ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲရဲ့ ဘဏ်တိုက်ကြီးဟာ ပုဂ္ဂလိကဘဏ်တွေနဲ့ ဘယ်လိုမှမယှဉ်နိုင်လောက်အောင် အရမ်းကြီးဟောင်းနွမ်းအိုမင်းနေတာကို စိတ်မကောင်းစွာနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဘဏ်ထဲမှာလည်း အခန်းကကျဉ်းကျဉ်း၊ ဝန်ထမ်းကများများနဲ့ ပြည့်ကျပ်နေပြီး မီးလာနေတာတောင် ထင်ထင်လင်းလင်း ခံ့ခံ့ညားညား မဟုတ်လေတော့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းတွေခမျာမှာ ပုဂ္ဂလိကဘဏ်တွေလို ငွေစုဘဏ်လုပ်ငန်းတွေ၊ ချေးငွေလုပ်ငန်းတွေနဲ့၊ ငွေလွှဲလုပ်ငန်းတွေကို မြန်မြန်ဆန်ဆန်လုပ်ပေးရတဲ့အပြင် ဌာနဆိုင်ရာတွေနဲ့ ဘဏ်လုပ်ငန်းတွေနဲ့ ပင်စင်လုပ်ငန်းတွေကိုပါ ဘယ်လိုပဲ အပင်ပန်းခံပြီးလုပ်ပေးနေပေမယ့် ဒီလိုဘဏ်အိုဘဏ်ဟောင်းကြီးကို ဘယ်သူကအထင်ကြီးပြီး ဘယ်သူက လာချင်မှာလဲဗျာ။ ခရိုင်ဘဏ်ခွဲဆိုတဲ့ ဂုဏ်အင်္ဂါနဲ့ညီတဲ့ အဆောင်အယောင်လေးတော့ ရှိဖို့လိုတယ်လေ။ လူမှာအဝတ် တောင်းမှာအကွပ်ဆိုတာလို ဟန်ကောင်းဖို့လည်း လိုသေးတယ်မဟုတ်လား။ ဆားဆိုရင်လည်း ငန်နေမှ ကောင်းတယ်။ နာရီဆိုရင်လည်း မှန်နေမှကောင်းတယ်။ အဲ အဆောက်အအုံဆိုရင်လည်း ပျံ့နေမှကောင်းတော့မှာပေါ့။

တစ်ခါတုန်းက လူတစ်ယောက်စပ်ဆိုထားတဲ့ကဗျာကို နောက်တစ်ယောက်က သူ့လက်ရေးနဲ့ကူးပြီး **"ဒီကဗျာလေးကောင်းရဲ့လား"**လို့ ကဗျာရှင်ကိုမေးပြီး ပြကြည့်တဲ့အခါ ကဗျာဆရာက သေချာဖတ်ပြီးမှ **"အင်း. . ကဗျာကတော့ အတော်လေးပဲ ကောင်းပါတယ်။ ဒါပေမယ့် လက်ရေးက အရမ်းညံ့တာပဲ"** လို့ ပြောသတဲ့ဗျာ။ အေးလေ ပြောမှာပေါ့၊ ကဗျာကသာ သူ့ကဗျာဖြစ်ပြီး လက်ရေးက သူများလက်ရေး ဖြစ်နေတာကိုး။

အခုလည်း ပွင့်ပွင့်လင်းလင်းပြောရရင် **"မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုကတော့ အတော်လေးပဲ ကောင်းပါတယ်။ ဒါပေမယ့် ဘဏ်တိုက် အဆောက်အအုံကြီးကတော့ အရမ်းညံ့တာပဲ"** လို့သာ အားနာပါးနာ ပြောလိုက်ပါရစေတော့ဗျာ။

အခုလို မညာမတာ ပြောလိုက်ရတာဟာ တစ်ဖက်သားကို အပြစ်တင်ချင်တဲ့သဘောတော့ မဟုတ်ပါဘူး။ အပြစ်ကင်းစေချင်တဲ့ သဘောနဲ့ ပိုပြီးကောင်းစေချင်လို့ ပြောမိတာပါ။ မန္တလေးမြို့မတူရိယာအသင်းရဲ့ ပင်တိုင်တေးသံရှင် သန်းမြတ်စိုး သီဆိုထားတဲ့ **"မြူမှောင်ဝေကင်း"**သီချင်းထဲမှာ. . .

"မြူမှောင်ဝေကင်း . . . . ငွေအဆင်းဆန္ဒ . . . ပြည်ထောင် . . . တိုင်းမြန်ပြည် . . . အေးချမ်းအောင်ဆု . . . သွန်းခါရေ အေးစေကြောင်း လောင်းတဲ့လုံမေ . . . ထူးထူးကဲကဲ . . . လှကြပါစေ. . . " ဆိုတဲ့သီချင်းစာသားရဲ့ အဓိပ္ပာယ်ဟာ အလွန့်အလွန်ကို လေးနက်လွန်းလှပါတယ်။ မြူခိုးမြူမှောင်တွေ ကင်းစင်ပြီး မိုးကောင်းကင် တစ်ပြင်လုံး တိမ်စင်သာတဲ့ လမင်းကြီးကဲ့သို့ ငွေအဆင်းလို သန့်ရှင်းတဲ့စေတနာ၊ ဖြူစင်တဲ့စိတ်ဆန္ဒတွေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း တစ်တိုင်းတစ်ပြည်လုံး အေးချမ်းသာယာ စိုပြည်ဝပြောအောင် ဆုမွန်ခြွေရင်းနှလုံးသားကလာတဲ့ မေတ္တာအခါသင်္ကြန်ရေတွေနဲ့ အေးမြစေကြောင်း သွန်းလောင်းနေတဲ့ မြန်မာတို့ရဲ့ချစ်စရာ့လုံမေလေးတွေဟာ တကယ့်ကိုပဲထူးထူးကဲကဲ လှကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စပ်ဆိုခဲ့တယ်လို့ကြားသိခဲ့ရပါတယ်။

အခုလည်း **ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်** ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုတွေဟာ ထူးထူးကဲကဲ ကောင်းမွန်နေပြီဖြစ်သလို ဘဏ်တိုက်ကြီးကလည်း ခံ့ခံ့ညားညား ထည်ထည်ဝါဝါသာရှိမယ်ဆိုရင် အချိုပေါ် သကာလောင်းသကဲ့သို့ ပို၍ပို၍ကောင်းမှာပဲဆိုပြီး **"မြူမှောင်ဝေကင်း"** သီချင်းစာသားထဲကအတိုင်း သန့်ရှင်းတဲ့စေတနာ၊ ဖြူစင်တဲ့စိတ်ဆန္ဒတွေနဲ့ မီးမောင်းထိုးပြလိုက်ခြင်းသာ ဖြစ်ပါတယ်လို့ ရဲဝံ့စွာ သစ္စာစကားဖြင့် မေတ္တာထားပြီး ရေးသားလိုက်ရကြောင်းပါ။ ။

ဆရာသောင်း(ရမည်းသင်း)

ဒုံးပုလဲအော်ကျေးရွာ၌ ဆလုံလူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

လူမှုရေး/စီးပွားရေးကြော်ငြာ

မြိတ် နိုဝင်ဘာ ၇

ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုံးပုလဲအော်ကျေးရွာ၌ ဆလုံလူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ဒုံးပုလဲအော် အလက(ခွဲ) ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး သစ်တော/သတ္တုဝန်ကြီးဦးတင်စိုးက အမှာစကားပြောကြားရာတွင် တိုင်းရင်းသားလူမျိုးများထဲမှ တစ်မျိုးဖြစ်သည့် ဆလုံလူမျိုးများ၏ ရိုးရာဓလေ့များ မပျောက်ပျက်အောင်ထိန်းသိမ်းကြရန်၊ ဆလုံလူမျိုးများဘဝမြှင့်တင်ရေးဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်း၍စိစစ်ဆောင်ရွက်ခဲ့သော ဆလုံလူမျိုး ၂၀၂ ဦးနှင့် အခြားတိုင်းရင်းသားလူမျိုး ၁၄၆ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၃၄၈ ခုအား ပေးအပ်ခဲ့ကြောင်းသိရသည်။

(မြိတ်ခရိုင်ပြန်/ဆက်)

နိုဝင်ဘာ(၈)ရက်

ဝင်းဇော်ဌေး(ခ)ဘိုဘို

ခေတ္တ-ဂျပန်

နှင်းမှုန်ဝေချိန်-မေ့သားမွေးချိန်ရောက်ပြန်ပြီပေါ့
မွေးနေ့တစ်ကျော့ ကျန်းမာချမ်းသာ မြင့်မားတိုးတက်ပေါ့။

မေကြီး ဒေါ်ခင်ဝင်းကြည်-ဖေကြီး
ကိုကြီး-မမကြီး
တူမလေး-သွန်းနေခြည်လင်း (လသာ-၂)
တူလေး-ကောင်းညဏ်ထွန်း

ကျေးဇူးအထူးတင်ရှိခြင်း

၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ M3 Food Center တွင် ကျင်းပပြုလုပ်သော အထက(၅)ဗိုလ်တထောင်ကျောင်း၏ ၁၉၈၇-၈၈/၁၉၈၉-၉၀/၁၉၉၀-၉၁ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ဦးဆောင်ပြုလုပ်သော အာစရိယပူဇော်ပွဲ အခမ်းအနားကို တက်ရောက်လာကြပါသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ကျင်းပရေးကော်မတီအဖွဲ့ဝင်များ၊ အလှူငွေများထည့်ဝင်လှူဒါန်းကြပါသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အခမ်းအနားကိုကိုယ်တိုင်မတက်ရောက်နိုင်ပါသော်လည်း အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြပါသော အဝေးရောက်သူငယ်ချင်းများအားလုံး၊ M3 Food Centerမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရုပ်သံရိုက်ကူးပေးကြပါသော Sky Net၊ MRTV-4နှင့် MWDမှ ရိုက်ကူးရေးအဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မွေးနေ့ဆုမွန်

မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်စီ(ခ)ဒေါ်မေစီ၏ နိုဝင်ဘာလတွင် ကျရောက်သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး သာသနာ၏အကျိုးကို များစွာဆောင်ရွက်နိုင်ပါစေ။ ဝိပဿနာတရားများကို အားထုတ်နိုင်ပါစေ။ လိုအင်ဆန္ဒအားလုံးပြည့်စုံပါစေ။

ချစ်သားသမီးများ

သမီးကြီး	-	ဒေါ်ခင်ဆွေသန်း (အထက-၂၊လသာ) B.Sc(Hons)B.Ed
သမီးလတ်	-	ဦးအောင်ထူး(ညွှန်ကြားရေးမှူး၊ အစိုးရအဖွဲ့ရုံး)- ဒေါ်လွင်လွင်ကြည် B.A(Myanmar)
သမီးငယ်	-	ဒေါ်ခင်မေကြည် B.A (Geography)
မြေးများ	-	မအိမ့်မွန်အောင် KBZ Bank မသင်းလွင်လွင်ထူး 3rd Year (YUFL)

အမည်ပြောင်း

အဖ ဦးအောင်ကျော်ဦး၏သား လှိုင် ICEC Grade-6(A)မှ မောင်ကောင်းသုကျော်အား ယနေ့မှစ၍ မောင်ကောင်းမြတ်သူဟု ခေါ်ပါရန်။



ငယ်ငယ်က ဆရာများကို လွမ်းမိပါသည်

-အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ဖို့၊ ဆရာတို့ . . . . ကျင့်ဖို့ဝတ်ငါးဖြာ။

ဆရာ့ဝတ္တရားငါးပါးရှိပါသည်။ ခေတ်ဟောင်းဆရာတွေရော၊ ယခုခေတ်သစ်ဆရာတွေပါ အလွတ်ရသူများပါလိမ့်မည်။ ကျွန်တော်တို့ငယ်စဉ်က ဆရာဆရာမများကို ကြာလေလွမ်းလေ၊ လွမ်းလေကျေးဇူးတင်လေဖြစ်မိပါ၏။ ဆရာ့ဝတ္တရားငါးပါးနှင့် တကယ်ပင်ညီညွတ်ကြပါ၏။ အနည်းစုလောက်သာ မညီညွတ်သူ၊ ဆရာဝတ္တရားငါးပါးတွင် တစ်ပါးပါးချို့ယွင်းသူရှိပါမည်။

မူလတန်းအဆင့် တစ်တန်း၊ နှစ်တန်းက ဇာတိချက်ကြွေမွေးရပ်မြေ ပခုက္ကူမြို့နယ် ကျေးရွာတစ်ရွာမှာပါ။ ကိုယ့်တပည့်တွေကိုအမှန်တကယ်တတ်စေချင်သည့် စေတနာအပြည့်အဝဖြင့် အမှန်တကယ်ပင် အပင်ပန်းခံပြီးသင်ကြားပေးကြပါ၏။ ငယ်ကဆရာတွေကို မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် ပြန်လည်မြင်ယောင်မိပါ၏။ အာခေါင်ခြောက်လောက်အောင်၊ နဖူးကချွေးတွေ ကျလာအောင်ကို သင်ကြားပေးကြပါ၏။ ဆရာသာ၊ ဆရာဦးထွန်းရင်၊ ဆရာဦးတင်မောင် စသည့်ဆရာများဖြစ်ကြပါ၏။

ထိုအချိန်က လွတ်လပ်ရေးရပြီး ၁၉၅၀ ခုနှစ်ဝန်းကျင်တွင် ဇာတိရပ်ရွာ၌ သောင်းကျန်းသူများလွှမ်းမိုးနေချိန်ပါ။ ထို့ကြောင့် ၁၉၅၁-၁၉၅၂ တွင် ပခုက္ကူမြို့နယ် ကမ္မရွာ ဦးဇယန္တဘုန်းကြီးကျောင်းတွင် နေခဲ့ရဖူး၏။ အင်္ဂလိပ်စာဝမ်းအေ၊ ဝမ်းဘီစာအုပ်များ၊ သင်ခန်းစာများသင်ကြားပေး၏။ အင်္ဂလိပ်စာကို မြန်မာစာသင်ပုန်းကြီးအတိုင်းလည်း သင်ပေး၏။ ထိုစဉ်ဆရာတော် ဦးဇယန္တကျောင်းတွင် မန္တလေးမှ ဆရာတော်ကြီးဦးကောဝိဒက သင်ကြားပေးခြင်းဖြစ်ပါသည်။ အမှန်တကယ်ပင် တပည့်များကို မတတ်တတ်အောင် သင်ကြားပေးသဖြင့် အလွန့်အလွန်ကျေးဇူးကြီးလှပါ၏။

ထို့နောက် ၁၉၅၃-၁၉၅၄-၁၉၅၅ ခုနှစ်အထိ သုံးနှစ်ကတော့ ဆိပ်ဖြူမြို့ ဗောဓိကျေးရွာ ဆရာတော်ဦးသီဟကျောင်းတွင် ဖြစ်ပါ၏။ မူလတန်းကျောင်းစာကို ဆရာကြီးဦးခင်၊ ဆရာကြီးဦးချမ်းငြိမ်းနှင့် ဆရာဆရာမများက ဘုန်းကြီးကျောင်းတွင်ပင် မူလတန်းကျောင်းဖွင့်ထားသဖြင့် သင်ကြားပေးကြပါ၏။နေ့ဘက်ကို အတန်းစာ၊ ညဘက်ကို လောကုတ္တရာစာပေသင်ယူခဲ့ရပါ၏။ ဆရာတော်ဦးသီဟကျေးဇူးဖြင့် အသက် (၁၃)နှစ်အရွယ်တွင် စာရေးသူနှင့်ညီအစ်ကိုများ အဘိဓမ္မာသင်္ဂြိုဟ် ၃ ပိုင်း နှစ်ချင်းပေါက်အောင်မြင်ခဲ့၏။ ဆရာတော်နှင့်တကွ ဆရာဆရာမများ၏ ကျေးဇူးကား ကြီးမားလှပါဘိတော့။ တပည့်များတတ်မြောက်ရန် "ဆရာကောင်းပီသစွာ" အပင်ပန်းခံပြီး ကြိုးစားသင်ကြားပေးခဲ့ကြသော ဆရာများ၏ မျက်နှာများကို မြင်ယောင်နေမိပါ၏။ ယနေ့ပင်မိမိ၏မျက်စိရှေ့တွင် ရပ်ပြီးသင်ကြားပေးနေဘိအလား မြင်ယောင်မိသည်နှင့်အမျှ "သြော် . . . ဆရာတော့်ကျေးဇူး၊ ဆရာကြီး၊ ဆရာမများ ကျေးဇူးကြီးပါဘိ၊ အခြေခံကောင်းခဲ့လို့ မူလတန်း၊ အလယ်တန်း၊ ၁၀ တန်းအောင် တက္ကသိုလ်ဘွဲ့ရ၊ ဆင့်ကဲဆင့်ကဲလူလားမြောက်ခဲ့ရတာပါလား၊ အနန္တကျေးဇူးရှင်များပါလား"ဟု "ကြာလေသတိရလေ ကောင်းရာသုဂတိရောက်ကြပါစေ" ဟု ဆုတောင်းမေတ္တာ ပို့သမိပါ၏။ လက်အုပ်ချီမိုး ရှိခိုးမိပါ၏။ ဆရာများကို ချစ်-ကြောက်-ရိုသေခဲ့ကြရပါ၏။

ဆိပ်ဖြူမြို့မှ မြစ်ခြေမြို့သို့ရောက်တော့လည်း တကယ့်ဆရာကောင်းသမားကောင်းများနှင့် တွေ့ရ၏။ ဆရာကောင်းတပည့်ဖြစ်ရ၏။ စာရေးသူ၏ ညီအစ်ကိုများ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကျောင်းနေခဲ့ရာ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းအောင်ခဲ့ကြသည်။ ထိုစဉ်က စာရေးသူ၏အစ်မကြီးနှင့် ညီတို့မှာ ၁၀ တန်း နှစ်ချင်းပေါက်။ စာရေးသူက H.S.F သာအောင်ပြီး ရန်ကုန်ရောက်မှ ၁၀ တန်းအောင်၊ ထို့နောက် ဘွဲ့ရရှိခဲ့၏။ ထိုစဉ်က မြစ်ခြေမြို့တွင် တစ်မြို့လုံးတွင်မှ ကိုးတန်း၊ ၁၀ တန်း အောင်ချက်ရာခိုင်နှုန်းမှာ ရှစ်ရာခိုင်နှုန်းနှင့် ကိုးရာခိုင်နှုန်းပတ်ဝန်းကျင်မျှသာဖြစ်၏။

ဆရာမော်၊ ဆရာကျော်၊ ဆရာဦးမြတ်သင်း၊ ဆရာဦးသောင်းကြည် အစရှိသည့်ဆရာတို့သည် ဆရာကျင့်ဝတ်နှင့် အလွန်ညီညွတ်ကြသည်ဟု ရင်ထဲမှာ စွဲထင်လျက်ရှိပါ၏၊ "ဆုပေး၊ဒဏ်ပေး"စနစ်လက်တွေ့ကျင့်သုံး၏။ စာသင်ချိန်နားမစိုက်လျှင် ဒဏ်ပေးသည့်အနေဖြင့် "မတ်တပ်ရပ်" ခိုင်း၍ စာဂရုစိုက်သူ၊ တော်သူကျတော့ "အေး ငါ့တပည့်တော်တယ်"ဟု ချီးမွမ်း၏။ "ဆရာချီးမွမ်းခြင်း"သည် "ဆုချခြင်း"ပင်ဖြစ်သည်။ သင်ကြားရာတွင် ရင်လှိုက်သည်းလှိုက် ဂရုတစိုက်တက်တက်ကြွကြွသင်၏။ ရှင်းမရှင်းလည်းမေးစေ၏။ မေးသည်ကိုလည်း နားလည်အောင်ရှင်းလင်းသင်ကြားပေး၏။ အားလုံးနားလည်သွား၏။

"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ" အက္ခရာသုံး၊ ဤရှစ်လုံးကို သီကုံးပန်ဆင်၊ နေ့တိုင်းဆင်လော့။ ဤသည်တို့ကို နက်နက်ရှိုင်းရှိုင်းသိအောင်ရှင်းလင်း၏။ လက်တွေ့လည်း တပည့်များ လိုက်နာစေရန်ကြပ်ကြပ်မတ်မတ်သင်ကြားပေး၏။ ဆရာကျင့်ဝတ်အတိုင်း ဆရာစားမချန် မတတ်တတ်အောင်ကြိုးပမ်းသင်ကြားပေး၏။ ဆုံးမသွန်သင်ရာတွင် ပြတ်ပြတ်သားသား ဆုံးမ၏။ "သူတို့တတ်သလို တတ်ရမည်ဟု ခံယူပြီးသင်ပေး၏။" ဘေးရန်မကျရောက်ရန် ဆုံးမ၏။ ဘေးရန်မှကာကွယ်ပေးပြန်၏။ ကိုးတန်း၊ ၁၀ တန်းအောင်ပြန်တော့လည်း ကောင်းသောအကြံဉာဏ်များပေးပြန်၏။ "ဆရာ့ ဝတ္တရားငါးပါးနှင့် ပြည့်စုံသော ဆရာကောင်းသမားကောင်းများ၏ အနန္တကျေးဇူးများကြောင့်" လောက အလယ်တွင် ထိုက်သင့်သလောက်လူတလုံးသူတလုံး ရပ်တည်နေရခြင်းဖြစ်ပါ၏။ ကျေးဇူးအနန္တပါတကား။

သို့ဖြစ်ပေရာ အတိုင်းအဆအကန့်အသတ်မရှိ ကျေးဇူးကြီးမားလှသော အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော "အာစရိယဆရာသမားများအား" ရိုသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးပူဇော်လိုက်ပါသတည်း။ ။

တက္ကသိုလ်စိုးယဉ်

ကျောင်းပတ်ဝန်းကျင် အလှဆင်စို့

✍ ကျောင်းတော်တစ်ဝိုက်၊ သန့်မှကြိုက်မို့
အမှိုက်တွေရှင်း၊ မြောင်းတွေရှင်း၍
ကျောင်းတွင်းပြင်ပ၊ ရှုတိုင်းလှ၏။
✍ ကျောင်းတော်တစ်ခွင်၊ သန့်ပြန့်အင်ကြောင့်
ခြင်ယင်ကြွက်ရှင်း၊ ရောဂါကင်း၏။
✍ တစ်ကိုယ်ရေသန့်ရှင်း၊ ရောဂါကင်းသော်
ရင်တွင်းအေးမြ၊ လှုတိုင်းလှ၏။
✍ စာသင်ခန်းတွင်၊ ဖုန်သဲစင်မှ
ပျော်ရွှင်ချမ်းမြ၊ စာသင်ရ၏။
✍ ကျောင်းတော်တစ်ခွင်၊ စိမ်းစိုလွင်အောင်
သစ်ပင်စိုက်မှု၊ အရိပ်ရ၏။
✍ သစ်ပင်ရိပ်မှ၊ မျှားသူငါတို့
ဆော့ကာကစား၊ အားသစ်ပွား၏။
✍ ရေသန့်လက်သန့်၊ အစာသန့်၍
သန့်ပြန့်အိမ်သာ၊ ကျောင်းတော်သာတွင်
ကျန်းမာပျော်ရွှင်၊ ဉာဏ်လည်းရွှင်၍
စာသင်စာကျက်၊ လွန်တိုးတက်၏။
✍ စိမ်းလန်းစိုပြည်၊ ကျောင်းတော်မြေသည်
ဝေစီသစ်လွင်၊ ပတ်ဝန်းကျင်ဖြင့်
နေချင်စဖွယ်၊ အလှကြွယ်သည်
တင့်တယ်လွန်းလှပါတကား။ ။

ပန်းတောင်းသန်းကြွယ်

၈ ~ ၁၀ တန်
လမ်းကြိတ်စက် ရောင်း/ငှား
09-43112399, 09-43031222

[illegible]

[illegible]
(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]
(၆) [illegible]
[illegible] ရန်ကုန်မြို့
Tel : [illegible] Hot Line : [illegible] email : [illegible]

အလက(၄)ကြည့်မြင်တိုင်
ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အမှတ်(၂၃)၊ ဦးကြွယ်ဟိုးလမ်း၊ အလက(၄) ကြည့်မြင်တိုင်၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၇ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး/ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို နိုဝင်ဘာလ ၂၇ရက်၊ (အမျိုးသားနေ့) နံနက် ၉နာရီ၊ စလင်းကျောင်းတိုက် ဂန္ဓာကုဋီတိုက်တွင် ကျင်းပမည်ဖြစ်ရာ ကိုခင်မောင်ဝင်း ဖုန်း-၀၉-၄၂၀၂၆၃၈၇၈၊ ကိုမြသန်း ဖုန်း-၅၃၅၆၇၃၊ ကိုကျော်ဝင်း ဖုန်း-၀၉-၇၃၀၁၂၇၄၂၊ ကိုခင်ဇော် ဖုန်း- ၀၉၇၃၀၁၃၁၁၆၊ ကိုကျော်ကျော် ဖုန်း-၇၀၃၄၃၂၊ မလေးခင် ဖုန်း-၀၉-၅၄၀၈၆၁၅၊ မကြည်ကြည်အေး ဖုန်း-၅၂၆၂၃၆၊ မအေးအေးမော် ဖုန်း-၀၉-၅၀၅၁၅၉၄၊ သီတာဝင်း ဖုန်း-၀၉-၇၃၀၀၄၂၄၈၊ မမျိုးမျိုး ဖုန်း-၀၉-၅၀၉၂၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စန္ဒိမယ်တော်(ခ)ပရိရာနာရဂီကရဆင်ကံဘုရားကျောင်း(ခ)
စရီပေရီးယနာယဂီကရဆင်ကံဘုရားကျောင်းပိုင်
လယ်မြေဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၁၁၂၃)တွင် တည်ရှိသည့် စန္ဒိမယ်တော်(ခ)ပရိရာနာရဂီကရဆင်ကံဘုရားကျောင်း(ခ)စရီပေရီးယနာယဂီကရဆင်ကံဘုရားကျောင်း၏ ဂေါပကဥက္ကဋ္ဌ ဦးနာဂလင်ဂမ်[၁၂/ရကန(နိုင်)၀၅၈၂၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်-၆၁၃B၊ ဆိပ်ကြီးအရှေ့၊ ဦးပိုင်အမှတ်-၂၃၊ ဧရိယာ(၆၂.၀၉)ဧကရှိ လယ်မြေကို ၁၈-၁၀-၂၀၁၃ရက်စွဲပါ စာအမှတ်-၄၃၈/လယ-၄ (လယ်စီ/၂၀၁၃)ဖြင့် ကျောက်တန်းမြို့နယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က "စရီပေရီးယနာယဂီကရဆင်ကံဘုရားကျောင်း"အမည်ဖြင့် "လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ်"ထုတ်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဘုရားကျောင်းပိုင်လယ်မြေကို အလွဲသုံးစားပြုပြီး တစ်ဆင့်ငှားရမ်း လုပ်ကိုင်စေခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမှစ၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်မြင့်စော (စဉ်-၃၁၂၇၂) | **ဦးထင်အောင် (စဉ်-၃၀၇၈)**
ဒေါ်ဖြူသင်းကြိုင် (စဉ်- ၃၁၇၈၆) | **ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)**
အထက်တန်းရှေ့နေများ | **ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)**
တရားလွှတ်တော်ရှေ့နေများ

ရုံး-အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၇၂၇၆၊ ၀၉ ၅၄၀၆၄၀၆

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးခင်ဝင်းသည် နိုဝင်ဘာလ (၃)ရက်၊ မွန်းလွဲ ၁း၄၅ နာရီတွင် ကစားဖော်များဖြစ်ကြသော Dr. ဇော်သန်းမောင်၊ ဦးမောင်အိ၊ ဦးမြင့်စိုး၊ ကိုဝဏ္ဏစိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)ကို (၁၅၀) ကိုက်အကွာမှ Srixon Soft Feel No.(4)ဘောလုံးအားTaylor Made Iron(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ ဦးပိုင်အမှတ်(၇၆)၊ ၈၁လမ်း×၈၂လမ်း၊ ၁၃×၁၄လမ်းကြား၊ မတုတ် အမည်ပေါက် ဘိုးဘမြေကွက်အား ဦးနိုင်မိုးထွန်း[၉/မဟမ(နိုင်)၀၁၇၃၄၀]မှ အမှုတွဲအမှတ် ၀၃၉၃/ဘ(ပြောင်း)/၂၀၁၃-၂၀၁၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မနက်ဖြန်မှ ပြန်လာပါ

ဦးဟန်ညွန့်(ဥပဒေ)

ယနေ့

ကျွန်တော်သည် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်ပါသည်။ ယနေ့ ချိန်းဆိုထားသော အမှုတစ်မှုရှိသည်။ အပြီးသတ်အမိန့်ချမည်။ တရားရုံးက ချိန်းဆိုထားသော နေ့ရက်၊ နေရာ၊ နာရီတွင် တိတိကျကျသွားမည်။ အမှုသည်များကလည်း ရုံးချိန်းရက်ကိုမျှော်နေကြသည်။ တရားသူကြီး၏အမိန့်ကို နာခံရန်အသင့်ဖြစ်နေပြီ။ တရားရုံးတွင် တစ်နေကုန်စောင့်သည်။ ရုံးဆင်းခါနီးကျမှ "မနက်ဖြန်မှ ပြန်လာပါ၊ ယနေ့ အမိန့်မချဖြစ်ပါ"တဲ့။ အခြားအမှုတွေနှင့် အလုပ်များနေ၍ဖြစ်ပါသည်တဲ့။

တံဆိပ်ခေါင်း

တရားမမှုတစ်မှုအတွက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်း သွားဝယ်ပါသည်။ တံဆိပ်ခေါင်းစိတ်ကြိုက်ဝယ်ခွင့်ရသည်ဆိုသော ကြေညာချက်လည်း ကပ်ထားသည်။ ကြည်နူးစွာဖြင့် ထိုဌာနသို့ဝင်သွားသည်။ ခဏစောင့်ပါတဲ့၊ ရောင်းမည့်သူက ပေါ်မလာ။ တရားရုံးသို့ ပြန်သွားရမည်မို့ နာရီတကြည့်ကြည့်စောင့်ပါ၏။ ရောင်းမည့်သူလာပါပြီ။ မနက်ဖြန်မှ ပြန်လာပါတဲ့။ လိုချင်၊ ဝယ်ချင်သောတံဆိပ်ခေါင်းက မနက်ဖြန်မှရမည်တဲ့။ ဟုတ်ကဲ့ပါ။

အပ်ချုပ်ဆိုင်

တရားရုံးသွားလျှင် ဝတ်ဆင်နေကျတိုက်ပုံအင်္ကျီကလေးက နွမ်းလှပြီ။ အသစ်ချုပ်မည်ဟု တိုက်ပုံအင်္ကျီအနက်တစ်ထည်အပ်ထားသည်။ ဒီဆိုင်က နာမည်ကြီးသည်။ အချုပ်အလုပ်ကောင်းသည်။ ရက်ချိန်းမှန်သည်။ လူပြောများ၍ သွားအပ်သည်။ ဒီနေ့ရမည်ဟု ချိန်းထားသည်။ ပြေစာပြ၍အင်္ကျီ ရွေးရာ မနက်ဖြန်မှပြန်လာပါတဲ့။ မီးပျက်နေ၍ပါတဲ့။ တောင်းပန်ပါသည်တဲ့။ မီးပျက်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ခွင့်လွှတ်ရမည်ပဲ။

ဓာတ်ပုံဆိုင်

တက္ကသိုလ်ဥပဒေကျောင်းသားဟောင်းများ စုပေါင်းဓာတ်ပုံတစ်ပုံ ရိုက်ခဲ့ဖူးသည်။ ဓာတ်ပုံကလေးက နှစ်ပေါင်းလေးဆယ်ခန့်ကြာပြီ။ အမှတ်တရ ပြန်ကူးချင်သည်။ ဓာတ်ပုံဆိုင်တစ်ဆိုင်တွင် ပြန်ကူးဖို့အပ်ခဲ့သည်။ ပြေစာတွင် ရမည့်နေ့ဖော်ပြထားသည်။ ချိန်းဆိုသောနေ့၊ ရမည့်နေ့၊ တိတိကျကျ သွားရွေးပါသည်။ မနက်ဖြန်မှပြန်လာပါတဲ့။ မနက်ဖြန်ဟူသော စကားကို လွယ်လွယ်ကူကူပြောပြန်ပါ၏။ အော်. . . မနက်ဖြန်. . . မနက်ဖြန်။ ကုသိုလ်ကံက ဆိုးလှပါ၏။ ဤသို့ ယူဆမိ၏။ အတိုင်းအတာတစ်ခုခုတော့ ရှိသင့်ပြီထင်မိပါ၏။

မနက်ဖြန်ဟူသော စကား

"မနက်ဖြန်"ဟူသော စကား မကြားချင်တော့ပါ။ စိတ်နာနာဖြင့် အိမ်ပြန်ရောက်တော့ အိမ်တွင်းစာကြည့်တိုက်ရှေ့ရောက်သွားသည်။ မြန်မာအဘိဓာန်စာအုပ်ကောက်လှန်မိ၏။ စာမျက်နှာ ၁၃၂ တွင် မနက်ဖြန်၏အဓိပ္ပာယ်ကို တွေ့ပါပြီ။ န၊ မနက်ဖျန်၊ ယနေ့မှနောက်တစ်နေ့ (နက်ဖြန်ဟုလည်းသုံးသည်)ဟု ဖော်ပြထား၏။ အော်-နောက်တစ်နေ့ ဆိုပါလား။

Tomorrow

အင်္ဂလိပ်-မြန်မာအဘိဓာန် (English - Myanmar Dictionary) စာအုပ်အထူကြီးက စာမျက်နှာ ၁၄၆၉ တွင် Tomorrow အကြောင်း ဤသို့ ဤနှယ်အဓိပ္ပာယ်ဖွင့်ပြန်ပါ၏။ Tomorrow (n)= မနက်ဖြန်။ နက်ဖြန်။ နက်ဖြန်ခါ။ ဥပမာ (၁) Today is Tuesday, So tomorrow is Wednesday. ဥပမာ (၂) Tomorrow is going to be fine and dry neeording to the weather forecast. ဥပမာ (၃) The announcement will appear in tomorrow's newspapers. အော်- ရင်မောဖွယ်ရာ။

မင်နီဝိုင်းခဲ့သော မနက်ဖြန် (Tomorrow)

"မနက်ဖြန်" ဟူသောစကားမကြားချင်၊ အဆင်မပြေ။ ကတိကဝတ်ဖျက်။ ဟိုရွှေ့သည်ရွှေ့၊ ရွှေ့ချင်သလိုရွှေ့၊ ရွှေ့သူကလွယ်လွယ်ကူကူရွှေ့သော်လည်း ခံရသူကတော့ မသက်သာ။ ကြိုတင်ပြင်ဆင်ထား၊ အချိန်ယူထား၊ နှစ်ဖက်ညှိနှိုင်းထားပြီးမှပျက်ရ၊ ပြင်ရ၊ ရွှေ့ရသည်မှာမလွယ်ကူပါ။ မြန်မာအဘိဓာန်ထဲက မနက်ဖြန်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန်ထဲက Tomorrow ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်စာလုံးများကို ကျွန်တော် မင်နီဝိုင်းခဲ့မိပါပြီ။ ဘယ်သောအခါမှ မေ့မည်မဟုတ်။ လူတကာကို ဒုက္ခပေးသော မနက်ဖြန်ပါတကား။

ထိုစဉ်. . . . ။

ထိုစဉ်. . . ။ ထိုအခိုက်။ အိမ်ထဲကတယ်လီဖုန်းမြည်သံ။ "အဖေကြီးရဲ့ဖုန်း" ဟု ပြောကာချစ်ဇနီးက တယ်လီဖုန်းလှမ်းပေးသည်။ ကျွန်တော့်အသံ "ဟေ့ ဘယ်သူလဲ၊ အော်- မင်းကိုး၊ မင်းအမှုအတွက် ဆွေးနွေးညှိနှိုင်းဖို့ ဒီနေ့ အတိအကျ ချိန်းထားတယ်၊ ဟုတ်တယ်၊ ဒါပေမယ့်. . . . ။ ဆရာ ဒီနေ့အလုပ်တွေသိပ်များနေတယ်။ ဆရာ့ဆီ ဒီနေ့မလာနဲ့ဦး၊ မနက်ဖြန်မှပြန်လာပါ။"

တစ်ဖက်ကအသံ

"ဟာ" ဆရာ ဘယ်လိုဖြစ်တာလဲ။ ဆရာပဲဒီနေ့ချိန်းထားတာ။ ဒိုင်ယာရီစာအုပ်ထဲမှာတောင် ရေးမှတ်ထားသေးတယ်။ ဒီနေ့မှ ဆရာနဲ့မတွေ့ရင် အားလုံးလွဲကုန်လိမ့်မယ်။ ဒီနေ့ ဆရာနဲ့တွေ့မှကိုဖြစ်မှာနော်" ဟု ခယတောင်းပန်နေသော ကျွန်တော်၏အမှုသည်။ ရက်ချိန်းပျက်မှာကြောက်သော အမှုသည်။

မနက်ဖြန်မှ ပြန်လာပါ

"ဟေ့ကောင်" ဘယ်လိုပဲဖြစ်ဖြစ် ငါ ဒီနေ့မအားဘူး။ လုံးဝကို မအားဘူးကွာ။ မနက်ဖြန်မှသာ ပြန်လာကွာ"ဟု ဒေါသတကြီးဖြင့် တယ်လီဖုန်းချလိုက်ပါကြောင်း. . . . . ။

အော်-မနက်ဖြန်. . . . မနက်ဖြန်။

ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်

ပဲခူး နိုဝင်ဘာ ၇

ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံတွင် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ဖမ်းဆီးတရားစွဲဆိုပြီး ဆိုင်ကယ်စီးဦးထုပ်များ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

ပဲခူးမြို့တွင်း ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်မဖြစ်စေရေးအတွက် ယာဉ်စည်းကမ်းကြီးကြပ်သူများအနေဖြင့် နေ့စဉ်ပညာပေးခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ဖမ်းဆီးတရားစွဲဆိုခြင်းများ ပြုလုပ်နေသော်လည်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းသူများ ရှိနေသေးကြောင်း တွေ့ရှိရသည်။ ပဲခူးယာဉ်ထိန်းရဲတပ်ဖွဲ့က နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိသော ဦးထုပ်မဆောင်းသူ ဆိုင်ကယ်ယာဉ်မောင်းများအား ဆိုင်ကယ်စီးဦးထုပ်များနှင့်ပညာပေးလက်ကမ်းစာစောင်များကို ရဲမှူးထိန်ဝင်း (ယာဉ်ထိန်း)က ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

စန်းဝေ(ဟံသာမြေ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လူမှုရေး/စီးပွားရေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ကေဗွီ သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ နှစ်ထပ်ဓာတ်အားလိုင်း Foundation လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။ ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အနည်းဆုံးစီမံကိန်း(၃)ခု၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိရပါမည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့.
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တောင်ကုတ်-သံတွဲ ၆၆ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့်ကျောက်ဖြူ GT-မဒဲကျွန်း(LNG Project) ၆၆ကေဗွီ ဓာတ်အားလိုင်း (၂၈)မိုင်တို့အတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့.
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုက္ကရိုဝေ့ဗ်ရေဒီယိုစက်ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။
- Gbe ip Microwave Radio equipment-42 Hops

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ိ/-ကျပ်နှုန်းဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၂-၁၁-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန
(၁၂၅)ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၀၇၂၇

တစ်ချက်တည်းကျင်းဝင်

၂-၁၁-၂၀၁၃ရက်တွင် တပ်မတော်ဂေါက်ကွင်း၌ ဦးအောင်မြင့်(ငွေပင်လယ်ကုမ္ပဏီ)သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ထွန်း၊ ဦးမျိုးသိန်း(ငွေပင်လယ်ကုမ္ပဏီ)၊ ဦးတိုးဝင်းသိန်းတို့နှင့်အတူ ဂေါက်ရိုက်ကစားနေစဉ် ကျင်းအမှတ်၁၀၌ SRIXON ဘောလုံးအား၁၆၀ ကိုက်အကွာအဝေးမှ အမှတ်-၅သံတုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။



KBZ Bank Account No. 070 12 100 73 733

(Open Tender)

Raw Material for Concrete Sleeper Production (4 Items)

Pn: 01-291985, 294352, 291994

ဂေါ်လ်ဒင်မြေ

Promotion

Shopping Nov 15

Promotion

Nov 14 Nov 15

Ph: 09 73340050, 09 73340051, 09 73340052, 09 420187871, 09 420187872

တိုက်ခန်းရောင်းမည်

အလုံ၊ ဆင်မင်းလမ်း (အပေါ်) ဟောင်ကောင်စတိုင်၊ မြေညီ(၂)လွှာ ပြင်ဆင်ပြီး **ဖုန်းပါ၊ ၀၉-၅၁၄၇၃၈၄၊ ၀၉- ၄၂၅၀၁၅၀၃၄**

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဂုဏ်ပြုပွဲကို ၂၉-၁၂-၂၀၁၃ရက် ၁၀း၀၀နာရီ အချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ္မာရုံ (ရွှေတိဂုံဘုရား တောင်ဘက်မုခ်)၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အသက်(၇၅)နှစ်အထက်ရှိ ဘိုးဘွား များစာရင်းနှင့် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင် သူများ(အမှတ်စာရင်းနှင့်အတူ) အောက်ပါပုဂ္ဂိုလ်များထံ ၅-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်များ၊ မြို့နယ်သူ/သား များ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဦးသောင်းညွန့်	ဖုန်း-၀၁-၅၅၂၄၈၉
ဒေါက်တာခင်မောင်သန်း	ဖုန်း-၀၉-၇၃၂၄၀၅၃၁
ညောင်ဦးဖိုးချို	ဖုန်း-၀၁-၅၄၅၃၂၃
ဦးယုတင်	ဖုန်း-၀၉-၅၀၂၈၀၄၅
ဦးကျော်ဝင်း	ဖုန်း-၀၁-၅၁၂၅၃၁
ဦးကြည်စိုး	ဖုန်း-၀၉-၅၁၀၆၇၀၆
ဦးရဲဝင်းနိုင်	ဖုန်း-၀၉-၄၂၀၇၃၆၈၈၆
ဦးလွမ်းနိုင်	ဖုန်း-၀၉-၃၁၁၁၂၄၅၁
ဦးသာဒွေး	ဖုန်း-၀၉-၈၆၈၈၇၉၆
ဒေါ်ဆွေဆွေ	ဖုန်း-၀၉-၇၃၀၂၄၄၃၉

အမှုဆောင်အဖွဲ့

ကာရံပိတ်

ကားရောင်းမည်

Toyota Land Cruiser

- Cygnus,1999,အနက်ရောင်၊ 4 WD,7F/xxxx, ဓာတ်ဆီ
- PRADO TZ, 1996, **ငွေရောင်**, 4 WD, **ယာယီနံပါတ်, ဒီဇယ်**

ဖုန်း-၀၉-၅၁၆၇၇၃၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဇေယျာ[၁၂/မဂတ (နိုင်)၀၃၅၄၁၈]၏ ကားအုံနာဘုတ် ၂၈/၁၉၆၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၅၆၄၇၁၄

Promotion

ဘန်ကောက် Dec 11-15

Nov15

Emerald Myanmar Travels & Tours

အောင်ကောင်းရို

မန်းရာဇာ အသည်းအားဆေး

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ မြေတိုင်းအမှတ်(၅၂)၊ မြေကွက်အမှတ်(၂၀)၊ အောဘီ၁၊ အိမ်အမှတ်(၁၂၇)၊ တတိယထပ်နေ ဦးခင်မောင်တာ[၁၂/ဗဟန(နိုင်)၀၃၅၁၄၀]နှင့် အများသိစေရန်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊မြေတိုင်းအမှတ် (၅၂)၊ မြေကွက် အမှတ်(၂၀) အောဘီ ၁၊အိမ်အမှတ်(၁၂၇)နေ ဒေါ်မေသန်း၏ သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်ညဏ်[၁၂/ဗဟန(နိုင်)၀၃၉၄၀၁]၊ ဦးခင်မောင်ကြီး [၁၂/ဗဟန(နိုင်)၀၃၈၁၃၇]၊ ဒေါ်ခင်ဖုန်းတင့် [၁၂/ဗဟန(နိုင်)၀၃၇၈၈၉]၊ ဦးခင်မောင်ပိုင်[၁၂/ဗဟန(နိုင်)၀၁၈၇၇၅]၊ ဦးမင်းဇော် [၁၂/ဗဟန(နိုင်)၀၃၇၂၅၆)] (၅)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေပေါ်တွင် မြေရှင်မိခင် ဒေါ်မေသန်းနှင့် မြတ်ဆုမွန်ကန်ထရိုက်တိုက်ဆောက်လုပ် ရေးတို့ နှစ်ဦးသဘောတူ (၆)ထပ်တိုက်တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့်ဆောက်လုပ်ခဲ့ရာ ခေါင်းရင်းခန်းကို မြေရှင်၊ ခြေရင်းခန်းကို ကန်ထရိုက်တို့မှရယူခဲ့ပါသည်။

တိုက်ခန်းပြီးစီးသွားသည့်အခါ မြေညီထပ်ကို မိခင်ဒေါ်မေသန်းမှရယူပြီး၊ သား(၅)ဦးအား ပထမထပ်ကို ဦးခင်မောင်ကြီး၊ ဒုတိယထပ်ကို ဦးအောင်ညဏ်၊ တတိယထပ်ကို ဦးခင်မောင်တာ၊ စတုတ္ထထပ်ကို ဦးခင် မောင်ပိုင်၊ ပဥ္စမထပ်ကို ဦးမင်းဇော်တို့အား မိခင်မှ လက်ရောက်ပေးအပ်သဖြင့် ယနေ့ထိတိုင် နေထိုင်ကြပါ သည်။

မိခင်ဒေါ်မေသန်းမှာ ၂၀၁၂ခုနှစ်က ကွယ်လွန်ခဲ့ပြီး မိခင်ပိုင်မြေညီထပ်အခန်းသော့နှင့် မိခင်အမည် ပေါက်မြေဂရန်၊ တိုက်ခန်းနှင့် ပတ်သက်သော စာချုပ်စာတမ်းများအားလုံးတို့ကို လူကြီးမင်း လက်ဝယ်၌ သိမ်းဆည်းထားသည်ဟု သိရပါသည်။ ဖော်ပြပါမြေနှင့် မြေညီထပ်တိုက်ခန်းကို မိခင်ဒေါ်မေသန်း၏ သားသမီး(၆)ဦးတို့ကသာ အမွေဆိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့် မိခင် ဒေါ်မေသန်းပိုင် မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ မိခင်မကွယ်လွန်မီကတည်းကပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်ပြုလုပ်ထားခြင်းမရှိခဲ့ပါ။ အကယ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ(၅)ဦး ၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်း ဖြင့်ပြုလုပ်ခဲ့ ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဝင်း (LL.B,D.B.L,D.M.L)	**ဒေါ်ခင်ခင်အေး(B.sc, R.L)**
(စဉ်-၅၁၂၁)	**(စဉ်-၄၂၈၂)**
ဖုန်း-၀၉-၅၁၈၈၇၉၂	**ဖုန်း-၀၉-၅၀၄၇၄၇၉**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၉/၁၁၊ အခန်း(၁၀၂/စီ)၊ ပထမထပ်၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Vogue



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းဈေးကလေး(၅)လမ်း၊ အမှတ်-၂၀(ခေါင်းရင်း ခန်း)အကျယ်အဝန်း ပေ(၁၂½×၅၀)ရှိ တိုက်ခန်းအား ယခင်ရန်ကုန်တိုင်းတရားရုံးတော်၏ တရားမ ပထမအယူခံမှုအမှတ်-၆၉/၂၀၁၀နှင့် ၇၀/၂၀၁၀တို့အရလည်းကောင်း ၂၁-၁၁-၂၀၁၁ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၁၇တွင် ကြေညာချက်အရလည်းကောင်း လက်ရှိနေထိုင်ပိုင်ဆိုင်ခြင်း၊ အကျိုးခံစားခွင့်အရပ်ရပ်ရှိခြင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း စသည့်အခွင့်အရေးများရှိသူ ဒေါ်လှဲ့လှဲ့ပြုံးနှင့် ဒေါ်စိုးစိုးမြင့်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးအပ်ထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဥပဒေနှင့် ညီညွတ်သော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ ကန့်ကွက်ရန်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (တရားဥပဒေနှင့် ညီညွတ်သော ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား တင်ပြနိုင် မှုမရှိသော ကန့်ကွက်မှုများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဖေ(အောင်)	**ဦးတင်စိုး(အေး)ကြံတိုင်းအောင်**
B.A, LL.B	**B.A,H.G.P.,R.L., Advocate**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၅၀၊ အခန်း(၂)၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း:01-527483၊ 09-5074862

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

၈-၁၁-၂၀၀၉ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်ထွေးရည်အားရည်စူးလျက်

ချစ်သော မေမေ ကွယ်လွန်ခဲ့သည့် အချိန်မှစ၍ နေ့တိုင်း၊ လတိုင်းနှင့် နှစ်ပတ်လည် နေ့တိုင်းတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ မပြတ်လှူဒါန်းလျက်ရှိပါသည်။

မေမေ့အား ရည်စူး၍ ဝါဆိုသင်္ကန်း အလှူဒါန၊ သီတင်းကျွတ် အလှူဒါန၊ ကထိန်အလှူဒါန၊ ကျောင်းဆောက်ပြုပြင်ခြင်း အလှူဒါနများ၊ လမ်းဖောက်လုပ်ပြုပြင်ခြင်း အလှူဒါနများ၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ တနင်္သာရီစသော တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်များအတွင်းရှိ ဘုရားစေတီများသို့ လှူဒါန်းမှုများပြုပြီး ဒါနကုသိုလ်များ မပြတ်ပြုလုပ်လျက်ရှိကြသလို ဝိပဿနာတရားများ အားထုတ်ပြီး ဘာဝနာကုသိုလ်များလည်း ကုသိုလ်ယူပြုလုပ်လျက်ရှိကြပါသည်။

ဖေဖေနှင့် သားတို့၊ သမီးတို့ ပြုပြုသမျှသော အမျှကုသိုလ်ကို မေမေရောက်ရာဘုံဘဝမှ"သာဓု" ခေါ်ဆိုနိုင်ပါစေ။ ဆက်လက်ကျင့်ကြံအားထုတ်ခြင်းဖြင့် တရားထူး၊ တရားမြတ်များ ရရှိနိုင်ပါစေဟု ဆုတောင်းလျက်-

"မေမေ အမျှ. . . အမျှ. . . အမျှ"

ဖေဖေ-ဦးစိန်ဝင်းအောင်
သမီးကြီး-ဒေါက်တာစိုးမင်းအောင်-မမြသွေးရည်
သမီးလတ်-မောင်နေလင်း-မသက်သက်အောင်
သားငယ်-မောင်ဟန်ဝင်းအောင်-မယဉ်သူဇာသိန်း
ချစ်မြေးများ-မမြမင်းမဒီ၊ မောင်ဇေယျသူ၊
မောင်သန့်နေရောင်၊ မောင်ဘုန်းနေရောင်၊
မဆုဝေယမင်းဟန်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဌေးဖြူ
အသက်(၈၈)နှစ်

အမှတ်(၆၀၁-A)၊ ညောင်တပင်လမ်း၊ ရွာသစ်အရှေ့အောင်ဆန်း၊ အင်းစိန်မြို့နယ်နေ (ဦးတင်ဝင်းညို)၏ဇနီး ဒေါက်တာဖေမြတ်ဝင်း-ဒေါက်တာခင်လေးညို(မြနှောင်းညိုစာရေးဆရာ)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဦးဝင်းနိုင်-ဒေါ်ခင်အေးဝင်းညို၊ (ဗိုလ်ဇော်ထွန်းညို)၊ ဦးရဲထွန်း-ဒေါ်ခင်သက်ဝေ၊ ဦးလှမြင့်-ဒေါ်ခင်သန်းဝင်းတို့၏ မိခင်၊ ဒေါ်မြတ်ခက်ညို၊ ဦးမြတ်ထွန်းမင်းညို-ဒေါ်စိုးစိုးလွင်၊ ဒေါက်တာမြတ်ထွန်းလင်းညို-ဒေါက်တာယမင်းတင်မောင်မောင်၊ ဗိုလ်ကြီးဇေယျာထွန်းညို(ငြိမ်း)-မနှင်းနန္ဒာလှိုင်၊ ဗိုလ်ကြီးသိန်းဇော်ညို-မယဉ်သူအေး၊ မခိုင်ခင်ဖြူ(မေဖြူဖြူ)တို့၏ အဘွား၊ မြစ်(၆)ယောက်တို့၏ဘွားဘွား ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ (ကြာသပတေးနေ့)နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဝင်းဦးနှင့်ဇနီးဒေါ်စုစုရွှေ
Bright Time Trading Co.,Ltd

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးနှင့် ဒေါ်နီနီဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ဌေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၄၃)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေးဖြူ (၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသောမိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဌေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်ဌေး
ကိုမင်းနောင်ဟိန်း မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အလှူ့ဒါယကာ

ဦးဇော်လွင်(ညောင်ကျိုး)(၅၂)နှစ်

(လေ/၁၈၈၈၅)အုပ်ခွဲတပ်ကြပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွားစိန်တို့၏သား၊ ဦးရီရှောင်-ဒေါ်ကူးမွှေး ကျောက်စိမ်းမိသားစုတို့၏သားသမက်၊ လှိုင်မြို့နယ်၊ အမှတ်(၂၈)၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ ဒေါ်သိန်းသိန်း (အန်တီသိန်းအထည်ဆိုင်)၏ခင်ပွန်း၊ မအေးမြင့်မြတ် (TTC)၊ မဖူးပွင့်သန်း (TTC)တို့၏ဖခင် ဦးဇော်လွင်သည် ၄-၁၁-၂၀၁၃(တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဗိုလ်ကြီးအောင်မြင်(ငြိမ်း)(ပန်းချီ-အောင်စံမြင့်)
အသက်(၆၇)နှစ်

၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သော ဗိုလ်ကြီးအောင်မြင်၏နာရေးကိစ္စအဝဝတွင် လူအား၊ ငွေအား၊ အခြားကူညီပံ့ပိုးမှု အမျိုးမျိုးနှင့် ပါဝင်ကူညီခဲ့ကြသော ဆရာမကြီး ဒေါ်သန်းသန်းနှင့် ပုသိမ်မြို့(ဟိုက်စကူးကျောင်း)မှ ကျောင်းသားဟောင်းသူငယ်ချင်းများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ Quality မဂ္ဂဇင်းစာအုပ်တိုက်မိသားစု၊ သူငယ်ချင်းပန်းချီဆရာများ၊ ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာနမှ ဆရာမကြီးများနှင့် ဆရာမများ၊ တပည့်များ၊ ၂၁-ညောင်ပင်သာ(ပုသိမ်)မိသားစုနှင့် ဆက်နွယ်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ စိမ်းလဲ့ဝေအထူးကုဆေးခန်းမှ ဆရာ၊ ဆရာမများ၊ အ. မ. က(၇) ရွှေပြည်သာမှ ဆရာ၊ ဆရာမများ၊ သမီး(ပြုံးအောင်မြင်)၏ သူငယ်ချင်းများအားလုံးကိုလည်းကောင်း၊ နာမကျန်းဖြစ်သည်မှ နာရေးကိစ္စပြီးသည်အထိ အထူး ဂရုစိုက်စောင့်ရှောက်ပေးခဲ့ကြသော ဖိုးအုန်းမိသားစု၊ ဦးသိန်းဝင်း-ဒေါ်မြမြစိုး(သဇင်စားသောက်ကုန်)၊ ဦးမင်းသိန်း(Comet သွပ်ပြားစက်ရုံ)တို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်သတင်းမေးအားပေးကူညီကြသော မိတ်သင်္ဂဟအပေါင်းအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

တစ်လပြည့်မှတ်တမ်း

ဗိုလ်ကြီးအောင်မြင်(ငြိမ်း)(ပန်းချီ-အောင်စံမြင့်)
အသက်(၆၇)နှစ်

၈-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်ကြီးအောင်မြင်အားရည်စူး၍ ကျန်ရစ်သူမိသားစုက တစ်လပြည့် လလည်နေ့ထိ အပတ်စဉ်လှူဒါန်းပေးခဲ့သော

(၁) ရွှေဥမင်တောရ တိုက်ခွဲ(မှော်ဘီ)နှင့် ရွှေဥမင်တောရ-တိုက်ခွဲ(ကျောက်အိုင်)သို့ ကျောင်းဆောက်ရန် အလှူငွေများလှူဒါန်းခြင်း၊
(၂) နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေပေးအပ်ခြင်း၊
(၃) အ. မ. က(၇)၊ စာကြည့်တိုက်(ရွှေပြည်သာ)သို့ အလှူငွေထည့်ဝင်ခြင်း၊
(၄) တစ်လပြည့်နေ့တွင် သံဃာတော်များအားဆွမ်းကပ်၍ လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းခြင်းစသည့် ပြုခဲ့သောကုသိုလ်ကောင်းမှုအဖို့ဘာဂကို ကွယ်လွန်သူ ဗိုလ်ကြီးအောင်မြင်နှင့် တကွ ကြားသိသမျှသော ပုဂ္ဂိုလ်အားလုံး "သာဓု"ခေါ်ဆိုစေနိုင်ရန်အတွက် အမျှပေးဝေအပ်ပါသည်။

"အမျှ. . . အမျှ. . . အမျှ. . . "ယူတော်မူကြပါကုန်လော့

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဇော်(မုံရွာ)
အသက်(၅၇)နှစ်
အင်္ဂလိပ်စာနည်းပြ (ဒွဲပညာဗိမာန်) ၆-မိုင်ခွဲ၊ ရန်ကုန်

ဒေါ်ဌေးဌေးအောင်(Director Good Morning Asia Travel & Tours Co.,Ltd)၏ခင်ပွန်း ဦးခင်မောင်ဇော်သည် ၂-၁၁-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မုံရွာဒေသကောလိပ်မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ)
အသက်(၉၁)နှစ်
အင်္ဂလိပ်စာဆရာကြီး
သင်းအုပ်ဆရာဟောင်း ဧမာနွေလအသင်းတော်(တရုတ်)
အတွင်းရေးမှူးဟောင်း-YMCA(ရန်ကုန်)

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်းကြည်-ဒေါ်စောလု (ရဲအောင်လံခရီးသည်ပို့ဆောင်ရေး)တို့၏ဖခင် ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ) (၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးချစ်၊ ဦးတင်ရွှေ၊ ဦးကျော်ဝင်း(ရွှေဇီးကွက်)၊ ဦးထွန်းထွန်းဦး

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ)
အသက်(၉၁)နှစ်
အင်္ဂလိပ်စာဆရာကြီး
သင်းအုပ်ဆရာဟောင်း ဧမာနွေလအသင်းတော်(တရုတ်)
အတွင်းရေးမှူးဟောင်း-YMCA(ရန်ကုန်)

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်းကြည်-ဒေါ်စောလု (ရဲအောင်လံခရီးသည်ပို့ဆောင်ရေး)တို့၏ဖခင် ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ) (၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဖိုးချစ်-ဒေါ်စန်းစန်းတင့်
(Trade Relation International Co.,Ltd)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ခင်မာကြည်
အသက်(၇၁)နှစ်

ဦးကျော်ဆွေ-ဒေါ်စန္ဒာဝင်းတို့၏မိခင်ကြီး ဒေါ်ခင်မာကြည် အသက်(၇၁)နှစ်သည် ၁-၁၁-၂၀၁၃ရက် ည ၁၀း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲမင်း(ဥက္ကဋ္ဌ)၊ ဦးသန်းနိုင်(ဒု-ဥက္ကဋ္ဌ)နှင့်
Famous Parami Construction ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး
တပ်မတော်-ရေ(ငြိမ်း)
အသက်(၇၆)နှစ်

အမှတ်(၅၉)၊ သုမင်္ဂလာ(၂)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ကပ္ပတိန်ညီညီ-ဒေါ်တင်ဝင်းဝင်းသန်းတို့၏ဖခင်သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲဝင်း
ရွှေသွေးကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဌေးဖြူ
အသက်(၈၈)နှစ်

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။

ဟင်္သာတ- အထက(၂)
ကျောင်းသား/သူဟောင်းများ၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအုပ်ကြီး(ငြိမ်း)ဦးသိန်းမောင်သည် ၂၇-၁၀-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရွှေပြည်နားကြားအထောက်အကူပြုကုမ္ပဏီလီမိတက်
AUTRON နားကြားကိရိယာ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်ဌေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ
(မြန်မာ့ဩဘာလုပ်ငန်းစု)

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး(ရေ-ငြိမ်း)
ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး(ငြိမ်း)(သန်လျင်)

မိဘသဖွယ်ချစ်ခင်လေးစားရပါသော ကျေးဇူးရှင်ဗိုလ်မှူးကြီးတင်ဦး(ရေ-ငြိမ်း)သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်ဝင်း-ဒေါ်စန်းစန်းမော်
သမီး-မမြရည်နန္ဒာဝင်း
ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး
တပ်မတော်-ရေ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၉)၊ သုမင်္ဂလာ(၂)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဒေါ်ခင်မေသန်း)၏ ခင်ပွန်းသည် ၃-၁၁-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရဲဌေး-သူဇာ
နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့်(လသာ) (၆၃)နှစ်

အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့်
ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့်(လသာ) (၆၃)နှစ်

အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့်
ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ (ကြာသပတေး နေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

ဦးကြည်မြင့်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
အမျိုးသားစာပေဆုရှင်(ဘာသာပြန်သုတ)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေး လမ်း၊ အမှတ်(၅၄)၊ လေးလွှာနေ (ဦးမောင်မောင်-ဒေါ်ခင်ပု)တို့၏ သား၊ (ဦးခင်မောင်လေး)-ဒေါ်ဝင်းဝင်းနိုင်တို့၏သားသမက်၊ ဒေါ်မင်းမင်းဦး၏ခင်ပွန်း၊ ဒေါ်ဇာခြည်အောင်-ဦးအောင်မြတ်စိုး၊ ကိုဇာနည်မြင့်တို့၏ဖခင်၊ မြေးနှစ်ယောက် တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၃(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီနှင့် ရန်ကုန်မြို့၊ လမ်းမတော်၊ သံဈေးအနီးမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်း)

အသက်(၈၂)နှစ်

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်တို့၏ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်း)သည် ၂-၁၁-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
စက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ငွေဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဦး-ဒေါ်နီနီဝင်းတို့၏မိခင် ဒေါ်ခင်ငွေဖြူ သည် ၃၁-၁၀-၂၀၁၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းနိုင်
ဒုဥက္ကဋ္ဌ
ဂျပန်မြန်မာချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်မှုအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး [တပ်မတော်(ရေ)(ငြိမ်း)]

အသက်(၇၆)နှစ်

ဗိုလ်မှူးကြီးကျော်ကျော်ဦး [စစ်ဦးစီးဗိုလ်မှူးကြီး(ရေ)]-ဒေါ်တင်အေးမွန်သန်း တို့၏ဖခင် ဗိုလ်မှူးကြီးတင်ဦး တပ်မတော်(ရေ) (ငြိမ်း)သည် ၃-၁၁-၂၀၁၃ရက် မွန်းလွဲ ၁း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိ ရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးမောင်မောင်မြင့်-ဒေါ်ခင်ဆွေဝင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးဆယ်

(ညွှန်ကြားရေးမှူး-ငြိမ်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန)

အသက်(၆၄)နှစ်

မန္တလေးမြို့နေ ဒေါ်အမာစိန်၏ခင်ပွန်း ဦးဆယ်သည် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) ညနေ ၅း၄၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရ ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၅ ခုနှစ် သစ်တောသိပ္ပံဘွဲ့ရ သူငယ်ချင်းများ

သင့်သွေးဖြင့် အသက် ကယ်ပါ

ဒေါ်သိန်းဆိုင်(ခ)ဖွားသိန်း

အသက်(၉၅)နှစ်

အမှတ်(၂၈)၊ (၉၈)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးရွှေဖိုး-ဒေါ်ဒွန်းစိန်)တို့၏ သမီး၊ (ဦးသန်းထွန်း)-ဒေါ်မြမြ၊ (ဦးလှဝင်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၅ယောက်တို့၏ အဘွားသည် ၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးချစ်လှိုင် (၉၃)နှစ်

ရေကြောင်းဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၈)၊ ဇေယျာသီရိလမ်းနေ (ဦးသန်းမောင်-ဒေါ်သင်း)တို့၏သား၊ (ဦးထွန်းမြတ်-ဒေါ်သိန်း)တို့၏ သားသမက်၊ ဒေါ်မြိုင်၏ ခင်ပွန်း၊ (ဦးလှထွန်း)-ဒေါ်ခင်လှကြူ၊ ဦးမြအေး-ဒေါ်ခင်လှမူ (KBZ လမ်းမတော်)၊ ဦးဖုန်းမြင့်အောင်-ဒေါ်အေးသန်း၊ (ဦးကျော်စိန်)-ဒေါ်လှိုင်ဝင့်အေး၊ ဦးအောင်မြင့်-ဒေါ်သီသီဝင်း(USA)၊ ဦးလှနိုင် (C/E-RAFFLE SHIPPING Co., Ltd.)-ဒေါ်လှဥမ္မာသိန်း၊ ဦးနိုင်တင့်ထွေး (မော်စီ)- ဒေါ်မိုးကြည်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

ကိုမျိုးမြင့်(ခ)ကိုရှမ်းကြီး(ခ)ပေတရု (၃၉)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်(ပန်းခြံ)၊ ဘုရင့်နောင်လမ်း၊ အမှတ် (၇/၉/၁၀)နေ (ဦးထန်ဆွင်းဟောက်)-ဒေါ်ဖန်းဆီ(ခ)ဒေါ်ဟန္န(ခ)ဒေါ်တရုတ်မတို့၏သားကြီး၊ မတင်စောဝေ(ခ)မာရီ၊ မအေးသီတာ(ခ)အက်စတာ၊ မသန္တာအောင်(ခ)ရီဗက္ကာ၊ မသန်းသန်းနိုင်(ခ)မာသ၊ မအေးမြတ်ခိုင်(ခ)လီဒီယာ၊ ကိုရှမွေလတို့၏အစ်ကိုကြီး၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေး ကိုမျိုးမြင့်သည် ၅-၁၁-၂၀၁၃(အင်္ဂါနေ့) ည ၇နာရီတွင် ရုတ်တရက် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၃ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ဝတ်ပြုခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရွှေပြည်သာနေအိမ်မှ ကားများ နံနက် ၇း၃၀နာရီနှင့် ရှစ်မိုင် ညီအစ်ကိုများ ဘုရားကျောင်းမှ ကားများ နံနက် ၈နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မောင်အောင်ကောင်းမြတ်

(မိဘဂုဏ်ရောင်ဆီစက်)

အသက်(၁၇)နှစ်

ကျောက်ပန်းတောင်းမြို့နေ ဦးအေး-ဒေါ်ပိုပို၊ ဦးထွန်းကြည်-ဒေါ်မမလေးတို့၏မြေး၊ ဦးမောင်မောင်တာ-ဒေါ်ခင်မေအောင်(မိဘဂုဏ်ရောင်ဆီစက်)တို့၏သား၊ မမေသူသူတာ၊ ဗိုလ်ကြီးဖြိုးမင်းသူ၊ ဗိုလ်ကြီးစိုးမင်းထွန်း၊ မမေဇွန်ခိုင်၊ မခိုင်မွန်မွန်တာ၊ မနှင်းဝင့်ဝင့်တာတို့၏မောင်၊ မသင်းလဲ့သော်တာ၊ မောင်ဘုန်းမြတ်ဟိန်းတို့၏ အစ်ကို၊ မေမင်းဟေသာ၏ ဦးလေး မောင်အောင်ကောင်းမြတ်သည် ၃-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၃ (တနင်္လာနေ့) ညနေ ၄နာရီတွင် အမှတ်(၃)သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည်မြင့် (၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
အမျိုးသားစာပေဆုရှင်(ဘာသာပြန်သုတ)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၅၄/၄ လွှာ)နေ ဒေါ်မင်းမင်းဦး၏ ချစ်လှစွာသောခင်ပွန်း ဦးကြည်မြင့် အသက်(၆၃)နှစ်သည် ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊
ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများ၊
ပြန်ကြားရေးဝန်ကြီးဌာန

ဦးကြည်ညွန့်(စစ်ကိုင်း)

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်နာယက
ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန
အင်အားဂျာနယ် အယ်ဒီတာချုပ်

အသက်(၈၃)နှစ်

စစ်ကိုင်းမြို့နေ (ဦးလင်း-ဒေါ်ခင်)တို့၏ သား၊ (ဦးဖိုးကြည်-ဒေါ်အေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြေနီကုန်း ကျောင်းလမ်း၊ အမှတ်(၂၃)နေ ဒေါ်အေးမြင့် (ကထိက-ငြိမ်း၊ မနုဿဗေဒ၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးချစ်လှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ကြည်ကြည်သန်း(အကောက်ခွန်-ငြိမ်း)တို့၏ဖခင်၊ မောင်သန့်ဇင်ထွန်း၊ မနှင်းသီရိ၊ မောင်နေမျိုးသီဟတို့၏အဘိုး သည် ၇-၁၁-၂၀၁၃ရက် နံနက် ဝဝး၁၅ နာရီတွင် ကောင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးဗိုလ်လောင်း တက္ကသိုလ်သို့ ခန္ဓာကိုယ်လှူဒါန်းခဲ့ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြည်ညွန့်(ငြိမ်း) (စစ်ကိုင်းကြည်ညွန့်)

ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
အင်အား အားကစားဂျာနယ် အယ်ဒီတာချုပ်
နာယက၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်
နာယက၊ စစ်ကိုင်းအသင်း

အသက်(၈၃)နှစ်

စစ်ကိုင်းမြို့၊ မိုးဇာရပ်နေ (ဦးလင်း-ဒေါ်ဒေါ်ခင်)တို့၏သား၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ဇမ္ဗူထွန်းတိုက်နေ (ဦးထွန်းရွှေ)-ဒေါ်မြင့်မြင့်တို့၏မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ် (၁၇)နေ (ဦးဇာလီဘုန်းနိုင်)-ဒေါ်ခင်မမထွန်းတို့၏ဦးလေး၊ ကိုကျော်သူရဇော်-မက္ကရွှေဘုန်းနိုင်၊ မတင်စာဘုန်းနိုင်၊ ဒေါက်တာစန္ဒီဘုန်းနိုင်တို့၏ အဘိုး၊ ကျောင်းလမ်း၊ မြေနီကုန်း၊ အမှတ် (၂၃)နေ ဒေါ်အေးမြင့်၏ခင်ပွန်း ဦးကြည်ညွန့်သည် ၇-၁၁-၂၀၁၃ (ကြာသပတေး နေ့) နံနက် ဝဝး၁၅နာရီတွင် အင်းစိန်မြို့နယ် ကောင်းဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးဒါစန်းမောင် (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးချန်ယု-ဒေါ်ဆွေရင်)တို့၏သမီးထွေး၊ (ဦးမောင်မောင်-ဒေါ်မေမေခင်)တို့၏ သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးစန်းမောင်)၏ ဇနီး၊ ဦးစန်းဘိုသီဟ-ဒေါ်သင်းစိုးမြင့်၊ ဒေါက်တာစန်းထွဋ်သီဟ-ဒေါ်သစ္စာလွင်၊ ဦးစန်းသုံးသီဟ-ဒေါ်စန်းသီတာမြင့်တို့၏မိခင်၊ ကိသ်လွင်သီဟ၊ နီကိုးလ်သီဟ၊ ဒါလင်းသီဟတို့၏အဘွား ဒေါ်အေးဒါစန်းမောင်သည် ၇-၁၁-၂၀၁၃ရက် နံနက် ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မချစ်ချစ်ခိုင် အသက်(၁)နှစ် (၁၀)လ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၃၃၁/ခ)နေ ကိုမောင်မောင်-မသက်သက်အောင်တို့၏သမီး၊ မာန်အောင် မြို့နယ်၊ ကင်းတဲကျေးရွာနေ (ဦးဖိုးတင့်-ဒေါ်ပုတင်)တို့၏မြေး၊ မောင်လင်းအောင်၏ တူမ၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးအောင်ဖော်ဇံ-ဒေါ်ခင်လှရီတို့၏မြေး၊ ကိုအောင်အောင်ဖြိုး၊ ကိုကျော်ကျော်အောင်၊ ကိုအောင်ကျော်ထွန်း၊ မဇင်ဇင်တို့၏ တူမသည် ၇-၁၁-၂၀၁၃(ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၉-၁၁-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးကျော်ညွန့် (၇၈)နှစ်

(ဆိုက္ကားဘေးတွဲနှင့်ဘော်ဒီလုပ်ငန်း)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ စစ်ချောင်းကျေးရွာနေ (ဦးထွန်းနု-ဒေါ်သိန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၉)လမ်းအနောက်၊ အမှတ် (၁၁)နေ (ဒေါ်ခင်တုပ်)၏ ခင်ပွန်း၊ ဦးစိုးလွင် (ကျော်ညွန့် ကားဘောဟတ်လုပ်ငန်း)-ဒေါ်သန်းသန်းကြည်၊ ဦးစန်းဝင်း-ဒေါ်ရီရီသန်း၊ ဦးဘသိန်း-ဒေါ်မွှေးမွှေး၊ ဦးတင်ထွန်း-ဒေါ်မြင့်မြင့်အေး၊ ဦးတင်ငွေး-ဒေါ်စန်းစန်းရီ၊ ဦးငွေအောင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးကျော်ညွန့်သည် ၆-၁၁-၂၀၁၃ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးအေးသွင်(ခ)ဦးရှမ်းကြီး

M.P.P.E (ငြိမ်း)

အသက်(၆၆)နှစ်

လှည်းကူးမြို့နယ်၊ ကြာကန်ကျေးရွာနေ (ဦးကျော်လှ-ဒေါ်ညွန့်စိန်)တို့၏သား၊ သာကေတမြို့နယ်၊ ၇/ရပ်ကွက်၊ အောင်သပြေအရှေ့ (၇)လမ်းနေ (ဦးအောင်ဖေ)-ဒေါ်ခင်ရီတို့၏ သားသမက်၊ ပဲခူးမြို့နယ်၊ ၈/ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးအေးမောင်-ဒေါ်ခင်မြင့်တို့၏တူ၊ သာကေတမြို့နယ်၊ ၇/ရပ်ကွက်၊ အောင်သပြေအရှေ့(၇)လမ်း၊ အမှတ်(၅၄၂)နေ ဒေါ်ခင်မြအေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်စိုး-မမြမြသွင်၊ ကိုကျော်ကျော်စိုး-မဇာဇာသွင်၊ ကိုသာထွန်းကျော်-(မသီသီသွင်)၊ ကိုမောင်မောင်အောင်-မဥမ္မာအောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ကုသလမဟာထေရ်

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ဆံတော်ရှင်ကျိုက်ဒေးယျံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မြို့လယ်မွှေးရုံ ဂေါပကအဖွဲ့သြဝါဒါစရိယ၊ မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ သြဝါဒါစရိယဖြစ်တော်မူသော ကျေးဇူး တော်ရှင် သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၁-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ကျော် ၃ ရက်) ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စံကျောင်းချ မင်္ဂလာကျင်းပ၍ (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်) ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း တပည့် သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း တို့အား အသိပေးအပ်ပါ သည်။ [အကြိုဓမ္မပူဇာအဖြစ် ၁၉-၁၁-၂၀၁၃ (အင်္ဂါနေ့)တွင် ဘဒ္ဒန္တမေဃိယ (ရွှေသန်လျင်ဆရာတော်)၊ ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူး နေ့)တွင် ဘဒ္ဒန္တပညာဇောတ (ကျုံးဒေါင့် -ဝိပဿနာကျောင်း) ပဲခူးမြို့နှင့် ၂၁-၁၁-၂၀၁၃ (ကြာသပတေးနေ့)တွင် ဘဒ္ဒန္တဥတ္တရ (ဓမ္မကထိကဗဟုဇနဟိတရေ) ကျိုက်ဒေးယျံဆရာတော်)တို့မှ တရားတော်များ ဟောကြားပါမည်။) အန္တိမ အဂ္ဂိဈာပနကျင်းပရေးကော်မတီ

ရဟန်း ဒါယိကာမကြီး

ဒေါ်အေးမြင့် အသက်(၇၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အပိုင်း(၄)၊ ငမိုးရိပ်(၄)လမ်း၊ အမှတ် (၅၁၃) (B/၂)နေ (ဦးသောင်းစိန်-ဒေါ်လှမြင့်)၏ သမီး၊ ဦးလှဝေ (အငြိမ်းစား ဆိပ်ကမ်းဝန်ထောက်)၏ချစ်လှစွာသောဇနီး၊ ဦးစိုးလွင် (S.R.S SHIPPING)-ဒေါ်စန်းစန်းဝင်း၊ ဦးစိန်ဝင်း (M/V ရွှေသရဖူ)-ဒေါ်အေးအေးဖြူ၊ ဦးသိန်းနိုင်ဦး (UNITEAM)-Dr. ခင်လဲ့လဲ့ဝင်း၊ ဦးမင်းလွင်ဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးစောမင်းဦး(ဆိပ်ကမ်း)-ဒေါ်အေးမာ(ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်)၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၃ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးဖေဝင်း(ခ) မိုဟာမက်ဖိုင်ဇဲ(လ်) (၆၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးပါတီ၊
အမှတ်(၆)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်စည်းရုံးရေးမှူး၊
ဂိုဒင်း(န်)ပြည်မဟာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (MD)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၀/၁၂)နေ ဒေါ်မာမာအေး(ခ) ဂျန်နီမာ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှရွှေ-ဒေါ်ခိုင်စန္ဒာဝင်း(B.Com)၊ ကိုသက်နိုင်ဝင်း [ဂိုဒင်း(န်) ပြည်မဟာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ GM]-မချယ်ရီ၊ မဖြူစင်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၅-၁၁-၂၀၁၃ရက် နံနက် ၄း၀၅ နာရီတွင် အလ္လာဟ်သျှင် မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေး စွန္နီမွတ်စလင်ကဘာရ်စတန်ဥယျာဉ်၌ ဂျနာဇာနာမားဇ် ဝတ်ပြု၍ ဒါဖွာနာ ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၁၁-၁၁-၂၀၁၃ (တနင်္လာ နေ့) ညနေ ၅ နာရီမှ ည ၈ နာရီထိ ရက်လည်(ခသမ်)ထမင်းကျွေးမည်ဖြစ် ပါ၍ ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

မချိုသဲဦး (၃၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် (၂၀/R-၁၅)နေ ဦးကံထွန်း၏ ဇနီး၊ မရူပါကံထွန်း၊ မောင်ဟန်ဇာကံထွန်း တို့၏မိခင် မချိုသဲဦးသည် ၇-၁၁-၂၀၁၃ ရက် နံနက် ၂း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၃ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [၁၃-၁၁-၂၀၁၃ (ဗုဒ္ဓဟူး နေ့) နံနက် ၈နာရီမှ ၁၂နာရီထိ အောက်မေ့ဘွယ်ဝတ်ပြုကိုးကွယ်ခြင်းကို နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

PI CING NGAIH CIANG

(Gual Nam Beh)

အသက်(၉၁)နှစ်

တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာနေ Pu (Vungh Za Thang Leh - Pi Sainh Cing) တို့၏ သမီးချွေးမ၊ Pu Awn En Leh-Pi Goih Za Dim တို့၏ သမီးကြီး၊ Pu (Lian Khaw, Pau)- Pi (Cing Za Kim)၊ Pu (Nang Za En)-Pi Dim Zam Cing၊ Pi Zo Khan Cing- အရာခံဗိုလ်ထောင်ခန့်ဒို (ငြိမ်း)၊ Pi (Vungh Go Cing)-Pu (Neng Khup)၊ Pi Vungh Khaw Man-Pu Vial Khan Pau တို့၏ ယောက်မ၊ Pi (Dim Gin)-Pu (Kham Khai)၊ (Pu Khup Khan Dal-Pi Ciin Vei Cing)၊ Pi Nem Khaw Dim - (Pu Do za En)၊ Pu Thawng Sian Kham-Pi Hau Deih Cing တို့၏ အစ်မကြီး၊ (Pa Thang Khaw Khai)-Nu En Ngaih Kim၊ Rev En Go Cin၊ Pa Pau Za Suan- ဒေါ်ယဉ်ယဉ်သန်း၊ (Pa Dal Khan Pau)-Nu Awi Ngaih Vung၊ Nu Cing Lam Kim-Pa Cin Za Khup၊ Rev En Za Khup-Nu Awi Ngaih Lun၊ ဇောနွေလအသင်းတော် လိုင်တွီး Sya ma Dim Zam Ciin-Pa Gin Sain Khai၊ NuDon San Niang-Sya Cin Khen Mang (ခေတ္တ-မလေးရှား)၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးလမ်းသွယ် (၁)၊ (၃) ရပ်ကွက်၊ အမှတ်(၃၈၀၈)နေ (W.O.F အလုံ) အသင်းတော်မှ လက်ထောက် Pastor ဆရာခမ်ဆွမ်မုန်-S/m Dim Sian Huai၊ Rev Cing Za Kam-Nu Cing Khan Lian တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၃၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွား၊ (Pu Ngul Khaw Thang)၏ ဇနီး Pi Cing Ngaih Ciang သည် ၅-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် အထက်ပါ နေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွား ပါသဖြင့် ၈-၁၁-၂၀၁၃ရက် ညနေ ၃ နာရီတွင် လိုင်တွီးကျေးရွာ ဇောနွေလ အသင်းတော်နှင့်အတူ ဝတ်ပြုကိုးကွယ် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားပါ သည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်၍ အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကျင်းပရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် လွတ်လပ်ရေး နေ့ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပရန် ၃၂ ရက် သာ လိုတော့သည်

မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ဆီးဂိမ်းရွှေအိပ်မက်

မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ အာဆီယံဒေသတွင်း၌ ထိပ်တန်းအဆင့်ရှိသလို အာရှအဆင့်တွင်လည်း ဒုတိယတန်းစားအဆင့်ရှိသည့်အသင်းဖြစ်သည်။ အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်တိုင်တိုင် ရရှိဖူးသည့် မြန်မာအမျိုးသမီးအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူဖူးခြင်းမရှိသေးပေ။ ယင်းအတွက်ကြောင့် မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အဓိကရည်မှန်းချက်မှာ ဆီးဂိမ်းရွှေတံဆိပ်ကို ပထမဆုံးအကြိမ် ရယူနိုင်ရေးဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း၏ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေမှုနှင့် ပတ်သက်၍ပြောရလျှင် နည်းပြချုပ်အဖြစ် ကိုင်တွယ်နေသည့် ဂျပန်လူမျိုး ကူမာဒါကို ထည့်ပြောရမည်ဖြစ်သည်။ ကူမာဒါ ကိုင်တွယ်ပြီးနောက်ပိုင်းတွင် မြန်မာအသင်းမှာ သိသိသာသာတိုးတက်လာခဲ့သည်က အမှန်ပင်ဖြစ်သည်။ မေလအတွင်းက ပါလက်စတိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာရှဖလားခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သောအသင်းကို အခြေခံကာ မြန်မာအမျိုးသမီးအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာပါရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းကို ပြောင်းလဲပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ

သတင်းထုတ်ပြန်ချက်(၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်းကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းအား သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၃/၂၀၁၃)ကို (၃၁-၁၀-၂၀၁၃)ရက်နေ့၌ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၂။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် အများပြည်သူတို့၏ လိုလားချက်အရလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်၍ ပြည့်စုံသော အကြံပြုချက်များကို ပေးပို့နိုင်ရန်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ သတင်းထုတ်ပြန်ချက်(၁/၂၀၁၃)ဖြင့် ထုတ်ပြန်ခဲ့သော အကြံပြုချက်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မတိုင်မီပေးပို့ရန် သတ်မှတ်ချက်(အစား)၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ စာရေးတန်းလမ်းနေ
ဦးအောင်ညိုဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ ချင်းတွင်းအားမာန်ကုမ္ပဏီ)-ဒေါ်မာမာဝင်း(အောင်မြင့်သိန်း၊ ဇက်ရေယာဉ်သယ်ယူပို့ဆောင်ရေး)တို့၏သားကြီး

မောင်စွမ်းရည်

1st Year(Business),Victoria College

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ (၁၄၉)လမ်း၊ အမှတ်(၅)နေ
ဦးစောဘာဗလု-ဒေါ်ကေသီမြင့်အောင်တို့၏ တစ်ဦးတည်းသောသမီး

မဝါဆိုမြင့်အောင်

1st Year (BBM)

တို့၏ ၂၇-၁၀-၂၀၁၃ရက်တွင် မုံရွာမြို့၊ မြစန္ဒာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲကို မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်မြို့၊ ဗိုလ်ချုပ်ကြီး(ငြိမ်း)သီဟသူရ၊ မဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ မင်္ဂလာလက်ထပ်ထိမ်းမြားပေးပါသော အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးလွင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်နု၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော မန္တလေးမြို့ ဦးအောင်ဆန်းဝင်းနှင့်ဇနီး ဒေါ်အေးမော်စီ(အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း)၊ မင်္ဂလာအုပ်များ သယ်ဆောင်ပေးပါသော ဦးဝေယံဖြိုးနှင့်ဇနီး ဒေါ်သီရိမျိုးဝင်း၊ ဦးဝဏ္ဏမျိုးဝင်း၊ ဒေါ်ဟန်နီသော်တာလင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီးဒေါ်ဝေဝေခိုင်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၏ဇနီး ဒေါ်ကြင်မြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝန်ကြီးများ၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အမှတ်(၁)စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့်ဇနီးဒေါ်ခင်မြဦး၊ (Vice Chairmen NTT Co.,Ltd)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဒေါ်သဇင်မြင့်အောင် (အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး)၊ တင်ဝင်းထွန်းကုမ္ပဏီမိသားစု၊ မင်းထက်ဦး ကျောက်မျက်ကုမ္ပဏီမိသားစု၊ ထာဝရကုမ္ပဏီမိသားစု၊ ရတနာရောင်ခြည်ကျောက်မျက်ကုမ္ပဏီမိသားစု၊ အောင်ကောင်းထက် ကျောက်မျက်ကုမ္ပဏီ၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ စွမ်းအားသစ်မိသားစု၊ စန်းမိသားစု အစရှိသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သဟာများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးမိုးကျော်၊ မင်္ဂလာအခါတော်ပေး မေဆွိနှင့် မြို့မတေးဂီတအဖွဲ့၊ အိုင်းရင်းဇင်မာမြင့်၊ Snare၊ မေတ္တာဖြင့် သီဆိုဧည့်ခံပေးပါသော နန်းခင်မွှေးအားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးသော မမေမွန်မျိုးဝင်း၊ မင်္ဂလာအောင်ပန်းကုံး ကိုင်ဆောင်ပေးသော မဟန်နီစိုးမြင့်ကျော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မပန်းအိစံ၊ သတို့သားအရံ ကိုရဲထက်အောင်၊ ကိုအောင်စိုးသန့်၊ သတို့သမီးအရံ မဒေးလပြည့်၊ မသန့်ကြည်ဖြူစင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မန္တလေးမြို့ အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမိသားစု၊ မန္တလေးမြို့၊ ကိုကျော်စွာဝင်း တော်ဝင်စိန်တိုက်ပိုင်ရှင်၊ မင်္ဂလာဝတ်စုံ မဇူဇူ (Zu Zu Collection)၊ ဒီဇိုင်နာလတ်လတ်၊ SHI MI ZU (LadiesCollection)၊ မိတ်ကပ်မေသန်း၊ ညို၊ ပန်းအလှပြင်မာမီကင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံဗီဒီယို (EMPEROR) ရွှေဇင်ယော်(ဗီဒီယို)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ ၂၇-၁၀-၂၀၁၃ရက် မုံရွာမြို့၊ မြစန္ဒာခန်းမ၌ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ဧည့်ခံဖျော်ဖြေပေးပါသော Snare အဖွဲ့၊ အိုင်းရင်းဇင်မာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်စွမ်းရည်-မဝါဆိုမြင့်အောင်

အမျိုးသားဆံပင်ညှပ်(သီးသန့်)သင်တန်း
(အမျိုးသား/အမျိုးသမီး)

- ဆံပင်ဒီဇိုင်းမျိုးစုံ(စက်ရိုက်ထိုးနည်း/ရှိတ်ထိုးနည်း)
- နောက်ဆုံးပေါ်ဒီဇိုင်း(ယိုးဒယားစတိုင်/ကိုရီးယားစတိုင်/အရှေ့တိုင်း/အနောက်တိုင်း ဆံပင်ပုံစံများ)
- ဆံပင်ပန်းချီပုံဖော်ခြင်း အတတ်ပညာ။
- ဆံပင်အရောင်ဆိုးခြင်း/ဆေးစပ်နည်းမျိုးစုံ

မှတ်ချက် (ဘာသာစုံအလှပြင်သင်တန်းကို ဝါကျွတ်လျှော့ဈေးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။)

"ယု" အလှပြင်ဆိုင်

၃၆၅/၃၆၇၊ (ပ)ထပ်၊ ဗိုလ်ချုပ်လမ်း၊ (ရွှေခေါင်းလောင်းအပေါ်ထပ်)၊ စင်ထရယ်ဟိုတယ်အနီး၊ ဂရင်းမီးရထားဟိုတယ်ရှေ့၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

ဆိုင်ခန်းငှားမည်

သိမ်ကြီးဈေး(ဒီ)ရုံ၊ မြေညီထပ်၊ နေရာကောင်းငှားမည်။

ဖုန်း-၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

ပျောက်ဆုံးကြောင်း

ကျွန်ုပ် ဦးတင်ရွှေ(ဘ)ဦးအောင်ဘညို [၁၂/ဥကမ(နိုင်)၁၄၈၄၂၂]၏ Passport ပျောက်ဆုံးပါ၍တွေ့ရှိက အကြောင်းကြားရန်။ **ဖုန်း-၀၉-၄၄၈၀၂၃၈၅၇**

ရခိုင်သဟာယအသင်း(ရန်ကုန်)
တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုလျှောက်ထားနိုင်

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသားများအနက်မှ စနစ်တကျ စိစစ်ရွေးချယ်၍ နှစ်စဉ်ပညာသင်ထောက်ပံ့ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အမှန်တကယ်လိုအပ်သော ကျောင်းသားများအနေဖြင့် ရခိုင်သဟာယအသင်း(ရန်ကုန်) တက္ကသိုလ်ပညာထောက်ပံ့ဆု လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်း၏မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ်(၄၈၁)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်) ရုံးခန်းတို့၌ ရယူနိုင်ပြီး ပြည့်စုံစွာ ရေးသားဖြည့်စွက်ထားသော လျှောက်လွှာများကို ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ပါသည်။

တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးဘသိန်း ဖုန်း-၀၉-၅၁၆၂၁၈၇၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဒေါ်လှလှရီ ဖုန်း-၀၉-၄၂၀၀၁၀၀၂၀၊ Capt.Dr.စိုးဟန် ဖုန်း-၀၉-၅၀၂၉၇၇၀၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၁၃၉၀၈၂၊ ဦးကျော်ဇောလှ ဖုန်း-၀၉-၇၃၂၅၇၆၂၈၊ ဦးကျော်ဝင်းခိုင် ဖုန်း-၀၉-၅၁၅၇၀၄၈ နှင့် အသင်းရုံးခန်း ဖုန်း-၀၁-၄၃၀၁၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၃ တက္ကသိုလ်ဝင်တန်း စာမေးပွဲအား ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပေးခဲ့သော အသက်(၅)ရိုလ်တာအောင် ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို အထူးပင် ကျေးဇူးတင်ပါကြောင်း။

မောင်နိုင်ထက်	(လူ့ရည်ချွန်ဘာသာစုံဂုဏ်ထူး)
	(ရန်ကုန်တိုင်းဒေသ)
	(မြန်မာတစ်နိုင်ငံလုံးဒုတိယ)
မိဘများ	ဦးလေးလှုန်+ဒေါ်ခင်လှမိုး (၈-၁၁-၈)

ကန့်ကွက်နိုင်ပါသည်

[illegible]

PIONEER LAW FIRM

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

လှည်းကူးမြို့တန်ဆောင်တိုင်ပွဲတော်စည်ကားစွာကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကိုပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နိုဝင်ဘာလ ၁၄ရက်မှ နိုဝင်ဘာလ ၁၈ရက်အထိ ကြည့်ချင်စရာ အငြိမ့်၊ ဇာတ်ပွဲများနှင့် (၆၅)ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ယခင်နှစ်များမှ အမြဲတမ်းရောင်းချခဲ့သည့် ဈေးဆိုင်ဟောင်းများကို ၉-၁၁-၂၀၁၃ရက်မှ ၁၁-၁၁-၂၀၁၃ရက်အထိ ရောင်းချပေးပြီး ဆိုင်သစ်များအား ၁၂-၁၁-၂၀၁၃ရက်မှ စတင်ရောင်းချပေးပါမည်။

ပွဲတော်ကျင်းပရေးကော်မတီ
လှည်းကူးမြို့

ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပင့်လျှောက်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်အလှူမင်္ဂလာကို (၈၀)ကြိမ်မြောက် (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်) ၁၃-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်တော်မူကြပါရန် ရပ်ဝေးရပ်နီးအသီးသီးမှ ကိုင်းကုန်းနွယ်ဝင်ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ထံ လက်လှမ်းမီသမျှ ပင့်လျှောက်လွှာ၊ ဖိတ်ကြားလွှာများ ဆက်ကပ်ပေးပို့ပြီးဖြစ်ပါသည်။

ပင့်လျှောက်ဖိတ်ကြားလွှာများမရောက်လျှင်လည်း ဤသတင်းစာပါ ပင့်လျှောက်၊ ဖိတ်ကြားလွှာကို အသိအမှတ်ပြု၍ ကြွရောက်တော်မူကြပါရန် ရိုသေလေးစားစွာအကြောင်းကြားသိစေပါသည်။ **ဝေယျာဝစ္စအဖွဲ့၊ ကိုင်းကုန်းကျောင်းတိုက်**

မြသီတာ

09-5128533, 09-73132388 Hot Line : 09-73 200 440

GL

- ကောင်ကြီး (မီးပုံးပျံပွဲ) Nov 14
- (110000/140000)
- Nov 15
- Nov 15
- Nov 15
- Nov 16,26
- Nov 17,27

Ph; 09 73040050, 09 73040051, 09 73040052, 09 5136466

နှစ်(၄၀)ပြည့်ပတ္တမြားရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ **ဦးတင်ဝင်း** နှင့် ချစ်မေမေ **ဒေါ်လွင်မာ** တို့၏ ၈-၁၁-၂၀၁၃ရက်တွင် ပြည့်မြောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာသို့တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် သာယာဖြောင့်ဖြူးသော ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး-ကိုကျော်ဖြိုးမော်-မမျိုးသူဇာမွန်
ချစ်မြေးလေး-မောင်မင်းဗညားမော်
ချစ်သားငယ်-ကိုပြည့်ဖြိုးမော်-မဆွေဇင်မြင့်
ချစ်သမီးလေး-မမေသက်ခိုင်ဝင်း

ပိုးသာ ♥ ပိုးသာ

SIES ဧည့်လမ်းညွှန် ဝင်ခွင့်

HLEDAN Junc.

09.5406533

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အဆင့်မြင့်ပြင်ဆင်ထားသောရုံးခန်း မြို့လယ်ကောင် ကုန်သည်လမ်းပေါ်ရှိ Tower, Lift, Line Phone ၄လုံး၊ 5 Aircons၊ ကိုယ်ပိုင် ADSL internet, ၁၅၀၀ sqft, Office Furniture များပါ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၁၅၄၇၉၀
(ရုံးချိန်အတွင်းသာ)

ဈေးနှုန်း-3500L (ညှိနှိုင်းမည်)

ဖခင်အမည်မှန်

မသဲအိလှိုင် နဝမတန်းကျောင်းသူ မင်္ဂလာဒုံမြို့နယ်၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း[၁၄/မအပ(နိုင်)၂၁၅၈၇၂]ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်)၊ မြေတိုင်းရပ်ကွက်(၄၅)၊ မြေကွက်အမှတ်(၉၅၇)၊ ဆည်မြောင်းလမ်း၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်တိုက်ခံ အိမ်တစ်လုံး၊ ရေ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်လတ်လတ်ကျော်[၁၂/ဗဟန(နိုင်)၀၂၄၅၅၀]ထံမှ ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသောသူများ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတရားဝင်စာချုပ်စာတမ်း အထောက်အထားများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဆန်းနိုင်[၁၄/ဒဒရ(နိုင်)၁၀၈၃၈၉]
ဖုန်း-၀၉-၇၃၁၂၁၀၅၀၊ ၀၉-၂၅၀၀၁၀၀၇၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃အီး၊ မြေကွက်အမှတ်-V-၃၀၊ မြေကွက်တည်နေရာအမှတ်-၄၃၊ ဆင်မင်းလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံ(ဦးတင်ရွှေ၊ ဒေါ်နီနီမြင့်၊ ဒေါ်ခင်နန်းမြင့်၊ ဦးမောင်ညွန့်၊ ဦးကိုကို) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ရွှေ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဘီ(ခ)မသိန်းတင်[၁၂/အလန(နိုင်)၀၀၃၀၃၂]နှင့် သမီးဖြစ်သူ မယဉ်ယဉ်ဦး[၁၂/အလန(နိုင်) ၀၀၀၆၀၄]က ဒေါ်နီနီမြင့်၊ ဒေါ်ခင်နန်းမြင့်တို့၏ GP-၁၅၃၉/၃-၃-၀၅ဖြင့် လည်းကောင်း၊ ဦးမောင်ညွန့်မှ GP. ၁၆၅၆/ ၈-၃-၀၅ဖြင့်လည်းကောင်း လွှဲအပ်ခြင်းခံရသူ ဦးကိုကို[၁၂/အလန(နိုင်)၀၃၂၂၅၂]နှင့် တွဲဖက်၍ မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မြေခွန်ပြေစာမိတ္တူ၊ ကတိသစ္စာပြုလွှာ၊ GPမိတ္တူ၊ ဂရန်မိတ္တူတို့ တင်ပြပြီး ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူးလျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာ

ကျွန်တော်၏သမီးဖြစ်သူ မဝင်းလဲ့ဖြူ အသက်(၂၁)နှစ်သည် ၃၀-၁၀-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှလက်ဝတ်လက်စား အပြည့်အစုံဖြင့် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။ သမီး-အမေအသည်းအသန်ဖြစ်နေပါသည်။ အမြန်ပြန်လာပါ။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၅၁၄၀၂၀၆
ဖခင်-ဦးအောင်ဆန်း၊ မ/၆၉၃(ခ)၊ သခင်မြလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၃)၊ ဦးပိုင်အမှတ်(၃၀-က)(ခဲစင်း)၊ ၈၂လမ်း၊ ၄၃×၄၄လမ်းကြား၊ ဦးချစ်ထွန်း (ဇနီး)ဒေါ်တင်လှ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်မေသန်းဦး[၉/မရတ(နိုင်)၀၁၆၄၄၈]၊ ဒေါ်ဝါဝါ [၉/မရတ(နိုင်)၀၁၆၄၄၉]မှ အမှုတွဲအမှတ် ၀၃၆၉/ဘ(ခွဲ/ပြောင်း)/၂၀၁၃-၂၀၁၄ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ခွဲ/ ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နှာလမှာ

LABEX Hotel

8500771, 8500772, 8500773, 09 31608881, 09 31608880, 0931608883

ပျောက်ဆုံး

ကြည့်မြင်တိုင်မြို့နယ်အတွင်း TOYOTA ကား(စမတ်ကီး)တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါသည်။

ဖုန်း-၅၁၄၄၁၁၇

" ကန့်ကွက်နိုင်ပါသည် "

YE NOON & ASSOCIATES (Law Firm)

KMD Computer Centre

နိုင်ငံတကာအသိအမှတ်ပြု Diploma သင်တန်းနှင့် Degree သင်တန်းများ

အသက်မွေးဝမ်းကျောင်းအတွက် Computer Basic မှသည် Advance အထိ

Certificate သင်တန်းများ ကို လေ့ကျင့်လုပ်သင်ကြားပေးနေပါသည်။

Office 2010 (Basic, Advance)
10 Days Office
Layout Design
Graphic Design
AutoCount
Introduction to Internet
Digital Media Special Effect
Excel in Business Application
AutoCAD 2D, 3D (Version 2013)
Basic Mobile Course

လုပ်ငန်းခွင်ဝင်နိုင်ရန် On Job Training နှင့် ဗိုဘိုင်းဖုန်းအရောင်းသင်တန်းများတက်ရောက်နိုင်ပါသည်။

Tel : 381035/ 391286/ 220555/384268/ 700895/ 502233/ 527436/ 524400/541328

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ

ဦးကြည်မြင့်-ဒေါ်မေမေသက်တို့၏သားထွေး

မောင်သက်နိုင်စိုး

B.Sc(Physics) (IMT CD-29/CE-27)

3 rd Engineer(A.P Moller Maersk)

နှင့်

နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်နေ

ဦးအောင်မြင့်(အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်ထားထားမြင့်

တို့၏ တစ်ဦးတည်းသောသမီး

မအေးပြည့်စုံ

B.A (English) Y.U.F.L,M.A (TEFL)

Head of School (BRAINWORKS Preschool,TAMWE)

တို့သည် ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်မိဘများ၏ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

မောင်သက်နိုင်စိုး-မအေးပြည့်စုံ

GO & GO Travels and Tours

[illegible]	Nov 23, Dec 21, 28	[illegible]	Dec 14, 28
[illegible]	Nov 17, Dec 22	[illegible]	Dec 21
[illegible]	Nov 17, Dec 22	[illegible]	Nov 23, 27
[illegible]	Nov 28, Dec 28	[illegible]	Nov 23, 30
[illegible]	Nov 19, Dec 22	[illegible]	Dec 21, 27

4* Hotel (Nov 18, 25, Dec 9,16,23)

UK	Australia	USA	Europe	UK +3EU	Korea	Japan
Dec 28	Nov 25, Dec 23	Dec 23	Dec 27	Dec 28	Dec 14, 24	Dec 17

09402709876, 095154804, 09430 83166, 0943122659 (MDY)

ပေါ်ပြူလာ ခရီးသွားလုပ်ငန်း

ဝန်ထမ်း အမြန်အလိုရှိသည်

မော်တာဆားစက်ကျွမ်းကျင်	မ(၂)
မော်တာစက်ချုပ်ကျွမ်းကျင်	မ(၃)
အကူကျွမ်းကျင်	မ (၂)

လစာကောင်းပေးမည်၊ အိမ်ဆင်းဦးစားပေးမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၇၈၄၉၁၊ ၀၉-၄၉၂၇၁၀၅၀

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်နေ မော်လမြိုင်တက္ကသိုလ်မှ မခင်ဇာခြည်ဦး [၁၀/ကမရ(နိုင်)၀၉၆၆၆၄]၏ ဖခင် အမည်မှန်မှာ ဦးစိန်ထွန်း(ခ)ဦးငြိမ်းဖြစ်ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၅၁၄/ခ၊ မြေကွက်တည်နေရာအမှတ် (၁၅၁၄/ခ)၊ ထူပါရုံ၊ (၁၆)လမ်း၊ အရှေ့(၁)ရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်ညွန့်စိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်စိန်(မိခင်)နှင့် ဦးစိန်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ကြည်ကြည်သန်း(ခ)ကြည်ကြည်စန်း[၁၂/သကတ(နိုင်)၀၉၃၃၄၁]၊ ၂။ဦးအေးငွေ[၁၂/သကတ(နိုင်)၀၉၃၃၈၁]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

မှော်ဘီမြို့ အထက(တပ်ကြီးကုန်း)ကျောင်းမှ အဖ ဦးဗန်ကိမ်း၏ သမီးဖြစ်သူ သတ္တမတန်း (က)မှ မလွယ်ဒင်းပါရ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၉-၂၀၀၀နှင့် စတုတ္ထတန်း(က)မှ မထွယ်ရာ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၂၀၀၃ ဖြစ်ပါကြောင်း ကြော်ငြာပါသည်။

အများသိစေရန်ကြေညာခြင်း

ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ်(၁၈၊ ၂၀)၊ မြေပိုင်ရှင် ဦးကဒါဆွာမိမှ ကြေညာအပ်ပါသည်။ အထက်ပါအမှတ်(၁၈/ဘီ) မြေညီ၊ ၅၃လမ်း၊ အခန်း(၁၅ပေ×၆၀ပေ) အား လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဦးချမ်းသာ[၁၂/ပဘတ(နိုင်)၀၀၁၅၀၄] နှင့် မအေးအေးမော်[၁၂/ကတတ(နိုင်)၀၀၈၈၃၃] ဖြစ်ပြီး အမှတ်(၂၀)ခန်း၊ (၆)လွှာ၊ ၅၃လမ်း၊ ပေ(၂၀×၆၀) အခန်းလက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးနိုင်[၁၂/ကတတ(နိုင်)၀၁၉၇၄၂] ဖြစ်ကြောင်း အများသိရှိစေရန်နှင့် အခြားမည်သူနှင့်မျှမသက်ဆိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးကဒါဆွာမိ[၁၂/ပဇတ(နိုင်)၀၂၇၄၆၈]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ကျေးဇူးတင်လွှာ

၃-၁၁-၂၀၁၃ရက်တွင် မိုးကုတ်မြကျွန်းသာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မေမေ **'ဒေါ်ရင်ရင်မေ'**၏ (၇၈)နှစ်ပြည့်မွေးနေ့မင်္ဂလာပွဲတွင် အနုမောဒနာတရား ချီးမြှင့်ပေးပါသော မိုးကုတ်မြကျွန်းသာကျောင်းတိုက် ဆရာတော် ဒေါက်တာအရှင်ပါရမီနှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရွှေတိဂုံကုန်းတော် သာသနာ့ဝေယျာဝစ္စအသင်းသူ၊ အသင်းသားများ၊ မွေးနေ့မင်္ဂလာအား အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆရာတော် ဦးကုသလ (မဂ္ဂင်တောရကျောင်း)နှင့် သဒ္ဒါထွန်းကုမ္ပဏီလီမိတက်မှဝန်ထမ်းများ၊ ဦးသိန်းဝင်း-ဒေါ်ဝင်းဝင်းမြင့်မိသားစု၊ အကျွေးအမွေးများဖြင့် လိုလေသေးမရှိ ဆောင်ရွက်ပေးကြပါသော ဦးကြည်အေးနှင့်မိုးကုတ်မြကျွန်းသာ သာသနာ့ဝေယျာဝစ္စအဖွဲ့၊ အန်တီ ဒေါ်ရင်ကြည်(မြောက်ဥက္ကလာ)နှင့်အဖွဲ့၊ ဝိုင်းဝန်းလှူဒါန်းပေးပါသော စေတနာရှင်များ၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော ဦးသန်းလွင်နှင့်အဖွဲ့၊ ဖိတ်စာရိုက်နှိပ်ပေးပါသော "ပြည့်နေဝန်းပုံနှိပ်တိုက်"မှ ကိုသော်ဇင်ဦးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

အဓိကအားဖြင့် အခုလို ကျေးဇူးဆပ်ခွင့်ရအောင် ဒီနေ့ဒီအချိန်ထိ သက်ရှိထင်ရှားရှိနေပေးပါသော "ဖေဖေ ဦးဘစိန်နှင့် မေမေ ဒေါ်ရင်ရင်မေ"တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဦးကျော်အေး-ဒေါ်အေးသိင်္ဂီဦးမိသားစု
သဒ္ဒါထွန်းကုမ္ပဏီလီမိတက်

ကျောက်ဆည်အသင်း(ရန်ကုန်)
(၁၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဘုံကထိန်သင်္ကန်းကို အောက်ဖော်ပြပါ နေ့ရက်အချိန်နှင့်နေရာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များမှ အသင်းဝင်များအားလုံးနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဒေသနွယ်ဖွားများ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၁၁-၂၀၁၃ရက်၊ (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်)
အချိန် - နံနက် ၉ နာရီမှ ၁၂နာရီထိ
နေရာ - ကျောက်ဆည်အသင်း(ရန်ကုန်)ဓမ္မာရုံဗိမာန်တော်ကြီး
(အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။)

လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် တက်ရောက်လာသူအားလုံးတို့အား နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး အသင်း၏ ၂၀၁၄ခုနှစ် ပြက္ခဒိန်များကို မေတ္တာလက်ဆောင် ချီးမြှင့်မည် ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြေညာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီး စေတီတော်မြတ်ကြီး၏ စုဒ္ဒသမ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၇ရက်မှ လပြည့်နေ့) ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဇာတ်ရုံ၊ လက်ဝှေ့ရုံ၊ ရဟတ်ကြီးနေရာ၊ ဓာတ်ပုံဆိုင်များ၊ စက်ဘီး၊ ဆိုင်ကယ်အပ်ဌာန၊ လျှပ်စစ်မီးကန်ထရိုက်၊ ပျံကျဈေးကောက် ဆိုင်ခန်းများကို အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ သတ်မှတ်ရက်အမီ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာမှာ
မဟာရွှေစည်ကြီးစေတီတော်၊ ကန့်ဘလူမြို့
ဖုန်း-၀၇၅-၂၇၀၁၈၊ ၀၉-၆၄၆၆၂၃၈

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်
အချိန် - ညနေ ၁၆း၀၀ နာရီ
နေရာ - ဂေါပကအဖွဲ့ရုံးခန်း

ဂေါပကအဖွဲ့
မဟာရွှေစည်ကြီးစေတီတော်၊ ကန့်ဘလူမြို့

Cambridge ...... Instructor ...... Cambridge
GETC
Opening in November
Basic English
Communicative English
General English New
Business English New
537895,502775,530097
www.getc-languageschool.com

AC-Express
Saloon Hi-Ace
Emerald Myanmar
Car Rental Service
09-49589762
09-49589764
09-73078625

ပဲခူးမြို့၊ အထက(၂)
(၂၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ပဲခူးမြို့၊ အထက(၂) (၂၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ပူဇော်ပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

(၁) ဆရာဦးမြင့်သန်း(ရန်ကုန်)	ဖုန်း-၀၁-၅၀၃၀၆၉
(၂) ဦးမြို့(ရန်ကုန်)	ဖုန်း-၀၉-၅၁၈၄၉၄၉
(၃) ဦးကြင်လှိုင်(ဥက္ကဋ္ဌ) (ပဲခူး)	ဖုန်း-၀၉-၅၃၀၀၃၃၀
(၄) ဒေါ်စန်းတင်(ပဲခူး)	ဖုန်း-၀၅၂-၂၂၀၅၅
(၅) ဦးထွန်းမင်း(ပဲခူး)	ဖုန်း-၀၉-၄၃၀၀၇၅၃၄

ကျင်းပရေးကော်မတီ

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း
ဆရာကြီးပီမိုးနင်း အမှတ်တရဂုဏ်ပြုဟောပြောပွဲ

မြန်မာစာပေသမိုင်း၌ ထင်ရှားကျော်ကြားသော မြန်မာစာရေးဆရာကြီး ပီမိုးနင်း၏ နှစ်(၁၃၀)ပြည့်အမှတ်တရ ဂုဏ်ပြုပူဇော်ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၉-၁၁-၂၀၁၃ ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ
နေရာ - ဂုဏ်ထူးမြန်မာစာခန်းမ
အမှတ်(၁၈၈)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊

ဟောပြောမည့်သူ
ဒေါ်သီသီထွင်(မြန်မာစာပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)
ဒေါ်ခင်သန်းဦး(မမိုးမြေ)၊ (မြန်မာစာပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ပုသိမ်တက္ကသိုလ်)
ဟောပြောမည့်အကြောင်းအရာ - ဆရာကြီးပီမိုးနင်း၏ဘဝနှင့်စာပေ

လမ်းမဘေး မြေကွက်အကျယ်ရောင်းမည်
(၁) (၆၀×၁၀၀)ပေ ဂရန်မြေ
(၂) လမ်းမကြီးပေါ်
(၁၂၀×၆၀)ပေ ဂရန်မြေ
(၃) လမ်းမကြီးပေါ် (၂၅) ပေ
(၁၀၀×၂၅၀)ပေ
ဆက်သွယ်ရန် - ၀၉-၅၁၂၃၇...၊ ၀၉-...

အမည်ပြောင်း

ကျွန်တော် မောင်အေးမင်း[၁၂/တမန(နိုင်)၁၁၀၈၂၂]အား ယနေ့မှစ၍ မောင်အေးမင်း(ခ)မောင်ထွန်းအောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မြေကွက်ရောင်းမည်

ဒဂုံတက္ကသိုလ်အနီး၊ ပေ(၄၀×၆၀)
(ပွဲစားမလို)
(၅၉)သိန်း (ရောင်းဈေး)

ဖုန်း-၀၉-၄၂၀၂၂၅၀၂၇

ဦးငွေသန်းနှင့်အများသိစေရန်ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ်-၃/ခ၊ ၃/ဃ၊ ၃/င၊ ၃/စ နှင့် ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် တရားမကြီးမှုအမှတ်-၂၆၁/၂၀၁၁တွင် ဦးငွေသန်းနှင့်ဒေါ်တင်အေးပါ-၂၁ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် ဖော်ပြပါရှိသော မြေနှင့်ပတ်သက်၍ တရားပြိုင် အမွေရပိုင်ခွင့်ရှိသူတစ်ဦးဖြစ်သူ ကျွန်မဒေါ်ခင်လှ၏ သဘောတူညီမှုမရှိဘဲ ကျန်အမွေဆိုင်အချို့မှ အမှုအတွင်း လွှဲပြောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသဖြင့် ကျွန်မ၏ခွင့်ပြုချက်မရှိဘဲ အဆိုပါ အမွေဆိုင်မြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးကန့်ကွက်ကြေညာအပ်ပါသည်။

ဒေါ်ခင်လှ(CD-၀၂၅၂၇၂)
အမှတ်(၂၀၉)၊ ၃၉လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၉၂၄၆

အများသိစေအပ်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၅၀)၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်တွင် (၁၃)နှစ်သားအရွယ်မှစ၍ နေထိုင်ခဲ့သော ဖခင် ဦးဟန်ရှိန် မှတ်ပုံတင်အမှတ် CE-၀၃၃၇၉၇သည် (၁၉၉၃)ခုနှစ်ကွယ်လွန်နှင့် မိခင် ဒေါ်နှင်းယု မှတ်ပုံတင်အမှတ် CE-၁၀၀၆၇၉၊ ၁၂/ဗဟန(နိုင်)၀၀၅၅၃၅ သည် (၂၀၀၃)ခုနှစ် ကွယ်လွန်တို့သည် ယင်းအိမ်တွင် နေထိုင်ခဲ့ကြပါသည်။ ယင်းမိဘနှစ်ပါးမှ (၁) ဒေါ်အေးမြင့် ၁၂/ဗဟန(နိုင်)၀၂၀၅၆၇၊ (၂)ဒေါ်စိန်စိန်မြင့် ၁၂/ဗဟန(နိုင်)၀၁၄၀၃၀၊ (၃)ဒေါ်နုတင်ထွေး ၁၂/ဗဟန(နိုင်)၀၂၉၈၅၆၊ (၄) ဦးဝင်းထွန်း ၁၂/ဗဟန(နိုင်)၀၈၈၈၄၁၊ (၅) ဦးတင်ထွန်း၁၂/ဗဟန(နိုင်)၀၁၉၁၆၅(ကွယ်လွန်)၊ (၆) ဒေါ်အေးအေး ၁၂/ဗဟန(နိုင်)၀၀၀၇၄၉ သားသမီး(၆)ဦး ထွန်းကားခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း
အမှတ်-၂၁၀(ခ)၊ မြေညီထပ်၊ ၃၆လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၄၁၃၀
ပထမအကြိမ် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ ပထမအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၁၂-၁၁-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်၁၄ရှိ တိ-နိကျောင်းတိုက် ရွှေရတုသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံတွင် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်) ၉-၁၁-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း လာရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

အများသိစေရန် ကြေညာချက်
...
LL.B, H.G.P, Criminal Diploma, Certificate of Business Law, Diploma in Business Law

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ၅၊ မြေကွက်အမှတ် ၃၃ V ၅၆၊ မြေကွက်တည်နေရာအမှတ်-၃၃၊ ၁၄၁လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေ(ဦးညွန့်အောင်) အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်အောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အုံးမြင့်[၁၂/တမန(နိုင်)၀၄၉၁၅၇]က ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဘီ၊ မြေကွက်အမှတ်-၄၇၉၊ ၄၈၁၊ မြေကွက်တည်နေရာအမှတ်(၄၇၉၊ ၄၈၁)၊ စံပယ်လမ်း၊ ဒေါ်ဝင်းဏီ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းဏီ[၁၂/ဒဂန(နိုင်)၀၀၄၁၁၂]မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

NOK AIRLINES ၏
လွယ်ကူအဆင်ပြေစေမည့်
ဗန်ကောက်(ဒွန်မောင်း)
ခရီးစဉ်များ
30kg အထိ
အခမဲ့
Yangon - Bangkok
Bangkok - Yangon
Ground Floor, Unit 0105, Sakura Tower, No.339,
Bogyoke Aung San Road, Kyauktada Township, Yangon
For more information please call 95 1 255050 | www.nokair.com
NOK AIRLINES

3K BATTERY
ပြည့်စုံချမ်းသာ ဆုပေါင်းများစွာ
ကျပ်သိန်းပေါင်း ၄၅၀ ကျော် ဆုကြီးများကို ရယူပါ
ပထမဆု - Honda fit (၁) စီး
ဒုတိယဆု - ရွှေ (၁) ကျပ်သား (၃၃) ဆု
တတိယဆု - Samsung Galaxy SIII အလုံး (၃၀)
အသွင်သစ်နှင့် ဘဝသစ်ဆီ 3K BATTERY
ကံစမ်းမဲကာလ ၂၀၁၃ ခုနှစ် စက်တင်ဘာလ မှ နိုဝင်ဘာလ အထိ
ကံစမ်းမဲဖွင့်လှစ်ပေးမည့်ရက် - ၅.၁၂.၂၀၁၃ (စနေနေ့)

PARAMI General Hospital

မွေးရာပါ နှလုံးရောဂါ၊ နှလုံးအပေါက်ပါ ကလေးများနှင့် ကလေးနှလုံးရောဂါဆိုင်ရာ ကုသမှု

အထူးအစီအစဉ်အနေဖြင့် [illegible]

ကျွန်တော်တို့ [illegible] ထိုင်းနိုင်ငံ [illegible]

ကလေးနှလုံးအထူးကု ဆရာဝန်ကြီးကိုယ်တိုင် နိုဝင်ဘာ(၁၀)ရက်နှင့်(၁၁)ရက်နေ့တွင်

လာရောက်ကြည့်ရှုပေးမည်။ ထို့ပြင် ထိုင်းနိုင်ငံ [illegible]

စမ်းသပ်ကုသမှုကို ဈေးနှုန်း အခမဲ့ ကုသမှုပေးမည်ဖြစ်ပါသည်။

ကြိုတင်ရက်ချိန်းယူပါရန်

[illegible]

“ ကုန်အမှတ်တံဆိပ်သတိပေးကြေငြာချက် ”

[illegible] SHWE AYER NADI LTD. [illegible]

(IV-[illegible]) (IV-[illegible]) Laser Sign (IV-[illegible]) (IV-[illegible]) (IV-[illegible]) (IV-[illegible]) (IV-[illegible])

[illegible] “Laser Ice”, “Laser Sign”, “Laser 3 [illegible]”, “Laser [illegible]”, “Laser [illegible]” နှင့် “Laser [illegible]” [illegible] Shwe Ayer Nadi Ltd. [illegible]

[illegible]

VE NOOS & ASSOCIATES (Law Firm)

[illegible]



ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းမြင့်ဦး၏ 4 Ticket လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၈၉၁၆၀**

ရောင်းမည် (မြေကွက်)

ကျိုက်ဝိုင်းဘုရားလမ်း၊ (၄၅×၆၀)ပေ 7000L

အင်းစိန်လမ်း(သမိုင်း) ပေ(၂၀×၄၀) 2700L

ဖုန်း-၅၀၁၈၀၇၆၊ ၃၁၅၄၈၃၄၈ (ပွဲစားမလို)

ကျေးဇူးဆပ်ပါမည်

ဦးကျော်မြင့်လွင်[၁၂/ဥကတ(နိုင်)၀၀၈၇၀၇]၏ မြန်မာနိုင်ငံသား Passport No.M 388687 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၃၃၃၃၇၂၅၇၊ ၀၁-၅၅၅၂၃၃**

ဦးမောင်မောင်(TTE-၀၅၀၄၉၈)၊ အမှတ်(၅၄)၊ အနော်မာ(၁၇)လမ်း၊ အရှေ့(၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်နေထိုင်သူအား အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်။ အနော်မာ(၁၇)လမ်းအရှေ့၊ အိမ်အမှတ်(၅၇)နေ ဦးတင်လှ(TTE-၀၅၀၄၉၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်အမှုသည်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၈၅၈/၁၉၉၅ လွှဲအပ်ပေးထားမှုအပေါ် အခွင့်ကောင်းယူ၍ ကျွန်ုပ်အမှုသည်၏ ဥပဒေပါအခွင့်အရေးများကို နစ်နာဆုံးရှုံးစေသည့် အပြုအမူများ ပြုလုပ်ခဲ့သောကြောင့် လူကြီးမင်းအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါသည်။ ယင်းသို့ ရုပ်သိမ်းလိုက်သည့်နေ့မှစ၍ ကျွန်ုပ်အမှုသည်၏ အမည်ပေါက်ပိုင်ဆိုင်မှုများနှင့် အမည်မပေါက်သော ပိုင်ဆိုင်မှုများဖြစ်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအပေါ် လူကြီးမင်းအနေဖြင့် စီမံခန့်ခွဲ ဆောင်ရွက်ပိုင်ခွင့်မရှိတော့ပါကြောင်းနှင့် အကယ်၍ ကျွန်ုပ်အမှုသည် သိရှိခြင်းမရှိဘဲ ဆက်လက်စီမံခန့်ခွဲ ဆောင်ရွက်နေပါက တရားဥပဒေနှင့်အညီ တရားစွဲဆို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဦးမောင်မောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်သိန်း(စဉ်-၃၀၀၀)	**ဒေါ်ခင်လတ်လတ်စိုး(စဉ်-၈၅၂၆)**
LL.B.,D.B.L	**LL.B,(Q),LL.M,B.A(Business Law)**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်အိအိမောင်မောင်(စဉ်-၄၂၀၈၉)
LL.B,Dip in Chinese(YUFL)
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၉၅၉၆၊ ၀၉-၇၃၀၂၁၂၇၇၊ ၀၉-၄၅၀၀၀၅၇၂၈

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ဒေါ်ခင်မေကြည်(ခ)မယု(ဘ)ဦးကျော်မြင့်[၉/မတရ(နိုင်)၀၆၇၈၅၇]၊ (Paing Phyo Thiha Trading Company Limited)အကွက်(၅၃၁)၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ သတိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို မန္တလေးမြို့တော်၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် ၂၉-၉-၂၀၁၃ ရက်စွဲပါ ကြေညာစာတမ်းစာချုပ်၊ စာချုပ်အမှတ်(၂၂၃၁/၂၀၁၃)ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်ပုံသဏ္ဍာန်မှာ အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက တောင်ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တင်သွင်းဖြန့်ချိသည့် အမျိုးသား၊ အမျိုးသမီးသုံး အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့အား ထည့်သွင်းထုပ်ပိုးရောင်းချရာ၌ အသုံးပြုသည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူအိတ်၊ ဂျပ်ဘူး စသည့်ထုပ်ပိုးပစ္စည်းများပေါ်တွင် ရိုက်နှိပ်၍သော်လည်းကောင်း၊ ကပ်နှိပ်၍သော်လည်းကောင်း၊ ကြော်ငြာအချပ်ပိုများ၊ ကြော်ငြာဆိုင်းဘုတ်များကို ရိုက်နှိပ်စိုက်ထူ၍လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ဖော်ပြပါ "MUKUNGHWA" ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်ပစ္စည်းများပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပ၍သော်လည်းကောင်း၊ ပုံတူကူး၍သော်လည်းကောင်း၊ ထုတ်လုပ်ခွင့်၊ ကပ်နှိပ်ရောင်းချခွင့်၊ ဖြန့်ချိခွင့်တစ်စုံတစ်ရာမရှိပါကြောင်းနှင့် ထိုကဲ့သို့ အလားတူ ကုန်ပစ္စည်းများပေါ်တွင် ယခုကြေညာထားသည့် ကုန်အမှတ်တံဆိပ်ကို အတိအလင်းသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားအသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် သုံးစွဲခြင်းတို့ ဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်တို့မိတ်ဆွေဘက်မှ တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးခင်မောင်	**ဦးမင်းလွင်**
B.A(Hist).,H.D.P.,R.L(II),D.B.L	**H.G.P,LL.B(Advocate)**
ဥပဒေအကျိုးဆောင်ရှေ့နေ(စဉ်-၁၀၉၂၁)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၇၇)**
အမှတ်(၂၀၇)၊ အောင်နန်းရပ်ကွက်၊	**အမှတ်(၆၈)၊ ရတနာလမ်း၊ မင်းရပ်၊**
မြစ်ကြီးနားမြို့	**မြစ်ကြီးနားမြို့**
ဖုန်း-၀၉-၆၄၀၁၀၈၁၊ ၀၉-၂၄၀၀၄၂၅	**ဖုန်း-၀၉-၄၇၀၀၀၇၀၃၊ ၀၉-၂၄၀၁၉၀၀**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်စမ်းစမ်းနု[၁၁/စတန(နိုင်)၀၁၉၁၃၉]ကိုင်ဆောင်သူ၏ သမီးဖြစ်သူ မမြတ်အေးစံ[၁၁/စတန(နိုင်) ၀၅၂၂၁၃]သည် မိဘ၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ၃-၁၁-၂၀၁၃ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်စမ်းစမ်းနု
[၁၁/စတန(နိုင်)၀၁၉၁၃၉]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းရေတာရှည်လမ်းဟောင်း၊ တိုက်နံပါတ်(၁)၊ အခန်းနံပါတ်(၁)နေ ဦးစိန်ထွန်းသာ[၁၁/မတန(နိုင်)၀၀၄၈၆၈]-ဒေါ်ခင်သန်းကြည်[၁၁/မတန(နိုင်)၀၀၄၈၆၇]တို့၏သား မောင်မင်းဇော်[၁၁/မတန(နိုင်)၀၁၉၄၃၅]သည် မိဘတို့၏ အကြိမ်ကြိမ်ဆိုဆုံးမှုကို မနာခံဘဲ မိဘတို့အား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ၁၃-၁၀-၂၀၁၃ ရက်တွင် ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ယနေ့ကြေညာသည့်ရက်မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးစိန်ထွန်းသာ-ဒေါ်ခင်သန်းကြည်



ပရဟိတကလေးများဘဝ
ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ(ဘ/က)(လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေး၊ ဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၃-၂၀၁၄ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူ ကလေးပေါင်း(၂၅၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း **အမာခံငွေပင်ငွေရင်း** ကျောထောက်နောက်ခံ မရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး၊ ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များလိုအပ်ခြင်း၊ ကျောင်းသူ မိန်းကလေးအိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများလိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၄၉၃၁၅၃၇၀၊ ၀၉-၃၆၂၂၄၆၄၉၊ ၀၉-၄၂၅၃၃၉၀၆၇
၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ (၂၇)လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈
၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော်၊ Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု
ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀
၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ဘောဂဗေဒ)၁၉၈၄ခုနှစ် သူငယ်ချင်းများ
စတုတ္ထအကြိမ်ပြန်လည်တွေ့ဆုံပွဲ

သူငယ်ချင်းတို့ရေ ငါတို့ရဲ့ စတုတ္ထအကြိမ်မြောက် ပြန်လည်တွေ့ဆုံပွဲကို ဒီလိုထူးထူးခြားခြား စီစဉ်ထားတယ်။

-တို့စာသင်နှစ်က ဆရာများကို ကန်တော့မယ်
၂၈-၁၂-၂၀၁၃ရက်(စနေနေ့) နံနက် ၉နာရီ၊ M-3 Food Center(စမ်းချောင်း)
-သူငယ်ချင်းများ ပျော်ရွှင်စွာ မိတ်ဆုံစားမယ်
၂၈-၁၂-၂၀၁၃ရက်(စနေနေ့) ည ၆နာရီ၊ ရွှေဘဲစားသောက်ဆိုင်၊ ကန်တော်မင်ပန်းခြံ
-၁၉၈၄ခုနှစ်၊ ဘောဂဗေဒအနေနဲ့ တို့တွေ စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲမှာ စတုဒိသာကျွေးကြမယ်
၂၉-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် စီးပွားရေးတက္ကသိုလ်(ပင်မ)၊ (၄၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

တစ်နှစ်တစ်ခါ ပျော်ရွှင်စွာ ပြန်လည်ဆုံဆည်းကြတဲ့ပွဲဖြစ်တဲ့အပြင် ဒီနှစ်မှာမှစပြီး တို့တွေရဲ့ဆရာတွေကို ကန်တော့ကြမှာမို့ မပျက်မကွက် လာရောက်ဖို့နဲ့ နီးစပ်ရာသူငယ်ချင်းတွေကို စုစည်းအကြောင်းကြားပေးကြပါ။

ကိုစိုင်းသက်နိုင်မိုး-မအေးမိစံ (၀၉၅၁၂၄၅၄၀)	**ကိုကျော်သန်းစော (၀၉၅၀၃၅၃၉၁)**
ကိုထွန်းလင်းကြည် (၀၉၅၁၄၉၈၀၆)	**ကိုခင်မောင်ကြည်(မန္တလေး)(၀၉၆၅၀၀၂၉၃)**
ကိုသာဒင် (၀၉၇၃၀၅၄၉၉၁)	**မယဉ်ယဉ်ထွေး(မီးမီး) (၀၉၇၃၀၉၄၂၄၀)**
ကိုစိန်လှသိန်း (၀၉၅၀၅၀၈၇၉)	**မအေးအေးလှိုင် (၀၁-၅၂၂၄၈၈)**
ကိုစိုးပိုင်-မခင်မျိုးသိန်း (၀၉၅၄၀၀၁၂၅)	**မဖြူဖြူအိ (၀၉၇၃၀၁၂၉၃၇)**
ကိုမြင့်အေး(မန္တလေး) (၀၉၄၀၂၅၉၅၅၂၆)	**ကိုစိုးလွင်(ရွှေဘို) (၀၉၂၀၀၀၃၉၄)**



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့